



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com


www.burmeseclassic.com




၈၉၅.၈၃
တြိစကူ
ပိုးရွှေတောင်၊ တောင်လုံးကျော် မော်ဝင်ကြီး.../ တြိစကူ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၄၅ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ၊
(၁) တြိစကူ

ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊

အတွင်းဖုံးနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊
ပထမအကြိမ် ၂၀၁၃ ဇွန်၊
(မတ်လ)၊ အုပ်ရေ (၅၀၀)၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ဘဝတစ်လျှောက်လုံးမှာ
ရယူချင်တာတွေများပြားခဲ့ပေမယ့်
စွန့်လွှတ်ခဲ့တာတွေကတော့
မဆိုစလောက်ပဲ ရှိနေဦးမှာပါ..။

- ဒီတစ်ဘဝအတွက်
သေခြင်းတရားဖြင့် ပေးဆပ်ခြင်းဟာ
နောက်တစ်ဘဝအတွက်
ရယူခြင်းရဲ့နိဒါန်းလည်း ဖြစ်ပါတယ်

- ဘဝရဲ့လွတ်လပ်ခြင်း ဆုံးရှုံးမှုဟာ
ပျော်ရွှင်မှုအနှစ်သာရ ဆုံးရှုံးတာနဲ့
အတူတူပင်ဖြစ်ပါတယ်..
လွတ်လပ်ခွင့်ရသူဟာ အခြားဘာမှမရပေမယ့်
ပျော်ရွှင်မှုကိုတော့ မလွဲမသွေရနိုင်ပါတယ်။

# ဒဿနလက်ဆောင်

- တံခါးတစ်ချပ် ပိတ်နေချိန်မှာ
အခြားတံခါးတစ်ချပ်က ပွင့်နေတတ်ပါတယ်
ပိတ်နေတဲ့တံခါးကို အချိန်အကြာကြီး
စောင့်နေမယ့်အစား ပွင့်နေတဲ့တံခါးကပဲ
အဆင်ပြေသလို ဝင်သွားသင့်ပါတယ်။

- အချိန်ကာလကို လှည့်စားသည့်အရာမှာ
အချစ်ပင်ဖြစ်ပေသည်။
အချစ်နှင့် အဆင်ပြေနေလျှင်
အချိန်ကအရေးမကြီးလှတော့ပေ..။

- အမှန်းကို အချိန်တိုတိုနဲ့ ရပ်တန့်နိုင်ပြီး
အချစ်အတွက်အချိန်များများပေးနိုင်သူဟာ
စိတ်ရဲ့ပျော်ရွှင်အင်မှုရရှိစေနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ရွှေသည်မှတ်ကျောက်အတင်ခံဝံ့သည်။
ဆင်းရဲခြင်းသည် ချစ်ခြင်းမေတ္တာကို
စမ်းသပ်ပေးနိုင်သလို
ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်ကို
အချိန်က အဆုံးအဖြတ်ပေးနိုင်ပါတယ်။

- အိမ်ထောင်ရေးတစ်ခုဆိုတာ
ချစ်သူဘဝမှာ မတွေးဖြစ်ခဲ့တဲ့
ဘဝဒဿနတွေနဲ့ ထပ်ဖြည့်ပေးရမယ့်
ခရီးရှည်တစ်ခုပါပဲ...။

- ပညာဉာဏ်နှင့်ပြည့်စုံသူက တစ်စုံတစ်ခုမပြောမီ
သူဘာပြောသင့်သည်ကို စဉ်းစားပြီးမှပြောသည်။
ပညာမဲ့သူက ပြောချင်တာပြောပြီးမှ
သူဘာပြောမိသည်ကို
ပြန်တွေးကြည့်တတ်သည်။

BURMESE CLASSIC .com


# ဒဿနလက်ဆောင်


- လူသားတစ်ယောက်အတွက်
အချိန်တစ်ခုကိုတော့ ပိုင်ဆိုင်ခွင့်ရနိုင်သည်။
အခြားပိုင်ဆိုင်ခွင့်မတူညီစေကာမူ
စွန့်ခွာခြင်းရလဒ်ကိုတော့
အတူတူပိုင်ဆိုင်ခွင့်ရကြလေသည်။

- ဘဝအတွက် လမ်းပြပေးနိုင်သည့်
အရာနှစ်ခုရှိပါတယ်
တစ်ခုက အသိပညာဖြစ်ပြီး
နောက်တစ်ခုတရားမှမှန်ဖြစ်ပါတယ်။

- သင့်အနေနှင့် ရွေးချယ်ခွင့်ရမည်ဆိုပါက
လူတကာထက်ပိုကောင်းအောင်ကြိုးစားမှာလား
လူတကာတွေအားလုံး ပိုကောင်းလာအောင်
ကြိုးစားပေးမှာလား...။

www.burmeseclassic.com

www.burmeseclassic.com

# (စာရေးသူ၏ အမှာစာ)

စာပေလောကတွင် အစောဆုံးပေါ်ပေါက်ခဲ့သော ဝတ္ထုအမျိုးအစားမှာ တစ္ဆေပုံပြင်များပင်ဖြစ်သည်။

ကမ္ဘာ့စာပေလောကမှာတော့ "Gothic Novel Supernatural Tale" ဟုခေါ်ဝေါ်ကြသည်။

၁၉ရာစုအစောပိုင်းကာလမှာ ထွက်ခဲ့ပြီး ယခုအချိန်ထိ ပုံပန်းသဏ္ဍာန်အမျိုးမျိုးဖြင့် အောင်မြင်နေဆဲပင်ရှိသေးသည်။

ယနေ့ကမ္ဘာပေါ်၌ရောင်းအားအကောင်းဆုံး စာရင်းဝင် "ဟယ်ရီပေါ်တာ" ဝတ္ထုတွဲများမှာ ထိုဝတ္ထုအမျိုးအစားပင်ဖြစ်၏။

နောက်ပိုင်းမှာတော့ စုံထောက်ဝတ္ထုများနှင့်၊ စွန့်စားခန်းဝတ္ထုများပေါ်ပေါက်လာသည်။ ၎င်းတို့ကို လျှို့ဝှက်သည်းဖို ဝတ္ထုအမျိုးအစားအဖြစ် သတ်မှတ်ကြသည်။

လျှို့ဝှက်သည်းဖိုသည် အင်္ဂလိပ်ဘာသာဖြင့် "Mystery and Suspence"ဟူသော စကားမှ ယူထားခြင်းဖြစ်၏။

မြန်မာစာဖတ် ပရိတ်သတ်များအနေဖြင့် စုံထောက်ဝတ္ထုများနှင့် စတင်ထိတွေ့ကြခြင်းမှာ ဆရာကြီး ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား အပါအဝင်ဆရာကြီးတို့၏ ကျေးဇူးကြောင့်ပင်ဖြစ်ပေသည်။

ဆရာကြီးများက တိုက်ရိုက်ဘာသာပြန်ခြင်းထက် မြန်မာစကားပြေအရေးအသားမျိုးဖြင့် ပြန်လည်ရေးသားသောအခါ စာဖတ်ပရိတ်သတ်များ များစွာနှစ်သက်ခဲ့ကြသည်။

အဂ္ဂါအယ်လင်ပိုး၊ ချား(လ)(စ)ဒစ်ကင်း၊ ဆာအာသာကွန်နင်ဒွိုင်း ဆာရိုက်ဒါဟတ်ဂတ် စသောစာရေးဆရာကြီးများတို့၏ မူရင်းဝတ္ထုများကို ဘာသာပြန်မြန်မာမှုပြုလျက် ရေးသားသောမြန်မာဝတ္ထုများမှာ ယခုထိ အကြိမ်ကြိမ်ရိုက်နေရဆဲပင်ရှိသေး၏။

ထို့ကြောင့် ဂန္ထဝင်စာပေ၊ လျှို့ဝှက်သည်းဖိုစုံထောက်စာပေနှင့် စွန့်စားခန်း ဝတ္ထုအမျိုးအစားတို့မှာ ယနေ့တိုင် ရှင်သန်နေရခြင်းဖြစ်၏။

ကျွန်တော့်အနေဖြင့် ထိုသုံးမျိုးစလုံးကို ရေးသားသည်

www.burmeseclassic.com

www.burmeseclassic.com

ဆိုသော်လည်း "ဂမ္ဘီရစာပေ" ကိုတော့ အရေးများခဲ့ပါသည်။

ယခုဝတ္ထုသည် ဆန်းကြယ်သောစုံထောက် ဝတ္ထုအမျိုးအစားဖြစ်ပါသည်။

ထိုစာအုပ်ရေးသားရာမှာ သုတနှင့်ဆိုင်သော အချက်အလက်များကိုအောက်ပါစာအုပ်အချို့မှ မှီငြမ်းကိုးကားရေးသားခဲ့ပါသည်။

(၁) မျက်လှည့်၏လျှို့ဝှက်ချက်များ၊ (ဦးလှရီ)
(၂) ဦး (စက္ကောမ)
(၃) လောကီအမှတ်သင်္ကေတများ (စံဇာဏီဘို)
(၄) ဒဏ္ဍာရီထဲကကျောက်မျက်များ (သိန်းပိုင်)
(M. Engg. Geol)

ကျမ်းပြုပညာရှင်တို့ကို ကျေးဇူးတင်ပါကြောင်းလည်း မှတ်တမ်းတင်ပါသည်။

စာဖတ်သူများကိုယ်စိတ်နှစ်ဖြာ ကျမ်းမာချမ်းသာကြပါစေ။

စာဖတ်သူတို့ မေတ္တာရိပ်အောက်မှ ......

(တြိစက္က)

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) – အလဲမဲ့ခံရပြီးကျေနပ်နေကြသူများ
အခန်း(၂) – မောရိယသို့ပထမဆုံးညွှန်သည်
အခန်း(၃) – ပိုးရွှေတောင်နှင့်လျှို့ဝှက်ချက်များ
အခန်း(၄) – သံလက်ဓာတ်ကျွန်းသို့သွားကြခြင်း
အခန်း(၅) – ချန္ဒရာဘို့(စ)လမ်းမှရက်စက်သောလူသတ်မှု
အခန်း(၆) – လူသတ်မှုနှင့်သဲလွန်စကွင်းဆက်များ
အခန်း(၇) – လူသတ်တရားခံဘယ်သူလဲ
အခန်း(၈) – သဲလွန်စများနောက်ခြေရာကောက်လေသော်...
အခန်း(၉) – ပိုးရွှေတောင်နှင့်လောကီအစီအရင်သင်္ကေတများ
အခန်း(၁၀) – သေသူဝိညာဉ်နှင့်ပြန်တွေ့ရခြင်း
အခန်း(၁၁) – သစ်ပင်ပေါ်မှဦးခေါင်းတစ်လုံး
အခန်း(၁၂) – တောနက်တွင်းမှအသက်လုပွဲ
အခန်း(၁၃) – လျှို့ဝှက်ပုစ္ဆာအဖြေရှာကြည့်ခြင်း
အခန်း(၁၄) – ရင်ထဲမှမော်ဝင်ကြိုး


www.burmeseclassic.com

www.burmeseclassic.com





(အခန်း - ၁)

# အလိမ်ခံရပြီး ကျေနပ်နေကြသူများ

တစ်နေ့သ၌ နံနက်ပိုင်းအချိန်တွင် ဈေးနှင့်မနီးမဝေးလှသောနေဘက်မှ ဆူဆူညံညံအသံအချို့ ပေါ်ထွက်လာသည်။

ဆူဆူညံညံတီးမှုတ်နေသည့် အသံတို့မှာ ဗုံသံ၊ လင်းကွင်းသံနှင့် ပလွေသံတို့ပင်ဖြစ်သည်။

နေရာမှာ ဈေးနှင့်နီးသော နေရာတစ်ဝိုက်ဆီမှဖြစ်သည်။ ထိုနေရာတစ်ဝိုက်တွင် မျက်လှည့်ပြရန်အတွက် ပြင်ဆင်နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လှည့်ပြမည့်သူက မြေကွက်ပေါ်မှာ စည်းဝိုင်းကျယ်တစ်ခုဝိုင်းထားပြီး အလယ်တွင် အနီရောင်ပိတ်စဖောင်းတစ်ခုခင်းသည်။

ထိုပိတ်စပေါ်တွင် ထင်းရှူးသေတ္တာပုံးအပါအဝင် မျက်လှည့်ပြရာတွင် အသုံးပြုမည့် ပစ္စည်းများကို ချထားသည်။

သေတ္တာပုံးတစ်ခုပေါ်မှာတော့ ကန်တော့ပွဲတစ်ခု ထိုးထားပြီး ဖယောင်းတိုင်အမွှေးတိုင်များ ထွန်းထားသည်။

ထိုနေရာနှင့် မနီးမဝေးနောက်ဘက်မှာတော့ တပည့်များက ဗုံတီးသူတီး၊ လင်းကွင်းတီးသူတီး၊ ပလွေမှုတ်သူကမှုတ်နေကြလေသည်။

နံနက်ပိုင်းလူစည်ကားသောအချိန်များတွင် ဈေးနှင့်မနီးမဝေး သို့မဟုတ် ကျွန်အရောင်းအဝယ် ပြုလုပ်သော ပန်းခြံအနီးတစ်ဝိုက်တွင် နေ့စဉ်နေ့တိုင်း မြွေအလမ္မာယ်ပြသူများ မျက်လှည့်ပြသူတို့ ရောက်လာလျက် ပြသကြသည်။

ပြီးလျှင် မြွေဆေး၊ အခြားဆေးများရောင်းချကာ ဝိုင်းသိမ်းကြသည်။

တူဂလီမြို့ ပတ်ဝန်းကျင်တွင် ထိုကဲ့သို့ မျက်လှည့်ပြမြွေအလမ္မာယ်ပြ စီးပွားရှာသူများစွာ ရှိကြသည်။

ဟူဂလီ၌ . ဟိန္ဒူဘာသာဝင်များစွာ နေကြသော်လည်းနောက်ပိုင်းမှာတော့ မူစလင်များ ဝင်ရောက်လာသည်။

အင်္ဂလိပ်များ သိမ်းပိုက်ခဲ့ပြီးသော နောက်ပိုင်းမှာတော့အင်္ဂလိပ်များအပါအဝင် အခြားဒေသမှ လူမျိုးပေါင်းစုံတို့ဝင်





ရောက်နေထိုင်လာသဖြင့် စည်ကားရှုပ်ထွေးလှသော ပင်လယ်ကမ်းခြေမြို့တစ်မြို့ ဖြစ်လာခဲ့သည်။

အင်္ဂလိပ်များမလာခင် ရှေးနှစ်ပေါင်းများစွာက ပေါ်တူဂီကုန်သည်များ အဝင်အထွက်များသောနေရာ တစ်နေရာဖြစ်ပြီး ကျွန်ကုန်ကူးသောလုပ်ငန်းများနှင့် ပင်လယ်ဓားပြ လုပ်ငန်းတို့ များစွာလုပ်ကိုင်ခဲ့ကြသည်။

ပင်လယ်ဓားပြအလုပ်နှင့် ကျွန်ကုန်ကူးသောလုပ်ငန်းတို့မှာ လက်နက်နှင့်လူအင်အားတောင့်တင်းပါက အကျိုးအမြတ်များစွာရနိုင်သော အလုပ်များဖြစ်သည်။

အဆင်မသင့်လျှင်တော့ အသက်ပေးရလေ့ရှိသည်။ နောက်ပိုင်းတွင် ကျွန်ကုန်ကူးသောအလုပ်များ လျော့နည်းသွားသောအခါ ပင်လယ်ဓားပြအလုပ်ကို ဦးစားပေးလုပ်ခဲ့ကြရာတွင် ဟူဂလီမြို့သည် စခန်းထောက်နေရာ၊ စခန်းချသောနေရာဖြစ်ခဲ့သည်။

နယ်ခဲ့မျက်နှာဖြူတို့ကလည်း အခြားကိစ္စများကို အာရုံစိုက်နေသောကြောင့် ပင်လယ်ဓားပြအလုပ်ကို ဥပေက္ခာပြုထားခဲ့ကြသည်။

နောက်ပိုင်း အခြေအနေ တည်ငြိမ်သောအခါမှ ပင်လယ်ဓားပြများကို လိုက်လံဖမ်းဆီးရာ တဖြည်းဖြည်းနှင့်ပပျောက်သွားခြင်းဖြစ်ပေသည်။

နောက်ပိုင်းမှာတော့ ကျွန်ကုန်ကူးသောလုပ်ငန်းများပင်လယ်ဓားပြလုပ်ငန်းတို့ တဖြည်းဖြည်းနည်းပါးသွားသည်ဆို



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း လျှို့ဝှက်စွာဖြင့် ဆက်လက်လုပ်ကိုင်နေကြသူအချို့ ကတော့ ရှိနေကြဆဲပင်. . ।

ထို့ကြောင့်လည်း ဟူဂလီမြို့သည် လူမျိုးပေါင်းစုံတို့ အဝင်အထွက်အသွားအလာများသော နေရာဖြစ်သည်။ တည်ရှိသောနေရာမှာ အိန္ဒိယနိုင်ငံအရှေ့တောင်နှင့် မြန်မာနိုင်ငံအနောက်မြောက်ထောင့် ပင်လယ်ကမ်းခြေချိုင့်ဝှမ်းဒေသတွင် ရှိလေသည်။

ဟူဂလီသည် လူမျိုးပေါင်းစုံသလို စရိုက်မျိုးစုံသော နေရာလည်းဖြစ်သည်။

ဒုစရိုက်မှုများကလည်း မိုးဦးကျရာသီတွင် ကောက်ရိုးပုံပေါင်းနေရာမှပေါက်လာသော မှိုပွင့်များကဲ့သို့သော်လည်းကောင်း၊ ဒီရေတောများ၌ရှိသော သင်ပေါင်းဗျိုက်တောထဲတွင် မိုးဦးကျတွင် ပေါက်လေ့ရှိသော ဖားများကဲ့သို့သော်လည်းကောင်း ပေါများလှသည်။

မျက်နှာဖြူအစိုးရမှ အုပ်ချုပ်သည်ဆိုသော်လည်း တင်းတင်းကျပ်ကျပ်မရှိသောကြောင့် ဒုစရိုက်မှုများက တစ်နေရာမဟုတ်တစ်နေရာတွင် တစ်မျိုးပြီးတစ်မျိုး၊ တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေလေ၏။

ထိုနေရာတွင် နည်းမျိုးစုံတို့ဖြင့် စီးပွားရှာဖွေမှု လွယ်ကူသဖြင့် အနယ်နယ်အရပ်ရပ်မှ ဒုစရိုက်သမားများလည်း ရှိနေကြသည်။

လူတစ်ယောက်၏ အသက်ကို ရက်ရက်စက်စက်သတ်





ရမှာကိုပင် ဝန်မလေးကြပေ. . ။

လူသတ်၊ ဓားပြတိုက်၊ ခိုးမှု လုယက်မှုများကို ပြုလုပ်ဝံ့သူများရှိသလို နည်းအမျိုးမျိုးဖြင့် လိမ်စားနေကြသူတို့လည်း ပေါများသည်။

ထိုကဲ့သို့ဆိုးသွမ်းသော ဒုစရိုက်သမားတို့ မည်သည့်နေရာများမှ ရောက်လာကြသနည်းဆိုလျှင်. . ယခင်က ပင်လယ်ပြင်မှာ ပင်လယ်ဓားပြအလုပ်ဖြင့် အသက်မွေးသူတို့မှာ ခေတ်မကောင်းတော့သောအခါ လူစုခွဲပြီး သင့်သလိုရှာဖွေစားသောက်ကြရာမှ ဟူဂလီမြို့တွင် လာရောက်စုမိနေကြခြင်း ပင်ဖြစ်၏။

နံနက်ပိုင်းအချိန်ရောက်လာလျှင် ကမ်းနားလမ်းတစ်ဝိုက်၊ ဈေးရှိသောနေရာတစ်ဝိုက်နှင့်၊ ယခင်ကကျွန်အရောင်းအဝယ်ပြုခဲ့ကြသည့် ပန်းခြံတစ်ဝိုက်တို့တွင် လူများကြိတ်ကြိတ်တိုးစည်ကားနေသည်။

ဆိပ်ကမ်းတစ်ဝိုက်တွင် ပင်လယ်ထွက်မည့် စက်လှေများ၊ အိန္ဒိယနိုင်ငံဘက်သို့သော်လည်းကောင်း၊ မြန်မာနိုင်ငံဘက်သို့သော်လည်းကောင်း၊ ရက်ပတ်နှင့်ထွက်သော ပင်လယ်ကူးသင်္ဘောများရှိသောကြောင့် ပိုမိုစည်ကားသည်။

ထိုနေရာတစ်ဝိုက်တွင် အစားအသောက်ရောင်းချသော ဆိုင်များနှင့် တည်းခိုခန်းတို့လည်း နေရာအတော်များများမှာရှိသည်။

နံနက်ပိုင်း လူစည်ကားသောအချိန်တွင် ဆိပ်ကမ်းနှင့်မနီးမဝေးအစွန်ဘက်မှာရှိသော စားသောက်ဆိုင်အတွင်းသို့ ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆင့်နောက်ဆင့်ဆိုသလို လူနှစ်ယောက်ဝင်လာကြသည်။ နှစ်ယောက်စလုံး အသက်(၃၀)ပတ်ဝန်းကျင် အရွယ်ခန့်ရှိပြီး. . . ဘောင်းဘီ၊ အင်္ကျီကုတ်အင်္ကျီတို့ကို ဝတ်ဆင်ထားကာ သက္ကလတ် ဦးထုပ်ကိုယ်စီ ဆောင်းထားကြသည်။

အသက်အရွယ်ရော ပုံပန်းသဏ္ဌာန်ပါ များစွာတူညီသူနှစ်ယောက်တို့သည် စားသောက်ဆိုင်ထဲသို့ ရောက်လာကြခြင်းဖြစ်၏။

တစ်ယောက်က အခန်းထောင့်နေရာမှ ချထားသော စားပွဲမှာသွားရောက်ဝင်ထိုင်ပြီး စားပွဲထိုးကုလားကို လှမ်းခေါ်လိုက်လေသည်။

စားပွဲထိုးကုလား အနားရောက်လာသောအခါ. .

“ဘာမှာမလဲ ဆရာ”

“ငါ့အတွက် ကော်ဖီခါးခါးတစ်ခွက်နဲ့ ပေါင်မုန့်ကြက်ဥကြော်တစ်ပွဲယူလာခဲ့ဟေ့”

ထိုသို့မှာပြီး အပေါ်အင်္ကျီအိတ်ထဲမှ ကပ္ပိတန်စီးကရက်ဘူးနှင့်မီးခြစ်ကို ထုတ်ယူလိုက်သည်။

ပြီးနောက် စီးကရက်တစ်လိပ်ကို ထုတ်ယူပြီးမီးညှိကာ စိမ်ပြေနပြေဖွာနေသည်။

သူထိုင်နေသောထိုင်ခုံမှာ ပြတင်းပေါက်နားမှာ နီးသောကြောင့် ထိုနေရာမှအပြင်ဘက်သို့ ကြည့်ပါက ဆိပ်ကမ်းတစ်ဝိုက်မှမြင်ကွင်းများကို လှမ်းမြင်နိုင်သည်။

ခဏကြာတော့ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပထမ





ရောက်လာသူနှင့် အသက်အရွယ်ရော အဝတ်အစားဆင်ပုံချင်းပါ တူသောလူရွယ်တစ်ဦးဝင်လာပြန်ကာ အခြားနေရာမှာထိုင်ခုံမရှိတော့သဖြင့် ပထမလူထိုင်သောစားပွဲမှာဝင်ထိုင်လေသည်။

“ဘာမှာဦးမလဲ ဆရာ. .”

စားပွဲထိုးကလာရောက်မေးသောအခါ ကော်ဖီခါးခါးတစ်ခွက်နှင့် ပေါင်မုန့်ကြက်ဥကြော်တစ်ပွဲ မှာပြန်သဖြင့် တအံ့တသြအမူအရာဖြင့်ကြည့်ပြီး ပြန်ထွက်သွားလေသည်။

နောက်မှရောက်လာသူကလည်း ကုတ်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးနှင့် မီးခြစ်ကိုထုတ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိသောက်နေပြန်သည်။

ထို့နောက်စီးကရက်ဘူးနှင့် မီးခြစ်ကို စားပွဲပေါ် တင်ထားလိုက်သည်။

ကပ္ပိတန်စီးကရက်ဘူးနှင့် ဇစ်ပိုမီးခြစ်ပင်ဖြစ်၏။ ပထမရောက်နေသူ စားပွဲပေါ်တင်ထားသည်မှာလည်း ကပ္ပိတန်စီးကရက်ဘူးနှင့် ဇစ်ပိုမီးခြစ်ပင်ဖြစ်သည်။ စီးကရက်ဘူးသာမကပဲ မီးခြစ်နှင့်အရောင်ပါ တူနေခြင်းဖြစ်၏။

ခဏကြာတော့စားပွဲထိုးက ၎င်းတို့နှစ်ယောက် မှာကြားထားသော အစားအသောက်တို့ကို သယ်ယူလာပြီး နှစ်ယောက်စလုံးရှေ့မှာ လာချပေးလေ၏။

ထိုအခါကော်ဖီသာမကပဲ ပေါင်မုန့်ကြက်ဥကြော်ပါ တူနေပြန်သဖြင့် တစ်ယောက်မျက်နှာတစ်ယောက် မော့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပထမရောက်နေသူ. . .

"ကျွန်တော်တို့နှစ်ယောက်က အကြိုက်ချင်းအတော်တူ
တာပဲ"

ထိုအခါ ဒုတိယဝင်လာသူကပါ ပြုံးပြီး. . .

"ဟုတ်ပါရဲ့ တိုက်တိုက်ဆိုင်ဆိုင် အစားအသောက်တွေ
သာမကဘူး စီးကရက်ဘူး၊ မီးခြစ်ကအစ တူနေတာကရော
မထူးဆန်းဘူးလား"

ဟု ပြန်ပြောလေသည်။

"ဒါတင်ဘယ်ကမလဲဗျ၊ ဝတ်လာတဲ့အဝတ်အစားတွေ
သာမကဘူး ဆောင်းလာတဲ့ဦးထုပ်ပါ တစ်ပုံစံတည်း တူနေတာ
ကရောဗျာ. . ."

"မှန်ပါပေ့ဗျာ. . ခင်ဗျားနဲ့ကျွန်တော်က အကြိုက်ချင်း
ကတော့ အတော်ကလေးတူပုံရတယ်၊ ဒါပေမယ့် စိတ်ကူးချင်းက
တော့ တူပုံမရဘူး"

ဒုတိယလူစကားကြောင့် ပထမလူမှာအနည်းငယ်အံ့ဩ
သွားဟန်ရှိသော်လည်း စကားမဆက်တော့ပဲ စားပွဲပေါ်မှာ
ရောက်နေသော ပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီစသည်တို့ကို
မြိန်ရေရှက်ရေစားသောက်လေသည်။

ဒုတိယလူကလည်းဘာမှဆက်မပြောတော့ပဲ သူ့ရှေ့မှာ
ရောက်နေသော အစားအသောက်တို့ကို စားသောက်နေသည်။
ထိုကဲ့သို့ စားသောက်ပြီးသောအခါမှ နောက်ထပ်စီးကရက်တစ်





လိပ်စီထုတ်ယူကာ မီးညှိလိုက်သည်။

တစ်ဖွာနှစ်ဖွာ ဖွာပြီးတော့မှ ဒုတိယလူက စကားပြန်
ဆက်သည်။

"ဒါထက် ခင်ဗျားကြည့်ရတာ ပန်းခြံဘက်တမျက်လှည့်
ဝိုင်းတွေဆီ စိတ်ရောက်နေပုံရတယ်"

"ခင်ဗျား ဘယ်လိုသိသလဲ"

" လူကသာ ဒီနေရာမှာထိုင်နေပေမယ့် ခင်ဗျားအာရုံ
တွေက အသံကြားတဲ့ဘက်တို ရောက်နေတယ်ဆိုတာ မျက်လုံး
တွေက သက်သေခံနေတယ်၊ စိတ်နဲ့လူနဲ့ မကပ်တော့ လုပ်သမျှ
လည်းနည်းနည်းလွဲနေတာပေါ့"

"ဘာများလွဲနေလို့လဲဗျ. ."

"စီးကရက်ဘူးကို အရင်ကောက်ယူရမယ့်အစား၊ မီးခြစ်
ကို အရင်လှမ်းယူတာမျိုးပေါ့၊ ဒါပေမယ့် ခင်ဗျားအာရုံက ဟို
ဘက်ရောက်သွားသလို ကျွန်တော့်ဆီကိုလည်း ရောက်နေသေး
တယ် မဟုတ်လား"

"မှန်တယ်လို့ ဝန်ခံရမှာပဲ. . ခင်ဗျားဘယ်သူလဲ နာမည်
ကော သိခွင့်ရှိရင် သိချင်ပါတယ်. ."

ဟု ပြောလိုက်လေသည်။

"အခုမှတွေ့ကြဆုံကြတယ်ဆိုပေမယ့် ခင်ဗျားနဲ့ ကျွန်
တော်နဲ့က လူချင်းရော အကြိုက်ချင်းပါတူနေတော့ မိတ်ဆွေဖြစ်
သင့်တာပေါ့ဗျာ၊ ကျွန်တော်နာမည်က တောင်လုံးကျော်လို့ ခေါ်
ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်က အဆန်းပါလား"

"ငယ်နာမည်တော့ ရှိပါတယ်၊ မောင်ဘသော်လို့ခေါ်တယ်"

"တောင်လုံးကျော်ဆိုတာ ဘယ်လိုကြောင့်ပေးထားတာလဲ"

"တစ်တောင်လုံး ကျော်ချင်တဲ့ သဘောပေါ့၊ ဒါထက်ခင်ဗျား နာမည်ကဘယ်သူများလဲ. ."

"ဒေါက်တာမင်းထင်ကျော်. . ."

"ဒါပေမယ့် ခင်ဗျားကဆရာဝန် တစ်ယောက်တော့မဟုတ်ပါဘူး"

"ဘယ်လိုကြောင့်လဲ"

"ဆရာဝန်တွေက လူတစ်ယောက်ကိုကြည့်ရင် ရောဂါလက္ခဏာရှာဖွေတဲ့ အကြည့်မျိုးနဲ့ ကြည့်လေ့ရှိတယ်၊ စုံထောက်တွေ ပုလိပ်တွေကတော့ တစ်ယောက်ယောက်ကိုကြည့်ရင် မသင်္ကာတဲ့ အကြည့်မျိုးနဲ့ ကြည့်တတ်ကြတယ်ဗျ. . ."

"လူတိုင်းတော့ ခင်ဗျားပြောသလိုမျိုး ဟုတ်မယ်မထင်ဘူး"

"လူတစ်ယောက်ဟာ သာမန်အကျင့်တစ်ခုကို ဖုံးကွယ်ထားလို့ရပေမယ့် အသက်မွေးဝမ်းကျောင်းပြုတဲ့အလုပ်နဲ့ သက်ဆိုင်တဲ့အမူအကျင့်တွေကိုတော့ ပျောက်ဖျက်လို့မရနိုင်ကြဘူး။ ဇာတ်သမားတစ်ယောက်ဟာ ဆိုင်းသံကြားတာနဲ့ လက်ကလေးတော့လှုပ်လိုက်မှ အဝင်ကျတာကိုး. ."





ဟု ပြောပြရာဒေါက်တာ မင်းထင်ကျော်က စိတ်ထဲမှ များစွာသဘောကျမိလေသည်။

"ဒါပေမယ့် ခင်ဗျားမှာ စူးစမ်းလေ့လာချင်တဲ့စိတ်၊ ဘယ်အရာမျိုးအဆို အလွယ်တကူ မယုံတတ်တဲ့စိတ် အများနဲ့ ဆန့်ကျင်တဲ့ဘက်ကနေ စဉ်းစားတွေးခေါ်တတ်တဲ့စိတ်တွေတော့ ရှိပါတယ်"

ဟုပြောပြီး တောင်လုံးကျော်က စားပွဲထိုးကို လှမ်းခေါ်ပြီးကျသင့်သောငွေကို ရှင်းပေးသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း သူ့အတွက်ကျသင့်သောပိုက်ဆံ တစ်ခါတည်းရှင်းပေးပြီး နေရာမှထသည်။

"ခင်ဗျားမျက်လှည့်ဝိုင်းတွေရှိတဲ့ဘက် သွားမှာမဟုတ်လား၊ ကျွန်တော်နဲ့အတူတူ သွားကြတာပေါ့"

ဟုပြောပြီး နှစ်ယောက်သားဆိုင်ထဲမှ ထွက်လာကြသည်။ စားသောက်ဆိုင်ထဲမှာ ရှိနေကြသူများကတော့ သူတို့နှစ်ယောက်ကိုကြည့်ပြီး ထင်ရာမြင်ရာ ပြောဆိုနေကြလေသည်။

နံနက်ပိုင်းအချိန်ဖြစ်သောကြောင့် ဈေးရှိသောနေရာနှင့်ပန်းခြံတစ်ဝိုက်မှာလူစည်ကားလျက်ရှိသည်။

ဟိန္ဒူ၊ မူစလင်၊ ရခိုင်စသောလူမျိုးတို့ကို အများဆုံးတွေ့ရပြီး ထိုအထဲတွင် အခြားလူမျိုးအချို့ကိုလည်း တွေ့ရသည်။

ထိုအထဲတွင် မျက်နှာဖြူ အချို့လည်း တွေ့ကြရသဖြင့် တောင်လုံးကျော်ကပင် ထိုနေရာဘက်သို့ ဦးဆောင်ခေါ်သွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]တွေရော လူမည်းတွေရောပါ ရောထွေးလျက်ရှိသည်။ [illegible]ရောက်တော့ လူများဝိုင်းအုံနေသော မျက်လှည့်ဝိုင်းတစ်ဝိုင်းတွေ့ရသည်။

"မျက်လှည့်ဆိုမှတော့ အစကတည်းက သူဘာလုပ်မယ်ဆိုတာ အသိပေးထားပြီးမှပဲ၊ ကိုယ့်ကိုလိမ်ညာတော့မယ်မှန်းသိနေပါရက်နဲ့ ဘာများစိတ်ဝင်စားစရာရှိလို့လည်းဗျာ. . ."

တောင်လုံးကျော် တိုးတိုးပြောသည်။

"သူတို့အလုပ်က လိမ်ပါမယ်လို့အသိပေးပြီးမှ အလိမ်ခံရတဲ့သူမသိအောင်၊ ခံရပေမယ့် ကျေကျေနပ်နပ်နဲ့ ဖြစ်သွားအောင် လိမ်ပြနိုင်တာကိုက ပညာပဲ. . အသိမပေးပဲ လိမ်ရတော့ ကောက်ကျစ်တယ်လို့ဆိုနိုင်ပေမယ့်၊ အသိပေးပြီးမှ လိမ်တာကိုတော့ ပညာပြတယ်လို့ဆိုနိုင်ပါတယ်. . ."

"အင်း. . ဟုတ်ပေသားပဲ. . ."

ထိုသို့ပြောဆိုပြီး ၎င်းတို့နှစ်ယောက်မှာ အခြားသူများနည်းတူ မျက်လှည့်ဝိုင်းနံဘေးမှရပ်ကာ ဝင်ကြည့်ကြသည်။

မျက်လှည့်ပြနေသောလူမှာ အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး. . အနက်ရောင်ရင်ဖုံးအကျီ၊ ဘောင်းဘီပွပွတို့ကို ဝတ်ဆင်ထားပြီး. . နဖူးမှာလည်းအနက်ရောင် ပဝါတစ်ထည် စည်းထားသည်။

သူသည်ပရိတ်သတ်များ ဘက်သို့လှည့်ပြီး. . .

"အခုအချိန်က ကျုပ်ရဲ့ပညာနဲ့ တိုက်ဆိုင်တဲ့သူ တွေ့ရမယ့်အချိန်ဖြစ်ပါတယ်၊ ဈေးကပြန်လာတဲ့လူတွေမှာ ဘဲဥကြက်ဥ





ဝယ်ပြီးပြန်လာတဲ့လူများရှိရင် ကျုပ်တို့ကြက်ဥတစ်လုံးလောက်ပေးပါ. ."

ဟု တောင်းလေသည်။

ထိုအခါ လက်ဝတ်လက်စားအချို့ ဝတ်ထားသောအမျိုးသမီးတစ်ယောက်က ရှေ့သို့တိုးထွက်လာပြီး ဈေးခြင်းတောင်းထဲမှကြက်ဥတစ်လုံး ထုတ်ပေးလိုက်သည်။

"ဒီမှာဆရာကြီး ကျွန်မဆီကယူပါ"

ဟုပေးလေရာ မျက်လှည့်ဆရာက လှမ်းယူလေသည်၊ ပြီးနောက် မျက်လှည့်ကြည့်နေသူများ မြင်သာအောင် ကြက်ဥကိုထောင်ပြသည်။

"ဒီကြက်ဥက အခုမှဈေးကဝယ်လာတဲ့ ကြက်ဥတစ်လုံးဖြစ်တယ်ဆိုတာ စစ်ဆေးကြည့်နိုင်ပါတယ်"

ဟု ပြောဆိုကာ စည်းဝိုင်းအပြင်ဘက်မှ ရပ်ကြည့်နေသော ပရိသတ်များကို လိုက်ပြသည်။

ပရိသတ်များကလည်း မှန်ကန်ကြောင်းဝန်ခံကြသည်။ ထို့နောက်မှာတော့ မျက်လှည့်ဆရာက ထိုကြက်ဥကိုပင် အများရှေ့မှာထိပ်ကို ဇွန်းတစ်ချောင်းဖြင့် ဖွင့်လိုက်သည်။

ထိုသို့ဖွင့်ပြီးနောက် အပေါ်ဝကို လက်ဝါးဖြင့် အသာအုပ်ပြီး ဂါထာမန္တန်အချို့ကို ရွတ်ဆိုလေသည်။

ပြီးလျှင်တပည့်တစ်ဦးအား ပန်းကန်ပြားတစ်ချပ်ယူလာစေပြီး ကြက်ဥကို မှောက်ချလိုက်သည်။

"ဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. ."

အံ့သြပန်းကန်ပြားထဲသို့ ကြက်ဥအနှစ်များနှင့်အတူ ရွှေလက်စွပ်တစ်ကွင်းကျလာသည်။

မျက်လှည့်ဆရာက ထိုရွှေလက်စွပ်ကို ကောက်ယူပြီး စည်းဝိုင်းနံဘေးမှ ပရိသတ်တို့ကို စစ်ဆေးခိုင်းပြန်ရာ ရွှေလက်စွပ် အစစ်ဖြစ်ကြောင်း ဝန်ခံကြပြန်၏။

ထိုအခါ မျက်လှည့်ဆရာက ပြောသည်။

"ဒီကအစ်မကြီးရဲ့ ကြက်ဥတစ်လုံးကိုယူပြီး မျက်လှည့်ပြလိုက်တာ ကံကောင်းထောက်မပြီး ရွှေလက်စွပ်တစ်ကွင်းရပါတယ်. . .

သူ့ကြက်ဥကိုယူပြီး ဖျက်ဆီးမိတဲ့အတွက် အလျော်ပြန်ပေးရပါမယ်. .၊ ဒီလက်စွပ်ဟာ သူ့ဆီကယူတဲ့ ကြက်ဥထဲကရတဲ့ပစ္စည်းဆိုတော့ သူနဲ့ပဲထိုက်တန်ပါတယ် ဒါကြောင့် သူ့ကိုပဲ ပေးလိုက်ပါမယ်"

ဟု ပြောပြီး မျက်လှည့်ဆရာက လက်ထဲမှာကိုင်ထားသောရွှေလက်စွပ်ကို ကြက်ဥပိုင်ရှင်အမျိုးသမီးအားပေးလိုက်ရာ ပရိသတ်များလည်း လှုပ်လှုပ်ရွရွဖြစ်သွားကြလေတော့သည်။

အချို့လည်း ၄င်းတို့မှာပါလာသောကြက်ဥ၊ ဘဲဥတို့ကို ယခုကဲ့သို့ဖြစ်အောင် လုပ်ပေးပါရန် ဝိုင်းဝန်းတောင်းဆိုနေကြလေသည်။

ပရိသတ်များကလည်း တဖြည်းဖြည်းပိုများလာသောကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် မောင်ဘသော်တို့လည်း





အပြင်သို့ ပြန်ထွက်ကြရလေသည်၊

"မျက်လှည့်ဆရာကတော့ လူတွေရဲ့လောဘစိတ်ကို သူ့ပညာနဲ့လှုပ်ပေးလိုက်ပြီး. . လူတွေရဲ့စိတ်ထဲမှာ လောဘစိတ်ဝင်လာပြီးဆိုမှတော့ သူပြောတာမှန်သမျှ ယုံကြတော့မှာပဲ. ."

အပြင်ဘက်ရောက်တော့ ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"ဒါပေမယ့် သူလိမ်နေတာပဲ မဟုတ်လား"

"မှန်တယ်လေ အစကတည်းက မျက်စိကို လှည့်စားပြီး မျက်လှည့်ပြပါမယ်လို့ ပြောထားပြီးသားပဲ၊ အလိမ်ခံချင်လို့ဝင်တိုးနေကြတာမဟုတ်လား"

မောင်ဘသော်ကပြုံးမိနေသည်။

"ခင်ဗျားကြည့်နေတာပဲ သူဘယ်လိုလိမ်နေတယ်ဆိုတာ သိလိုက်ရဲ့လား"

"နှစ်ချက်ပဲရှိတယ် ဟိုမိန်းမကြီးဆီက ကြက်ဥနဲ့သူတို့ဆီကကြက်ဥကို လဲလိုက်တာပဲဖြစ်ဖြစ်၊ သူကိုပေးလိုက်တာကလည်း ရွှေအစစ်နဲ့လုပ်ထားတာမဟုတ်ပဲ အတုတစ်ကွင်းပေးလိုက်တာပဲ တစ်ခုခုဖြစ်မှာပါ"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ရယ်လိုက်သည်။

"ဒါမျိုးတွေကအများကြီးရှိပါတယ်၊ ကမ္ဘာကျော်မျက်လှည့်ဆရာကြီးတွေရဲ့ နည်းတွေထဲက သာမန်ပညာရပ်အဆင့်လောက်ပဲရှိပါတယ်၊ ဒါကြောင့်စောစောကပြောတာလေ ပညာနဲ့လိမ်ရင် အလိမ်ခံရတဲ့သူက ကျေနပ်တဲ့အပြင် ကျေးဇူးတောင်



www.burmeseclassic.com

www.burmeseclassic.com



တင်သေးတယ်ဆိုတာပေါ့"

ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်က တောင်လုံးကျော်အမည်ခံ မောင်ဘသော်ကိုနှုတ်ဆက်ပြီး ၄င်းနှင့်လမ်းခွဲကာ ထိုနေရာမှထွက်ခဲ့လေသည်။

မောင်ဘသော်ကတော့ တအံ့တသြအမူအယာဖြင့်. . နောက်ဘက်မှ လှမ်းကြည့်နေလေသည်။





(အခန်း - ၂)

# မောရိယသို့ ပထမဆုံးသွေ်သည်

နောက်တစ်နေ့နံနက်ပိုင်း အချိန်မှာလည်း ဆိုင်ထဲသို့ လူရွယ်တစ်ယောက် ဝင်လာလေသည်။

သူသည်တောင်လုံးကျော်အမည်ခံ မောင်ဘသော်ပင် ဖြစ်ပြီး သာမန်အဝတ်အစားတို့ကိုသာ ဝတ်ထားလေသည်။

ရှပ်အင်္ကျီအဟောင်း၊ ဘောင်းဘီအဟောင်းအစုတ်ထည်ကိုဝတ်ထားပြီး စီးထားသောဖိနပ်မှာလည်း အရှောင်းအဆင်းပင်



www.burmeseclassic.com

www.burmeseclassic.com



မပေါ်တော့လောက်အောင် ဟောင်းနွမ်းနေလေသည်။

မနေ့ကကဲ့သို့ ဇစ်ပိုမီးခြစ်၊ ကပ္ပိတန်စီကရက်ဘူးတို့မပါတော့ပဲ ဆေးပေါ့လိပ်တစ်လိပ်နှင့် သစ်သားမီးခြစ်ဘူးတစ်လုံးသာ ပါသဖြင့် သူထိုင်သောစားပွဲပေါ် တင်ထားလေသည်။

မနေ့ကဝတ်ဆင်လာသော အဝတ်အစားတို့နှင့် ယနေ့နံနက်ပိုင်းဝတ်လာသော အဝတ်အစားတို့မှာ အကွာခြားကြီးကွာခြားလေသည်။

မနေ့ကသခင်တစ်ယောက်ကဲ့သို့ သစ်လွင်တောက်ပြောင်သော အဝတ်အစားများဖြစ်သော်လည်း ယနေ့ဝတ်ဆင်လာသည့် အဝတ်အစားတို့မှာ ကျွန်တစ်ယောက်အဝတ်အစားမျိုးကဲ့သို့ ဖြစ်နေလေသည်။

သူသည်ထိုင်နေကျစားပွဲမှာပင် ဝင်ထိုင်ပြီးကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်ကြက်ဥကြော်တစ်ပွဲ မှာလိုက်သည်။

ထိုသို့မှာပြီးနောက် ဆိုင်ထဲသို့ မျက်စိတစ်ချက်ဝေ့ကြည့်လိုက်သည်။

သူတွေ့လိုသောသူ မတွေ့ရသဖြင့် စားပွဲပေါ်မှာချထားသောဆေးပေါလိပ်ကို ကောက်ယူကာသစ်သားမီးခြစ်နှင့် မီးညှိပြီး တစ်ဖွာနှစ်ဖွာဖွာလိုက်သည်။

ထိုအခိုက်မှာပင် သူစားပွဲသို့ အခြားတစ်ယောက်လာထိုင်သည်ကိုတွေ့သဖြင့် ပထမတော့ ဝမ်းသာသွားဟန်ရှိသည်။

နောက်တော့များစွာ အံ့ဩသောအမူအရာဖြင့် ပါးစပ်အဟောင်းသားဖြစ်သည်။





အဘယ်ကြောင့်ဆိုသော်. . .

သူ့ရှေ့မှာဝင်ထိုင်သူမှာ မနေ့ကတွေ့ခဲ့သော ဒေါက်တာမင်းထင်ကျော်ဖြစ်နေပြီး ၎င်းဝတ်လာသောအဝတ်အစားများမှာလည်း သူဝတ်လာသောအဝတ်အစားများကဲ့သို့ ဟောင်းနွမ်းနေသောကြောင့်ပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က လက်ထဲမှာကိုင်လာသောဆေးပေါလိပ်နှင့် သစ်သားမီးခြစ်ကို စားပွဲပေါ် တင်ထားလိုက်သည်။

ယုတ်စွအဆုံးဆေးပေါ့လိပ် အမှတ်တံဆိပ်ချင်းပင် တူနေသဖြင့်တောင်လုံးကျော်မှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က စားပွဲထိုးတစ်ယောက်ကိုခေါ်ပြီးပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီတစ်ခွက်မှာလိုက်လေသည်။

ပြီးမှစကားစသည်။

"ဘာကြောင့်များ ဒီလောက်အံ့ဩနေတာလဲမောင်ဘသော်ရဲ့ ဒီအတိုင်းပဲမဟုတ်လား"

"မှန်ပါတယ် မှန်ပါတယ် တစ်သဝေမတိမ်း တူပါပေတယ်၊ စိတ်ကူးချင်း တစ်ထပ်တည်း ကျပါပေတယ်၊ ဒါထက် မေးပါရစေဦး ဘယ်လိုစိတ်ကူးကြောင့်များ ကျွန်တော်နဲ့ တစ်ထေရာတည်းတူအောင် ပုံပြောင်းလာရတာလဲ"

ဒေါက်တာမင်းထင်ကျော်က ချထားသောဆေးပေါ့လိပ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မီးခြစ်ကိုပြန်ကောက်ယူ၍ ဆေးပေါ့လိပ်ကို မီးညှိကာတစ်ဖွာ နှစ်ဖွာ ဖွာလိုက်သည်။ ပြီးမှပြောပြသည်။

"ဆန့်ကျင်ဘက်အတွေးတွေဟာ တစ်ခါတစ်ရံမှာအမှန် တရားနဲ့ တစ်ထပ်တည်းမကျရင်တောင်မှ အတော့်ကိုနီးစပ်မှုရှိကြတာ တွေ့ရတယ်၊ ခင်ဗျားကို မနေ့ကတွေ့ကတည်းက သာမန်လူတစ်ယောက်မဟုတ်ဘူးလို့ တွေးမိပါတယ်၊ ခင်ဗျားလည်း ကျွန်တော်ကိုမြင်တော့ ဒီလိုပဲတွေးခဲ့မိတယ်မဟုတ်လား"

ခေါင်းတစ်ချက်ညိတ်ပြရင်း. . .၊

"အမှန်ပါပဲ. . ."

ဟုဝန်ခံလေသည်။

"တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်းဆက်သွယ်မှုရှိလို့ပဲဖြစ်စေ၊ စိတ်ဝင်စားလို့ပဲဖြစ်စေ နောက်တစ်ကြိမ်ပြန်တွေ့ရင် တိုက်ဆိုင်မှုဘယ်လောက်ရှိတယ်ဆိုတာ စမ်းသပ်ကြည့်ချင်ကြတော့လူ့စိတ်သဘောပဲ. .၊

ဒီလိုစမ်းသပ်ဖို့ စိတ်ကူးတဲ့အခါမှာ အမှန်အတိုင်းစိတ်ကူးတာထက်၊ ဆန့်ကျင်ဘက်ကို စိတ်ကူးတတ်တာလဲ. . . လူ့သဘာဝပါပဲ"

"မှန်ပါပေတယ်"

"ပထမတစ်ခါတွေ့တုန်းက အဖြူဆိုရင်. . နောက်တစ်ခါဆိုရင် အမည်းနဲ့စမ်းသပ်ကြည့်ကြတာမျိုးပေါ့၊ ဒါကြောင့် ဒီကနေ့မှာ မနေ့ကအဝတ်အစား အသုံးအဆောင်တွေနဲ့ ဆန့်ကျင်ဘက်တွေချည်း စမ်းပြီးသုံးလာခဲ့တာ၊ ဒါတွေရဖို့ အပေါင်းတန်း





သွားပြီ မနည်းရှာခဲ့ရတာ. ."

ထိုစကားကြားသောအခါ မောင်ဘသော်က ဒေါက်တာမင်းထင်ကျော်ပြောတာ အမှန်တွေချည်းဖြစ်ကြောင်း ဝန်ခံလျက် သဘောကျစွာရယ်နေသည်။

ထိုအခိုက်မှာပင် မှာကြားထားသော **အစားအ**သောက်များရောက်လာသဖြင့် စကားဖြတ်ကာ မြိန်ရေရှက်ရေစား သောက်ကြလေသည်။ စားသောက်ပြီးသောအခါ မောင်ဘသော်က ပြောသည်။

"ခင်ဗျားနဲ့တွေ့ရတာ စိတ်ကျေနပ်စရာပါပဲ. . .၊ ပထမတော့ လောကကြီးထဲမှာ ကျွန်တော့်လိုလူမျိုး ကျွန်တော်တစ်ယောက်ပဲ ရှိမယ်ထင်နေတာ၊ အခုမှပဲ နောက်တစ်ယောက် ရှိနေမှန်း သိရတော့တယ်"

"နောက်ထပ်လိုက်ရှာရင် အများကြီး တွေ့နိုင်ပါသေးတယ်"

"ဟုတ်မှာပေါ့လေ. . လောကကြီးဟာ ကျယ်ဝန်းသလောက်နေရာအနှံ့မှာ ဆန်းကြယ်မှုတွေ လျှို့ဝှက်ချက်တွေလည်း အများကြီးရှိနေမှာပါပဲ၊ ဒါထက် ဒီကနေ့ရော မျက်လှည့်ဝိုင်းတွေရှိတဲ့ဘက် သွားဦးမှာလား"

"သွားကြတာပေါ့ ဗဟုသုတရတာပေါ့လေ. . "

ဟု ပြောဆိုကာ မိမိတို့စားသောက်သော ကျသင့်သည့်ငွေကို အသီးသီးရှင်းပေးကြပြီးနောက် ဆိုင်အတွင်းမှ ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်းလူစည်ကားသော အချိန်ဖြစ်သဖြင့် နေရာအနှံ့မှာ မျက်လှည့်ဝိုင်းနှင့် မြွေအလမ္ပာယ်ပြပွဲများ ရှိနေကြသည်။ လင်းကွင်းသံ၊ ဗုံတီးသံ၊ ပလွေမှုတ်သံများ ကြားရုံဖြင့် ၎င်းတို့ရှိသောနေရာကို အလွယ်တကူ ရှာတွေ့နိုင်ကြလေသည်။

ပန်းခြံနားရောက်တော့ လူများဝိုင်းအုံကြည့်ရှုနေသော မျက်လှည့်ပွဲတစ်ခု တွေ့ရသည်။

သို့သော်မနေ့ကပြသော မျက်လှည့်ဆရာတော့ မဟုတ်တော့ပေ။

"မနေ့ကမျက်လှည့်ဆရာလည်း မဟုတ်ပါလား"

"သူတို့ကပရိသတ်ကို လိမ်ပြရတာဆိုတော့ တစ်နေရာထဲမှာ နေ့တိုင်းပြလို့မရဘူး၊ ခဏခဏပြနေလို့ ပရိသတ်က လှည့်ကွက်ချက်ကိုသိသွားရင် နောက်ထပ်လုပ်စားလို့ မရတော့ဘူး"

ဒေါက်တာမင်းထင်ကျော်နှင့် မောင်ဘသော်တို့နှစ်ယောက်မှာ ရှေ့သို့တိုးသွားပြီး လူအုပ်များရှေ့မှရပ်ကြည့်ကြသည်၊ မျက်လှည့်ဆရာက စက္ကူတစ်ရွက်ကို ဖြန့်ပြသည်။

"ဒါ ဆရာအစီအရင်နဲ့ လုပ်ထားတဲ့ စက္ကူဖြစ်ပါတယ်၊ အမိဋ္ဌာန်တင်ပြီး သိဒ္ဓိတင်ထားတာပါ၊ ဒီစက္ကူကိုလုံးပြီး မီးနဲ့ရှို့လိုက်တဲ့အခါ တန်ဖိုးရှိတဲ့ပစ္စည်း ရနိုင်ပါတယ်၊ ကျုပ်လက်တွေ့ပြပါမယ်"

ဟုပြောပြီး လက်ထဲမှာကိုင်ထားသော စက္ကူဖြူကို အရင်ဖြန့်ပြသည်။

လက်ကိုင်ပဝါ အရွယ်ခန့်ရှိပြီး အင်းစမကွက်များချထားသည်။ ဘာမှမပါသော ထိုစက္ကူကိုလုံးချေ၍ လက်ထဲမှာကိုင်ကာ ခန်းမှုတ်နေသေးသည်။ ပြီးမှ ထိုစက္ကူလုံးကို မီးရှို့ပြီး ပန်းကန်ပြားပေါ် တင်ထားလိုက်သည်။

စက္ကူလုံးပြာကျသွားသောအခါ ဝင်းလက်နေသော ခတ်လုံး ပေါ်လာသည်။

မျက်လှည့်ဆရာက ထိုခတ်လုံးကို ထိုက်သူရမည်ဟု ပြော၍ရောင်းရာ အလုအယက်ဝယ်ယူကြသည်။

ထို့နောက် အင်းစမချထားသော စက္ကူချပ်များကို လိုက်ရောင်းတော့လည်း ဝယ်ကြပြန်သည်။

မျက်လှည့်ဆရာက စက္ကူချပ်များကို လိုက်လံဝေငှနေစဉ်း ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်ရပ်နေသော နေရာရှေ့သို့ ရောက်လာသည်။

အဝတ်အစားအဟောင်းများ ဝတ်ထားသောသူတို့နှစ်ယောက်ကိုကြည့်ပြီး. . .

"ယူဦးမလား. . "

ဟု မေးသောအခါ ခေါင်းခါပြလိုက်သည်။ ပြီးမှ ပြန်မေးလိုက်သည်။

"ကျွန်တော်တို့လုပ်ရင်ကော ခတ်လုံးရနိုင်သလား"

"အမိဋ္ဌာန်အောင်ပြီးမှ လုပ်ရင်ရပါတယ်"

"နောက်တစ်ခုမေးပါရစေ"

"မေးပါ. ."

"ပိုးရွှေတောင် ဘယ်မှာရှိပါသလဲ"





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါပြကာ ထိုနေရာမှ ထွက်သွားလေသည်။ သူတို့နှစ်ယောက်လည်း မျက်လှည့်ဝိုင်းမှ ပြန်ထွက်လာကြလေသည်။

"သူပေးတဲ့စက္ကူနဲ့လုပ်ရင် ဓာတ်လုံးရမှာလား"

မောင်ဘသော်ကမေးသည်။

"သူလုပ်မှပဲ ရမှာပေါ့"

"ဘယ်လိုကြောင့်လဲ"

"ဘာမှမဟုတ်တဲ့ စက္ကူကို လိုက်ရောင်းကတည်းက စကားခံထားပြီးသားလေ. ."

"ဘယ်လိုစကားမျိုးလဲ. ."

"အစီရင်ခံအောင်ပြီးမှ ရမယ်ဆိုတာလေ. . မရတဲ့သူက နောက်တစ်ခါတွေ့လို့ပြောရင် 'အဓွန်မအောင်သေးလို့' ဆိုတဲ့ စကား ပြောလိုက်ရင်ပြီးတာပဲ၊ ဒီစကားက သူ့အတွက်ကာကွယ်ထားပြီးသားပဲ. ."

"ဒါဖြင့် သူလိမ်နေတာပေါ့"

"အစကတည်းက လိမ်ပါ့မယ်ဆိုပြီး၊ အလိမ်ခံချင်တဲ့သူတွေကို ဆိုင်းသံပေးခေါ်ပြီးမှ ပိပိရိရိလိမ်တာ သူ့မှာအပြစ်မရှိဘူး"

"ခင်ဗျား ဒီပညာတွေကို အတော်ကလေး နှံ့စပ်ပုံရတယ်၊ လျှို့ဝှက်ချက်တွေကိုလည်း သိနေပုံပဲ၊ ကျွန်တော်လည်း ဒီပညာတွေကို စိတ်ဝင်စားတယ်ဗျ. . . သူများကို လိမ်ချင်လို့တော့ မဟုတ်ပါဘူး၊ လျှို့ဝှက်ချက်တွေကို သိချင်တာပါ. ."

"ခင်ဗျားသိချင်ရင် ကျွန်တော်သိသမျှတော့ ပြောပြရဲ့





ချိုရပါတယ်. . ဒါပေမယ့် အချိန်တော့ယူရမယ်. ."

"ရပါတယ်. . ခင်ဗျား အခုဘယ်မှာတည်းနေသလဲ"

"တည်းခိုခန်းတစ်ခုမှာပါ. ."

"ဒီလိုဆိုရင် ကျွန်တော့်အိမ်မှာ လိုက်လာပြီး တည်းပါလား ကျွန်တော်ကတစ်ယောက်တည်းနေတာ"

"ဘယ်မှာနေတာလဲ"

"မြို့စွန်ဘက်မှာပါ၊ ခင်ဗျားရောက်လာတော့ စကားပြောဖော်ရတာပေါ့၊ နှစ်ပေါင်း(၁၅)နှစ်လောက် အချိန်အတွင်းမှာ ကျွန်တော်နေတဲ့အိမ်ကို ဖိတ်ကြားခံရတဲ့ ပထမဆုံးဧည့်သည်ဟာ ခင်ဗျားပဲဖြစ်မှာပါ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က လိုက်ရန်သဘောတူလိုက်လေသည်။

သည်နေရာတွင် မိဘများက တောကျော်၊ တောင်ကျော်အထိ ကျော်စောထင်ရှားစေရန်အတွက် တောင်လုံးကျော်ဟုအမည်ပေးထားခဲ့သော မောင်ဘသော်နှင့်ပတ်သတ်သော အကြောင်းအရာအချို့ကို ဦးစွာဖော်ပြပေးရပေမည်။

မောင်ဘသော်၏ မိဘများမှာ ယခင်ကချမ်းသာကြွယ်ဝသူများ ဖြစ်ခဲ့ကြသည်။

ဟူဂလီမြို့တွင် လူကုံထံစာရင်းဝင်များ ဖြစ်ခဲ့ကြသည်။ ရှေးအခါက ဟူဂလီမြို့တွင် ကျွန်အရောင်းအဝယ်လုပ်သော လုပ်ငန်းများနှင့်၊ ပင်လယ်ဓားပြ အလုပ်များဖြင့် ကြီးပွားချမ်းသာသောသူများရာ. . ၎င်းတို့ မိသားစုလည်း ထိုလုပ်ငန်းများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကြွယ်ဝလာကြသူများ ဖြစ်လာကြသည်။

ပထမပိုင်းတွင် ကျွန်ကုန်ကူးသောအလုပ်များ လုပ်ကိုင်ခဲ့ကြပြီးနောက်ပိုင်းတွင် ပင်လယ်ဓားပြအလုပ်များ လုပ်ကိုင်ခဲ့ကြသည်ဟု နာမည်ရှိသည်။

၎င်းတို့ အဘိုးတော်စပ်သူ တစ်ယောက်မှာ နာမည်ကြီး ပင်လယ်ဓားပြတစ်ဦးဖြစ်ပြီး နောက်ပိုင်းတွင် သတင်းအစအန မရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားလေသည်။

အချို့ကလည်း ဗြိတိသျှရေတပ်မှ ပစ်ခတ်နှစ်မြှုပ်ခြင်းကြောင့် ပင်လယ်ပြင်မှာ အစအန ပျောက်သွားခဲ့ခြင်း ဖြစ်မည်ဟု ထင်ကြသည်။

အချို့ကလည်း အခြေအနေ မကောင်းတော့သဖြင့် အခြားတစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်သွားသည်ဟုလည်း ပြောဆိုကြသည်။

ထိုပင်လယ်ဓားပြကြီးနှင့် ပတ်သတ်သော အကြောင်းများထဲတွင် ပင်လယ်ဓားပြ သက်တမ်းတစ်လျှောက်တွင် ၎င်းရှာဖွေစုဆောင်းထားသော ရွှေငွေရတနာပစ္စည်းလည်း ပါဝင်လေသည်။

ထိုရတနာပစ္စည်းများမှာ ပင်လယ်ဓားပြကြီးနှင့် ပတ်သတ်သောနေရာ. . ၎င်းနှင့်အတူပင်လယ်ထဲသို့ နစ်မြုပ်သွားခဲ့လေသလား. . . ဒါမှမဟုတ် အခြားတစ်နေရာမှာ သိုဝှက်ထားခဲ့လေသလား. . အဖြေမသိရသော လျှို့ဝှက်ချက်တစ်ခုကတော့ ကျန်ခဲ့လေသည်။





နောက်ပိုင်းမှာတော့ တောင်လုံးကျော်တို့ မိဘများမှာ ယခင်က ရှာဖွေစုဆောင်းထားသော ရွှေငွေရတနာတို့ကို အရင်းအနှီးပြုကာ ဟူဂလီမြို့တွင် ဟန်မပျက်နေခဲ့ကြသည်။

မြို့စွန်တစ်နေရာ ဘက်တွင် အိမ်ကြီးတစ်လုံးဆောက်လုပ်ပြီး ရှိသည့်ပစ္စည်းများကို ထုခွဲရောင်းချ စားသောက်ကြခြင်းသာဖြစ်၏။

တောင်လုံးကျော်မှာ ငယ်စဉ်ကတည်းက ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့ပြီး စာဖတ်ဝါသနာပါသူတစ်ယောက် ဖြစ်လာခဲ့သည်။

ထို့အပြင် ကမ္ဘာအရပ်ရပ်မှ ရှေးဟောင်းစာအုပ်မျိုးစုံတို့ကို ဝယ်ယူစုဆောင်းခြင်းကိုလည်း များစွာဝါသနာပါလာလေရာ ရောက်လေရာနေရာမှာတွေ့သော ရှေးဟောင်းစာပေ၊ စာအုပ်တို့ကို ဝယ်ယူစုဆောင်းထားလေသည်။

တစ်ယောက်တည်းနေသော အိမ်ကြီးရဲ့ အပေါ်ထပ်တစ်ခုလုံးမှာ စာအုပ်တင်သောစင်များ၊ စာအုပ်မျိုးစုံတို့ဖြင့် ပြည့်နေရာ စာကြည့်တိုက်ကြီးတစ်ခုပမာ ရှိနေတော့သည်။

တစ်နည်းဆိုရလျှင် ရှေးဟောင်းစာပေသိုက်ကြီးတစ်ခုပမာ ဖြစ်နေသည်ဆိုက မမှားပါချေ။

၎င်း၏ မိဘနှစ်ပါးမှာ အင်္ဂလိပ်သွေးပါသူများ ဖြစ်ကြပြီး ယခင်ကပင် သီးသန့်နေခဲ့ကြသူများ ဖြစ်ကြသည်။

တောင်လုံးကျော်(၁၅)နှစ်သား အရွယ်ရောက်သောအချိန်မှာပင် နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။

မိဘများရှိစဉ်ကပင် အခြားဘာမှ မလုပ်ကြပဲ . . ရှိသည့် အတွင်းပစ္စည်းတို့ကို ထုခွဲရောင်းချပြီး စားသောက်ခဲ့ကြရာ ၎င်းတို့ ကွယ်လွန်သွားခဲ့ပြီးနောက်ပိုင်းမှာ ပစ္စည်းဥစ္စာက များများစားစား မကျန်ခဲ့တော့ပေ . . !

တောင်လုံးကျော် အနေဖြင့်လည်း မိဘများကွယ်လွန်သွားသောအချိန်တွင် အရွယ်တလည်းမရောက်သေး၊ အခြားစီးပွားရေးလုပ်ငန်းတို့ကိုသည်း ဘာတစ်ခုမှ မသိသောကြောင့် အခြားဘာမှ မလုပ်တော့ပဲ ရှိသည့်ပစ္စည်းအချို့ကိုသာ ထုခွဲရောင်းချပြီး စားသောက်ခဲ့သည်။

ယခင်က ချမ်းသာကြွယ်ဝပြီး လူကုံထံစာရင်း ဝင်ခဲ့သော မိသားစုဖြစ်ခဲ့သော်လည်း တောင်လုံးကျော်လက်ထက် ရောက်သောအခါ တောမဝင်၊ တောင်မကျော်နိုင်တော့ပဲ သာမန်အခြေအနေမျှသာ ကျန်ခဲ့သည်။

ကြီးမားသောအိမ်တစ်လုံးနှင့် အတွင်းမှာ အိမ်ထောင်ပရိဘောဂအချို့နှင့် စာအုပ်များစွာတို့သာ ကျန်ခဲ့လေသည်။

အခြားအဖိုးတန် ရွှေငွေရတနာတို့ကတော့ မကျန်တော့ပေ။ တောင်လုံးကျော်မှာရှိသည့် အတွင်းပစ္စည်းအချို့တို့ကို ထုခွဲရောင်းချပြီး ချို့တဲ့စွာနေသည်။

မည်သူနှင့်မှ အဆက်အသွယ်မလုပ်တော့ပဲ လျှို့ဝှက်စွာနေခဲ့လေသည်။

ယခင်ကလည်း အခြားသူများနှင့် ရောရောထွေးထွေး





နေခဲ့သော တောင်လုံးကျော်မှာ တစ်ယောက်တည်း ကျန်ခဲ့သောအခါ အခြားသူများနှင့် အဆက်အသွယ်မရှိသလောက် ဖြစ်သွားလေသည်။

သို့သော်သူ့မှာ သစ္စာရှိသော အဖော်အချို့ကတော့ ရှိနေသေး၏။ သူ့မိဘများလက်ထက်ကတည်းက ထိုအိမ်မှာ လူယုံတော်တစ်ဦးအဖြစ် နှစ်ပေါင်းများစွာနေလာခဲ့သော ဖမုန်းထန်ဆိုသောလူကြီးတစ်ယောက်နှင့် ခွေးတစ်ကောင်တို့ပင်ဖြစ်သည်။

ဖမုန်းထန်သည် အသက်(၅၀)ကျော်ခန့် အရွယ်ရှိပြီး နှစ်များစွာကတည်းက ထိုအိမ်သို့ရောက်နေခြင်းဖြစ်၏။

တောင်လုံးကျော်မှာ မိဘများမရှိတော့သည့်နောက်ပိုင်း အိမ်ကြီးကိုလည်း ပြုပြင်မွမ်းမံခြင်းမရှိတော့ရာ ဟောင်းနွမ်းနေလေသည်။

အဝေးမှ ကြည့်လျှင်ကြောက်စရာကောင်းသော အိမ်အိုကြီးတစ်လုံးနှင့် တူနေတော့သည်။

မောင်ဘသော်က ဒေါက်တာမင်းထင်ကျော်အား သူနေသော ထိုအိမ်ကြီးသို့ ခေါ်ဆောင်သွားခြင်းဖြစ်သည်။

သူတို့သည် မြင်းလှည်းတစ်စီးကို ငှားရမ်းပြီးသွားရာ နံနက်ပိုင်းအချိန်မကုန်ခင်မှာပင် ထိုအိမ်ကြီးရှိရာသို့ ရောက်သွားလေတော့သည်။

ထိုအိမ်ကြီးမှာ အရောင်အဆင်း မရှိတော့သော်လည်း ယခင်က နေထိုင်ခဲ့သူများ ငွေကုန်ကြေးကျခံကာ ဆောက်လုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိသာပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းသော ခြံအတွင်းမှာ ထီးထီးမားမားဆောက်လုပ်ထားသော အိမ်ကြီးတစ်ခုလုံး ပြတင်းပေါက်တံခါးချပ်များပိတ်ထားသည်ကို သတိပြုမိသည်။

နေ့အခါပင်ဖြစ်လင့်ကစား တိတ်ဆိတ်ငြိမ်သက်နေ၏။ ခြံရှေ့ရောက်တော့ မြင်းလှည်းသမားကို ရပ်ခိုင်းပြီး ဆင်းကြသည်။

ဒေါက်တာမင်းထင်ကျော်မှာ ပစ္စည်းများအပိုမပါပဲ ခရီးဆောင်အိတ်တစ်လုံးသာပါသဖြင့် ထိုအိတ်ကိုယူကာ မြင်းလှည်းပေါ်မှာဆင်းကာ အခြေအနေကိုကြည့်သည်။

ခြံပေါက်ဝအုတ်တိုင်မှာ ကြေးပြားပေါ်မှာ စာလုံးထွင်းကပ်ထားသော ဆိုင်းဘုတ်တစ်ချပ်ရှိသည်။

"မောရိယစံအိမ်"

ဟူသောအမည်ဖြစ်သည်။

နှစ်ယောက်စလုံး မြင်းလှည်းပေါ်မှ ဆင်းပြီးနောက်တွင် မြင်းလှည်းက ပြန်ထွက်သွားသည်။

"ခင်ဗျားဟာ နှစ်ပေါင်း(၁၅)နှစ်လောက် အချိန်အတွင်းမှာ ဒီအိမ်ကြီးကို ပထမဆုံးရောက်လာတဲ့ ဧည့်သည်တစ်ယောက်ပါပဲ. . ."

ဟုပြောကာ အိမ်ကြီးရှိရာသို့ ခေါ်သွားလေသည်။ တံခါးပေါက်ရောက်ပြီး အချက်ပေးလိုက်သောအခါ တံခါးချပ်ပွင့်သွားပြီး ဇမုန်းထန်ဆိုသော လူယုံတော်ကြီးနှင့် လူခါးစောင်းလောက်ထွားကျိုင်းသော ခွေးတစ်ကောင်တို့ကို စတင်တွေ့ရသည်။

ခွေးရောလူပါ ထူးထူးခြားခြား မောင်ဘသော်က လိုလိုလားလား အိမ်ထဲခေါ်လာသော ဧည့်သည်ကိုမြင်သောအခါ များစွာအံ့သြနေဟန်ရှိသည်။

သို့သော် ရန်လိုသည့် အရိပ်အယောင် မတွေ့ရပေ။ သူတို့အတွင်းရောက်တော့ တံခါးပြန်ပိတ်လိုက်သည်။

ထို့နောက် မောင်ဘသော်ကပင် မိတ်ဆက်ပေးသည်၊

"ဒီအိမ်ကြီးထဲမှာတော့ ကျွန်တော်အဖော်ဆိုလို့ လူတစ်ယောက်နဲ့ ခွေးတစ်ကောင်ပဲရှိပါတယ်၊ သူကမြန်မာပြည်ကလာတဲ့ ဧည့်သည်တစ်ယောက်ပဲ၊ သူနေချင်သလောက်ဒီမှာ နေပါလိမ့်မယ်. . ."

"(၁၅)နှစ်လောက်အချိန်ကာလအတွင်းမှာ မောရိယစံအိမ်ကိုရောက်လာတဲ့ ပထမဦးဆုံးဧည့်သည်ကို ကြိုဆိုပါတယ်ဗျာ. . . ."

ဟု အသံသြသြကြီးဖြင့် ပြောလိုက်လေသည်။

ထို့နောက် ဇမုန်းထန်ကပင် သူ့အတွက် အခန်းတစ်ခန်းသို့ လိုက်ပို့ပေးပြီး လိုအပ်တာများစီစဉ်ပေးလေသည်။







www.burmeseclassic.com

www.burmeseclassic.com





## (အခန်း - ၃)

# ပိုးရွှေတောင်နှင့် လျှို့ဝှက်ချက်များ

မောရိယအိမ်ကြီး တစ်အိမ်လုံး ပြတင်းပေါက်မှန်သမျှ တံခါးချပ်မှန်သမျှ ပိတ်ထားသောကြောင့် မှောင်နေသည်၊

နေ့အချိန်ဖြစ်သောကြောင့် မှန်ချပ်များတပ်ထားသော နေရာမှာ အလင်းရောင်အချို့ဝင်နေသောကြောင့်သာ အဆောင်မှာ အရာဝတ္ထုများ မြင်နေရခြင်းဖြစ်သည်။

သူ့ကိုပေးထားသော အခန်းမှာ အောက်ထပ်မှာရှိသော



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခန်းဖြစ်ပြီး အတန်အသင့်ကျယ်ဝန်းသော အခန်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုအခန်းထဲရောက်သည်နှင့် ကိုယ်နှင့်မကွာ ယူဆောင်လေ့ရှိသော သေနတ်ကိုထုတ်ပြီး အဆင်သင့်ထားသည်။

အခန်းတစ်ခုလုံးကိုလည်း နေရာလပ်မကျန်အောင် လိုက်လံကြည့်သော်လည်း မသင်္ကာစရာ ဘာမှအမတွေ့ရပေ။

သို့ကြောင့် ခုတင်ပေါ်မှာလှဲရင်း ထူးဆန်းသော မောင်ဘသော် အကြောင်းကို တွေးနေမိသည်။

ညနေပိုင်းအချိန်လောက်တွင် တံခါးခေါက်သံကြားသဖြင့် ဖွင့်ပေးလိုက်သောအခါ မောင်ဘသော်ကိုတွေ့ရသည်။

"တစ်နေလုံး ဘယ်သွားနေတာလဲ မောင်ဘသော်"

"မသွားပါဘူး လုပ်စရာရှိတာတွေ လုပ်နေလို့ပါ. . ."

"ယောဂကျင့်စဉ်တစ်ခုခုကျင့်နေတာ မဟုတ်လား"

"မှန်ပါတယ် ခင်ဗျားကိုတော့ ဘာမှလိမ်ပြောလို့ ရမှာ မဟုတ်ပါဘူး၊ ဒါထက်ဘယ်လိုသိတာလဲ"

"မျက်လုံးနဲ့ ဟန်အမူအရာကြည့်ရင် သိနိုင်ပါတယ်"

"ဒါက ကျွန်တော်နေ့စဉ်လုပ်နေကျ အလုပ်ပဲလေ၊ ကဲ လာဗျာ ခင်ဗျားကို ပြစရာတွေရှိတယ်. . ."

ဟု ပြောပြီး အပေါ်ထပ်သို့ခေါ်သွားလေသည်။

အပေါ်ထပ်မှာလည်း လေဝင်လေထွက်ရရန် တံခါးအချို့လောက်သာ ဖွင့်ထားပြီး ကျန်တံခါးချပ်များ ပိတ်ထား





သည်။

ညဥ့်ဦးပိုင်းအချိန်ရောက်နေပြီမို့ မီးရောင်အချို့ ထွန်းထားသဖြင့် အလင်းရောင် ခပ်မှိန်မှိန်ရနေသည်၊

အပေါ်ထပ်အခန်းမှာတော့ စာအုပ်များစွာသည်းထားသော အခန်းအချို့ရှိသည်။

မောင်ဘသော်က ခွင့်ပြုသဖြင့် ထိုစာအုပ်များကို လေ့လာကြည့်သောအခါမှ သူ၏စာပေလေ့လာမှုအဆင့်အတန်း ကို အံ့သြရတော့သည်။

စာအုပ်စင်တွင် ကမ္ဘာ့အရပ်ရပ်မှာ ရှားပါးသောစာအုပ်များ စုဆောင်းထားရုံမက ဘာသာရပ်လည်းစုံလင်လှသည်။ ရှားပါးလှသော စာအုပ်အဟောင်းများများလည်း စုဆောင်းလေသည်။ ဘာသာရပ်လည်း စုံလင်လှသည်။

ထိုအခြေအနေကို မြင်တော့မှ မောင်ဘသော်မှာ သာမန်မဟုတ်ပဲ လူထူးလူဆန်း တစ်ယောက်ဖြစ်မှန်း သိရလေတော့သည်။

"ခင်ဗျား ဘာကြောင့် ပတ်ဝန်းကျင်နဲ့ အဆက်ဖြတ်ထားတာလဲ. . ."

"လူတွေနဲ့ တွေ့နေရတော့ သူတို့ဆီက ကောင်းတဲ့ခံစားချက်တွေရော မကောင်းတဲ့ခံစားချက်တွေပါ ကိုယ့်ဆီကူးတာပေါ့ တစ်ယောက်တည်း ကိုယ်လုပ်ချင်တာလုပ်နေတော့ စိတ်အားအတွက် ကောင်းတာပေါ့"

"ခင်ဗျား လူတစ်ဦးတစ်ယောက်ရဲ့ အတွင်းစိတ်ကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မနောအာရုံကိုသိအောင် ကြိုးစားနေတယ် မဟုတ်လား"

"မှန်ပါတယ်. . ."

"ဘယ်လိုရည်ရွယ်ချက်ရှိလို့လဲ. . ."

"သူတို့ဘာလုပ်မယ်ဆိုတာ ကြိုသိတင်သိတော့ ကိုယ့်ဘက်က သာတာပေါ့ဗျာ. . ."

ဟု အမှန်တိုင်း ပြောလေသည်။

ညဥ့်ဦးပိုင်းအချိန်တွင် ဇမုန်းထန်စီစဉ်ပေးသော အစားအသောက်ကို စားသောက်ပြီး ဝရန်တာမှာချထားသော စားပွဲမှာ ထိုင်နေကြသည်။

စီးကရက်သောက်ရင်း ငြိမ်နေကြသော် ကိုယ့်အတွေးနဲ့ကိုယ် ရှိနေကြသည်။

အတန်ကြာမှ မောင်ဘသော်ထံမှ တစ်ယောက်တည်း ပြောနေသကဲ့သို့ စကားသံထွက်လာသည်။

"ဒီလူ အတော်ကလေးတော့ သရုပ်ဆောင်ကောင်းတယ်"

ထိုအခါက ဒေါက်တာမင်းထင်ကျော် ကပြောလိုက်သည်။

"ကောင်းရမှာပေါ့ ဒါကသူ့ရဲ့အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုပဲလေ. . ."

"ဟင်. . . ကျွန်တော့်စိတ်ထဲမှာ ရှိနေတာကို ခင်ဗျား ဘယ်လိုသိနေတာလဲ"

"ကျွန်တော်က ခင်ဗျားလို တယ်လီနည်းတွေ သိပ်မလုပ်





ဖြစ်ပါဘူး၊ ဒါပေမယ့် လူကဲခတ်ပညာတော့ အတော်ကလေး လေ့လာဖူးပါတယ်၊ ခင်ဗျား မျက်လှည့်ဆရာအကြောင်း တွေးနေတာမဟုတ်လား"

"အမှန်ပါပဲ၊ စိတ်ထဲမှာ ဖြေရှင်းမရတဲ့ပုစ္ဆာတစ်ခုလို သူ့အကြောင်းက မကြာခဏ ဝင်နေတယ်"

"ဒါပေမယ့် ခင်ဗျားပထမဆုံး တွေးမိတာသူ့အကြောင်း မဟုတ်ပါဘူး၊ စောစောကဟိုအဘိုးကြီး လာပို့ပေးတဲ့ အစားအသောက်တွေကို ခင်ဗျားသဘောမကျဘူး၊ တစ်ယောက်တည်း ရှိနေရင်က ဖြစ်သလိုစားနိုင်ပေမယ့် အခြားလူပိုတစ်ယောက်ရှိနေတော့ အဆင်မပြေမှာစိုးတဲ့စိတ်က အနှောင့်အယှက်ပေးနေတယ်"

မောင်ဘသော်က ငြိမ်သက်စွာနားထောင်နေရင်းမှ. . ခေါင်းတစ်ချက်ညိတ်ပြသည်။

"အစားအသောက်အကြောင်း စိတ်ထဲဝင်လာတော့ ကျွန်တော်တို့နှစ်ယောက်တွေ့ခဲ့တဲ့ စားသောက်ဆိုင်က အစားအသောက်တွေကို ချက်ချင်းသတိရလာတယ်၊ အဲဒီကမှ မျက်လှည့်ဝိုင်းရောက်သွားပြီး မျက်လှည့်ဆရာအကြောင်း ရောက်သွားတယ်၊

အစားအသောက်ကြောင့် ဘဝင်မကျဖြစ်နေတဲ့စိတ်က မျက်လှည့်ဆရာနဲ့ပတ်သက်ပြီး မကျေမနပ်ဖြစ်နေတဲ့ စိတ်ကို တွန်းအားပေးလိုက်တော့ ပါးစပ်ကနေ သူနဲ့ပတ်သက်တဲ့ စကားလုံးအချို့ ထွက်လာတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကျွန်တော်ထင်ထားတာထက် အများကြီး ပိုတော်ပါတယ်၊ ကျွန်တော်က လူတွေရဲ့စိတ်ကို ကြိုပြီးသိနိုင်အောင် ကြိုးစားနေတယ်၊ ခင်ဗျားက အဲဒါထက်ပိုပြီး သိနေတာကိုး"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပဲ စီးကရက်ကိုသာ အေးအေးဆေးဆေး ဖွာနေသည်။

"ဒီညတော့ ကျွန်တော်သိချင်တာတွေ မေးပါရစေ၊ သူတို့ ဘယ်လိုလုပ်တယ်ဆိုတာ ကျွန်တော်ကို ပြောပြပါလား"

"ခင်ဗျားက လူတွေရဲ့စိတ်ကို သိအောင်ကြိုးစားနေတယ်၊ သူတို့က လက်တွေ့လိမ်ပြနေတယ်၊ အဲဒါကစိတ်စွမ်းအင် ဘာမှမပါတဲ့ အတတ်ပညာနဲ့ လိမ်တာဆိုတော့ ခင်ဗျားမသိနိုင်တော့ဘူးပေါ့၊ သူတို့နည်းတွေ ပြောပြပါမယ်၊ ဒါပေမယ့် ဒါတွေကိုတော့ လျှို့ဝှက်ထားပေးပါ"

"ကောင်းပါပြီ. . ."

ထိုနောက်ဒေါက်တာမင်းထင်ကျော်က အောက်ပါ လျှို့ဝှက်ချက်အချို့ကို ပြောပြသည်"

"ပထမနေ့ ကြက်ဥထဲက ရွှေလက်စွပ်တစ်ကွင်း ထုတ်ပြတာကို ပြောပြမယ်၊ ဒီနည်းတွေက ရှေးကမျက်လှည့်ဆရာကြီးတွေ အသုံးပြုခဲ့တာကို အခုလူတွေက ဆက်သုံးတဲ့နည်းပါပဲ၊ သူကြက်ဥတောင်းယူလိုက်တဲ့ အမျိုးသမီးက သူတို့လူပါပဲ"

"ဒါဖြင့် ကြက်ဥထဲကိုလက်စွပ် ကြိုထည့်ထားတာပေါ့"

"မဟုတ်ပါဘူး၊ လက်စွပ်ကပြကာနီးတော့မှ သူလက်ဝါး





ပြင်ပက်မှာ ညှပ်ထားတာပါ ကြက်ဥထိပ်ကို ဇွန်းနဲ့ ဖွင့်လိုက်ပြီး လက်ဝါးနဲ့အုပ်တဲ့ အချိန်မှာ ဖိထည့်ပေးလိုက်တာပါ"

အဲဒီအချိန်မှာ တခြားဘယ်ပစ္စည်းမျိုးဆို ထည့်လို့ရပါတယ်၊ ဒါကြောင့် လက်စွပ်ထွက်လာတော့ သူညွှန်းတဲ့ ကြက်ဥပေးတဲ့အမျိုးသမီးကိုပဲ ပေးလိုက်တာပေါ့"

"ခင်ဗျားပြောပြတော့လည်း အလွယ်သားပါလား"

"ဒီလိုပဲ မျက်လှည့်ပညာပဲဖြစ်ဖြစ်၊ ဘာပညာပဲဖြစ်ဖြစ် နည်းမသိရင်တော့ အံ့သြစရာပဲ၊ လျှို့ဝှက်ချက်နည်း သိရင်တော့လည်း ဘာမှမဟုတ်တော့တာပေါ့"

"ဘာမှမရှိတဲ့ စက္ကူကိုလုံးပြီး မီးရှို့လိုက်တော့ ဓာတ်လုံးထွက်လာတာကရော ဘယ်လိုနည်းလဲ"

"ပထမတည်းက ဓာတ်လုံးထည့်ပြီး လုံးထားတဲ့ စက္ကူလုံးကကပ်ထားပြီးသားနောက်မှစက္ကူလုံးချင်းလဲပြီး မီးရှို့ပြတာ၊ ဓာတ်လုံးမထည့်ပဲ ငွေတို့ရွှေတို့ထည့်ပြရင်လည်း ရတာပါပဲ၊ ဒါတွေက လမ်းဘေးမျက်လှည့်ဆရာတွေ လုပ်စားတဲ့နည်းတွေလောက်ပဲရှိပါသေးတယ်၊

တကယ့်မျက်လှည့်ပညာရှင်ကြီးတွေပြတဲ့ အဆင့်မြင့်တဲ့ မျက်လှည့်ပညာတွေ အများကြီးရှိပါတယ်၊ ဒီလိုပြကွက်မျိုးတွေပြမယ်ဆိုရင်တော့ ပစ္စည်းကိရိယာ အကူအညီတွေ အများကြီးလိုပါတယ်. ."

"အံ့သြစရာတော့ ကောင်းတယ်၊ ဒါထက် [illegible] ဝိုင်းမှာ ခင်ဗျားက မျက်လှည့်ဆရာကို ပိုးရွှေတောင် ဘယ်မှာရှိ



www.burmeseclassic.com

www.burmeseclassic.com



သလဲလို့မေးတာ ဘယ်လိုအဓိပ္ပါယ်လဲ"

"သိချင်လို့ မေးတာပါ. . ."

ဒေါက်တာမင်းထင်ကျော်က ထိုမျှသာ ပြန်ပြောပြီး. . စီးကရက် သောက်နေသောအခါ မောင်ဘသော်က ဆက်မမေးတော့ပေ. . .။

"ခင်ဗျားမေးတဲ့ ပိုးရွှေတောင်ကို ကျွန်တော်သိပါတယ်"

"ဘယ်မှာရှိသလဲ. . ."

"ဒီကနေ မဝေးလှတဲ့ ကျွန်းတစ်ကျွန်းပေါ်မှာရှိတယ် ဒါပေမယ့် ရဖို့မလွယ်ဘူး"

"ဘယ်လိုကြောင့်လဲ"

"ခင်ဗျားပြောတဲ့ ပိုးရွှေတောင်ကို ကျွန်တော်ကိုယ်တိုင်တွေ့ဖူးမြင်ဖူးတယ်. . ."

"ဘယ်လိုပုံသဏ္ဍာန်မျိုးလည်းဗျ၊ ကျွန်တော်ကစာအုပ်ထဲမှာသာ ပုံကိုမြင်ဘူးတော့ သေသေချာချာမသိဘူး"

"ခင်ဗျား ရွှေပိုးကောင် မြင်ဖူးလား"

"မြင်ဘူးပါတယ်၊ ချေးပိုးထိုးနဲ့ ခပ်ဆင်ဆင်ပဲ"

"ပိုးရွှေတောင်လည်း အဲဒီပုံသဏ္ဍာန်နဲ့ ခတ်ဆင်ဆင်ပါပဲ၊ ဒါပေမယ့် ရွှေပိုးကောင်လိုတော့ မဟုတ်ဘူး၊ သူက ပုပုဝိုင်းဝိုင်းနဲ့ ပုံသဏ္ဍာန်က လိပ်နဲ့အတော်တူတယ်. . ."

"ပြောပါဦး"

"တစ်ခုထူးတာက အဲဒီပိုးကောင်က တစ်ကိုယ်လုံး ရွှေသားတွေချည်းပဲ ဝင်းအိနေတာပဲ၊ အလေးချိန်ကလည်း အတော်





လေးတယ်၊ သူ့ကိုကိုင်ကြည့်ရင် ရွှေတုံးတစ်တုံးကိုင်ရသလို နှစ်နေအောင်လေးတယ်"

"သတ္တဝါပေမယ့် ရွှေဖြစ်နေတာမို့လားမှ မသိတာ"

"သေသေချာချာ စစ်ဆေးမကြည့်ဖြစ်ပေမယ့် ခင်ဗျားပြောတာဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဲဒီပိုးကောင်က ကြောက်စရာကောင်းတယ်"

"အဆိပ်ရှိလို့လား"

"အဟုတ်ဘူးဗျ၊ သူ့ကျောပေါ်မှာ အမည်းစက်သုံးစက်ပါတယ်၊ အဲဒီအမည်းစက်သုံးစက်က လူရိုးခေါင်းပုံနဲ့ အတော်တူတယ်. . ."

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသော အမူအရာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

အချိန်က ညနေပိုင်းအချိန်ကျော်လာပြီး ညဦးပိုင်းအချိန်ရောက်လာသည်။

ပတ်ဝန်းကျင်မှာတော့ အမှောင်ရိပ်များသမ်းလာသည်။ အပြင်ဘက်ဝရန်တာမှာ မီးထွန်းမထားသော်လည်း အတွင်းမှာရှိသော မီးရောင်ကမှန်တံခါးချပ်များမှ တစ်ဆင့်အပြင်သို့ တစ်ဝန်းတစ်စထွက်နေရာ အလင်းရောင်အချို့တော့ ရှိနေသည်၊

နှစ်ယောက်သား ဇမုန်းထန်စီစဉ်ပေးသော ကော်ဖီတစ်ခွက်စီသောက်ရင်း ပိုးရွှေတောင်အကြောင်းကို စကားလက်ဆုံကျနေကြခြင်းဖြစ်၏။

"အမည်းစက်တွေပါတာရော မဖြစ်နိုင်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



"ပိုးတောင်တွေမှာပါတဲ့ အမည်းစက်တွေဆိုတာ ဟုတ်ပါတယ် ဒါပေမယ့် သူ့ကျောပေါ်မှာ ပေါ်နေတဲ့ အမည်းစက်တွေကတော့ လူအရိုးခေါင်းနဲ့တူတာ အမှန်ပဲ၊ ဒါကြောင့် ဘယ်သူမှ မဖမ်းခဲ့ဘူး"

"ဘယ်လိုကြောင့်လဲ"

"သူ့ကိုဖမ်းဖို့ မဆိုထားနဲ့. . . တွေ့တာမြင်တာနဲ့တင် အန္တရာယ်ဆိုးတွေနဲ့ တွေ့ရတယ်လို့ထင်ပြီး ဘယ်သူမှ မဖမ်းဝံ့ကြတာပဲ. . ."

"ဒါကတော့ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တာလည်း ဖြစ်နိုင်တာပါပဲ. . ."

"ဒါပေမယ့် ဒီမြို့မှာရှိတဲ့လူတွေ၊ ဒီနေရာဒီနယ်တစ်ဝိုက်မှာရှိတဲ့လူတွေကတော့ ပိုးရွှေတောင်ကိုဖမ်းဖို့ မဆိုထားနဲ့ မြင်တာနဲ့တောင် ဝေးဝေးကရှောင်သွားကြတယ်"

ထိုစကားကြားသောအခါ နံနက်ပိုင်းအချိန်က မျက်လှည့်ဆရာအား ပိုးရွှေတောင်အကြောင်းမေးသောအခါ ဘာမှ ပြန်မပြောပဲ လှည့်ထွက်သွားသည်ကို သဘောပေါက်လေတော့သည်။

"ဒါထက် ပိုးရွှေတောင်ကို ဘယ်မှာတွေ့နိုင်သလဲ"

"ဒီကနေသွားရင် သိပ်မဝေးဘူး၊ ကျွန်းတစ်ကျွန်းပေါ်မှာရှိတယ်၊ ဒါပေမယ့် အဲဒီကျွန်းပေါ်ကို သိပ်မသွားကြဘူး"

"ဘာကြောင့်လဲ"

"အဲဒီကျွန်းပေါ်မှာ တိရစ္ဆာန်တွေမွေးပြီး ရောင်းစားနေ





တဲ့ လူရိုင်းတစ်မျိုးရှိတယ်၊ သူတို့က သူတို့နေရာကို တခြားလူတွေလာတာမကြိုက်ကြဘူး"

"ဘယ်လို တိရစ္ဆာန်တွေလဲ. . ."

"တောထဲမှာရှိတဲ့တိရစ္ဆာန်တွေပေါ့ဗျာ၊ ငှက်တွေ၊ ယုန်တွေကအစ ကျား၊ ကျားသစ်၊ မျောက်ဝံတွေအထိရှိတယ်၊ ခြံကျယ်ကြီးတစ်ခုထဲမှာ မွေးထားတာပဲ"

"ဘာလုပ်ဖို့မွေးထားတာလဲ ပြောပါဦး"

"သူတို့က မျက်နှာဖြူအစိုးရနဲ့ အပေးအယူရှိတော့ တိရစ္ဆာန်တွေကို ဖမ်းဆီးရောင်းချခွင့် လိုင်စင်ယူထားတယ်၊ တောနက်ထဲမှာရှိတဲ့ တိရစ္ဆာန်တွေကို မေ့ဆေးသေနတ်တွေ၊ ထောင်ချောက်တွေနဲ့ ဖမ်းယူတယ်၊ ပြီးမှ လိုချင်တဲ့ သူတွေကို ဈေးကောင်းကောင်းနဲ့ ပြန်ရောင်းတာဗျ. . ."

"တော်သေးတာပေ့ါဗျာ ကျားတွေသတ်ပြီး သားရေချပ်ရောင်း၊ ဆင်တွေသတ်ပြီး ဆင်စွယ်တွေရောင်းတာနဲ့စာရင် အကောင်လိုက်ရောင်းတာက သက်သာသေးတာပေ့ါ"

"ဒါပေမယ့် အဲဒါကလည်း အန္တရာယ်ရှိနိုင်တာပဲဗျ၊ သူတို့မွေးထားတဲ့ သတ္တဝါတွေက စည်းခတ်ထားတဲ့ အပြင်ဘက်ကို ရောက်တဲ့အခါ ရောက်နေတတ်တာ၊ အဲဒီမှာ မျောက်ဝံတွေဆိုရင် လူတွေလို အသိဉာဏ်ရှိကြတော့ ကြောက်စရာကောင်းတယ်. ."

"ဒါကတော့ဗျာ သူတို့နေရာကို တခြားသူတွေလာစေချင်လို့ တိရစ္ဆာန်တွေကို တမင်လွှတ်ပြီး ခြောက်လှန့်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်ချင်ဖြစ်မှာပေါ့. . .”

ထိုအခါ မောင်ဘသော်က စီးကရက်ကို စိမ်ပြေနပြေ ဖွာရင်း မှတ်ချက်ချလိုက်သည်။

“ခင်ဗျားက အတွေးအခေါ်ကောင်းတဲ့သူဆိုတော့ ခင်ဗျားထင်တာလည်း ဖြစ်နိုင်တယ်၊ ဒါပေမယ့် ကိုယ့်အတွက် အန္တရာယ်များမယ့်နေမရာမျိုးတော့ မသွားတာပဲ ပိုကောင်းပါ တယ်. . .”

“ဒါပေမယ့် ကျွန်တော်ကတော့ ဒီဒေသကိုရောက်တုန်း ရောက်ခိုက် အဲဒီဘက်ကို တစ်ခေါက်သွားကြည့်ဦးမယ်လို့တော့ စိတ်ကူးမိတာပဲ. . .”

“ဒါထက် မေးပါရစေဦး ခင်ဗျားကပိုးရွှေတောင်အ ကြောင်း ဘယ်ကသိလာတာလဲ. . .”

“ကျွန်တော်က သုတသနသမားပါ၊ ဒါကြောင့် ထူးထူး ဆန်းဆန်းကိစ္စမျိုးတွေဆိုရင် စိတ်ဝင်စားပါတယ်၊

မြန်မာပြည်မှာရှိနေတုန်း သဘော်သားမိတ်ဆွေတစ် ယောက်ကပြောပြလို့ သိရတာပါ

ဒါကြောင့် ဟူဂလီမြို့ကို ရောက်ခဲ့တဲ့အခိုက်မှာတော့ ပိုးရွှေတောင်ကို တွေ့ဖူးမြင်ဖူးတယ်ရှိအောင် ရှာဖွေကြည့်မယ် လို့ စိတ်ကူးထားလို့ပါ. . .”

“ဒီလိုဆိုတော့လည်း သွားကြည့်ပေါ့ဗျာ၊ ဒါပေမယ့် ခင် ဗျား အဲဒီကျွန်းဘက်သွားရင်တော့ သတိတော့ထားဗျို့၊ သဘာဝ အန္တရာယ်တွေအပြင်၊ မမြင်နိုင်တဲ့အန္တရာယ်တွေကလည်း အ





များကြီးရှိတယ်”

ဟုသတိပေးလိုက်သည်။

“အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ. . . ဒါထက် ကျွန်းနာမည်က ဘာတဲ့လဲ”

“တခြားနာမည်တော့ ရှိမလားမသိဘူး၊ အများကတော့ ပိုးရွှေတောင်ကျွန်းလို့ပဲခေါ်ကြတယ်၊ သွားရမယ့်ခရီးစဉ်တွေကို လမ်းညွှန်ပေးလိုက်ပါ့မယ်”

“ဒါဖြင့် ခင်ဗျားမလိုက်တော့ဘူးပေါ့”


“ကျွန်တော်က မကြာခဏရောက်နေတာဆိုတော့. . မလိုက်တော့ပါဘူးဗျာ. . .”

ထိုသို့ပြောပြီး မောင်ဘသော်က စာရွက်တစ်ရွက်ဖြင့် သွားရမည့်အစီအစဉ်များကို ရေးပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## (အခန်း – ၄ )

# သံလက္ခဏာကျွန်းသို့သွားခြင်း

နောက်တစ်နေ့မှာတော့ ဒေါက်တာမင်းထင်ကျော်သည်။ ပိုးရွှေတောင်ကျွန်းသို့ သွားမည်ဟု အကြောင်းပြကာ မောင်ဘသော်တို့ နေအိမ်မှ ပြန်ထွက်ခဲ့လေသည်။

မောင်ဘသော်က ကိစ္စပြီးပါက ပြန်လာခဲ့ရန် အတန်တန် မှာကြားလိုက်သေးသည်။

ဒေါက်တာမင်းထင်ကျော်က မြင်းလှည်းတစ်စီးငှါး တာ ထိုနေရာမှ ပြန်ထွက်လာသော်လည်း မူလတည်းခိုခဲ့သော တည်း



www.burmeseclassic.com

www.burmeseclassic.com



ခိုခန်းသို့ ပြန်မသွားတော့ပဲ မြို့လယ်တစ်နေရာမှ အိမ်ကြီးတစ်လုံးဆီသို့ သွားလေသည်။

ထိုအိမ်ကြီးမှာလည်း အိမ်ဟောင်းကြီးတစ်လုံးဖြစ်ပြီး သူနှင့်သိကျွမ်းနေသော ဦးကျော်ဇံပိုင်သော အိမ်ဖြစ်သည်။

ဦးကျော်ဇံမှာ ရခိုင်လူမျိုးဖြစ်ပြီး ယခင်ကတည်းက သိကျွမ်းခင်မင်နေသူဖြစ်သည်။

ထိုအိမ်ကြီးမှာတော့ သူ့ကိုစောင့်နေကြသည့် အခြားလူနှစ်ယောက်လည်းရှိနေသည်။

ဦးဗန်ကောင်းနှင့် စုံထောက်ကျော်စွာတို့ပင်ဖြစ်သည်။

၄င်းတို့မှာ မြန်မာပြည်မှ ထွက်လာစဉ်ကတည်းက ဒေါက်တာမင်းထင်ကျော်နှင့်အတူတကွ လာကြသူများဖြစ်သည်။

စုံထောက်ကျော်စွာမှာ တာဝန်ဖြင့်လာရသည်ဖြစ်သော်လည်း သာမန်လူတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားလေသည်။ ဒေါက်တာမင်းထင်ကျော် ပြန်ရောက်လာသောအခါ သုံးယောက်သားဝိုင်းဖွဲ့ပြီး အခြေအနေကိုပြောပြလေသည်။

"ကျွန်းတော်တို့သုံးယောက် ပိုးရွှေတောင်ကျွန်းကို သွားကြရမယ်"

"အခြေအနေကဘယ်လိုထူးသလဲ မောင်ထင်ကျော်"

"ကျွန်တော်တို့သိချင်တာတွေတော့ သဲလွန်စအချို့ရခဲ့ပါပြီ. . တစ်ခုချင်းဆက်စပ်ကြည့်ရင်တော့ အဖြေတစ်ခုရလာနိုင်ပါတယ်. . ."

"ပိုးရွှေတောင်ကျွန်းက ဘယ်နေရာမှာရှိတာလဲ"





ဒေါက်တာမင်းထင်ကျော်က မောင်ဘသော်အကြမ်းရေးပေးလိုက်သည့် မြေပုံအကြမ်းစာရွက်ကို ပြန်ပြကာ သူပြောပြလိုက်သောအခြေအနေတို့ကိုပါ ပြန်ပြောပြလိုက်သည်။

"ဆရာတွေ့ခဲ့တဲ့ တောင်လုံးကျော်ဆိုတဲ့လူရဲ့ အခြေအနေကရော ဘယ်လိုလဲ"

စုံထောက်ကျော်စွာက ဝင်မေးလိုက်သည်။

"အခုထိတော့ သိပ်မသိရသေးဘူး၊ သူအတော်ပါးနပ်တဲ့လူတစ်ယောက်ဆိုတော့ သတိလစ်လို့တော့မရဘူး၊ ပိုးရွှေတောင်ကျွန်းပေါ် သွားပြီး လေ့လာကြည့်ရင်တော့ ဆက်စပ်မှုတစ်ခုရနိုင်တယ်"

"ဒီလိုဆိုတော့လည်း သွားကြတာပေါ့"

"ဒါပေမယ့် ကျွန်တော်တို့သုံးယောက်သွားတာကို ဘယ်သူမှ မသိအောင်တော့ ဂရုစိုက်ရမယ်"

ဟုပြောဆိုကာ ခရီးထွက်မည့်အစီအစဉ်တို့ကို တိုင်ပင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့်စုံထောက်ကျော်စွာတို့သုံးယောက် ဟူဂလီမြို့သို့ လာရောက်ကြရခြင်းအကြောင်းရင်းမှာ အောက်ပါအတိုင်းဖြစ်လေ၏။

(၁၉၃၀)ခုနှစ် နှစ်ဦးပိုင်းအချိန်လောက် မြန်မာနိုင်ငံမှ အိန္ဒိယသို့ ထွက်ခွာလာသော သင်္ဘောတစ်စင်းကို ဝင်သည်မားပြတို့က တိုက်ခိုက်ပြီး သင်္ဘောပေါ်မှာ ပါလာသော ဘုရားတို့ကို ယူဆောင်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ လုယက်တိုက်ခိုက်သွားခဲ့သော ပစ္စည်းများထဲတွင် ဗြိတိသျှအစိုးရမှ ဥပါယ်တမျဉ်ဖြင့် ပို့လိုက်သော ရွှေငွေရတနာများ ထည့်ထားသော သေတ္တာတစ်လုံးလည်း ပါသွားလေသည်။

အမှန်တော့ ထိုရတနာသေတ္တာမှာ တရားဝင် ထင်ထင်ပေါ်ပေါ် ပို့ခြင်းမျိုးမဟုတ်ပဲ မြန်မာပြည်မှာရှိသော အာဏာပိုင်တို့က အိန္ဒိယဘုရင်ခံချုပ်ထံ လျှို့ဝှက်ပြီး ပို့ပေးလိုက်ခြင်းဖြစ်၏။

ထိုသတင်းကို စုံစမ်းသိရသော ပင်လယ်ဓားပြ သင်္ဘောက ထိုသင်္ဘောကိုစောင့်ပြီး လုယက်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်၏။ ထိုကဲ့သို့ တိုက်ခိုက်ပြီးနောက်. . အခြားအလိုရှိသော ရတနာသေတ္တာကိုပါ ယူဆောင်သွားကြတော့သည်။

ဗြိတိသျှတို့ အုပ်စိုးသိမ်းပိုက်စဉ်ကာလက အခြားတိုင်းပြည်တို့မှ မတရားသိမ်းပိုက်ရယူထားသော ရွှေငွေရတနာတို့ကို အခြားသူများမသိအောင်. . အိန္ဒိယဘုရင်ခံချုပ်ထံသို့ရောက်အောင် တင်ပို့ပေးကြသည်။ ထိုမှတဆင့် ဗြိတိသျှဘုရင်မကြီးထံသို့ သင်္ဘောကြီးများဖြင့် တင်ပို့ပေးကြသည်။

ယခုလည်း မြန်မာနိုင်ငံမှ မတရားယူထားသော ရတနာတို့ကို လျှို့ဝှက်သောနည်းဖြင့် အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်ထံ တင်ပို့ပေးရာမှ လုယက်ခြင်းခံကြရခြင်းဖြစ်သည်။

ထိုအခါ မြန်မာပြည်မှာရှိသော ဗြိတိသျှတာဝန်ရှိသူများရော အိန္ဒိယမှာရှိသည့် တာဝန်ရှိသူများပါ မခံမရပ်နိုင်ဖြစ်ကာ





တရားခံဖမ်းမိနိုင်စေရန် ကြိုးပမ်းကြလေတော့သည်။

သို့သော်လည်း အခြားပင်လယ်ဓားပြသင်္ဘောအချို့ကိုသာ ဖမ်းဆီးရသော်လည်း ရတနာသေတ္တာတို့ ယူငင်သွားခဲ့သော ပင်လယ်ဓားပြတို့ကိုတော့ အစအနမျှပင် ရှာမတွေ့ကြတော့ပေ။

၎င်းတို့အတွက် တစ်သက်စားလောက်သော ရွှေငွေရတနာတို့ကို ရသွားခဲ့သောကြောင့် လူစုခွဲကာ ခြေရာဖျောက်သွားခဲ့ခြင်းဖြစ်မည်ဟုလည်း ယူဆကြသည်။

နောက်ဆုံးရသော သတင်းတစ်ခုကတော့. . . ။

ပင်လယ်ဓားပြတို့ ယူသွားသော ရတနာသေတ္တာမှာ ပိုးရွှေတောင်နှင့်ပတ်သတ်သောနေရာတစ်ခုတွင် ရှိနေသေးသည်. . . ဟူသော သတင်းပင်ဖြစ်၏။

သို့ကြောင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံမှာရှိကြသော ဗြိတိသျှအရာရှိတို့သည် ထိုရတနာသေတ္တာပြန်ရအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြသော်လည်း မအောင်မြင်ပေ။

နောက်ဆုံးမှာတော့ ရာဇဝတ်ဝန်ကြီးက စုံထောက်ကျော်စွာအားခေါ်၍ ထိုကိစ္စကို စုံစမ်းဖော်ထုတ်ပေးရန် တာဝန်ပေးလိုက်သည်။

စုံထောက်ကျော်စွာကလည်း ထိုမျှကြီးမားသော အမှုမျိုးကို သူတစ်ယောက်တည်း လိုက်လံဖြေရှင်း၍ မရနိုင်မှန်းသိသဖြင့် ဒေါက်တာမင်းထင်ကျော်တို့ကို လာရောက်အကူအညီတောင်းသဖြင့် ဦးဝန်ကောင်းကိုပါခေါ်လျက် လိုက်လာကြခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်သည် အသက်(၃၀)ကျော် အရွယ်ခန့်ရှိပြီး ခေတ်ပညာတတ်တစ်ဦးဖြစ်သည်။

မိဘများထားခဲ့သော အမွေအနှစ်များဖြင့် အေးအေး နေရင်း ဝါသနာပါသောအလုပ်များကို လုပ်နေသူဖြစ်၏။ စွန့်စား မှုနှင့် ရှေးဟောင်းသုသေတသနလုပ်ငန်းများကို ဝါသနာပါပြီး လူဆိုးများနှင့် ဉာဏ်ချင်းယှဉ်ပြိုင်ရသော စုံထောက်အလုပ်ကို လည်း ဝါသနာပါသောသူဖြစ်သည်။

ဗြိတိသျှ လက်အောက်မှာ အမှုမထမ်းလိုသောကြောင့် လွတ်လတ်လပ်လပ်နေသူဖြစ်သော်လည်း ယခုကဲ့သို့ ခင်မင် သောမိတ်ဆွေ (အများအားဖြင့်တော့ စုံထောက်ကျော်စွာတို့လို) မိတ်ဆွေများက လာရောက်အကူအညီတောင်းပါက လိုက်ပါ အကူအညီပေးသူဖြစ်သည်။

ယခုလည်း သဲလွန်စပြတ်နေသော ရတနာသေတ္တာ ကိစ္စ စုံစမ်းရန်အတွက် သုံးယောက်သား ဟူဂလီမြို့သို့ ရောက်နေ ကြခြင်းဖြစ်၏။

ထိုနေရာသို့သာ ရောက်နေကြသော်လည်း သူတို့မှာ မယ်မယ်ရရ သဲလွန်စမျိုးတော့ မရှိကြသေးပေ. . .။

တစ်ခုတည်းသော သဲလွန်စမှာ ပိုးရွှေတောင်နှင့်ပတ် သတ်သောနေရာ၌ ရတနာသေတ္တာတွေ့နိုင်သည်ဆိုသော သဲလွန်စ တစ်ခုသိထားရသေးသည်။

ထိုသဲလွန်စကလည်း ခိုင်မာပြီးယုံကြည်စိတ်ချရသော သဲလွန်စမျိုးတော့ မဟုတ်ပေ။

☺ **အောင်မြင်စာပေ** ☺



ပိုးရွှေတောင် ဆိုတာဘာလဲ. . .၊

ဘယ်နေရာမှာ ရှိတာလဲ. . .၊

ဟူဂလီမြို့သို့ရောက်ပြီး စိတ်ရှည်လက်ရှည်နှင့် စုံစမ်း သောအခါမှ ထိုမြို့တွင်နေထိုင်သော တောင်လုံးကျော်ဆိုသူထံမှ သဲလွန်စတစ်ခု အမှတ်မထင်ရခဲ့လေသည်။

ရှေးအခန်းများတွင်လည်း ရေးသားဖော်ပြပေးခဲ့သည့် အတိုင်း တောင်လုံးကျော်အမည်ခံ မောင်ဘသော်ဆိုသူမှ စာပေ ဗဟုသုတ နှံ့စပ်ကြွယ်ဝသူဖြစ်ပြီး အခြားသူများနှင့် ရောနှောလေ့ မရှိပဲ သီးသန့်နေသူဖြစ်လေသည်။

စားသောက်ဆိုင်တစ်ဆိုင်တွင် အမှတ်မထင်တွေ့ကြရာ မှ ခင်မင်သွားကာ ၎င်းနေသောအိမ်သို့ ရောက်ဖူးခဲ့ခြင်း ဖြစ်လေ သည်။

နောက်တစ်နေ့ နံနက်စောစောအချိန်မှာပင် သုံး ယောက်သား မြင်းလှည်းတစ်စီးငှားကာ မြို့စွန်ဘက်သို့ ထွက် ခဲ့ကြလေသည်။

သူတို့တည်းခိုသော အိမ်မှ ဦးကျော်ဇကလည်း ခရီး မထွက်ခင်ကတည်းက အစစအရာရာ ဂရုစိုက်ကြရန် တဖွဖွ မှာကြားနေသည်။

မြို့လယ်ပိုင်းလောက်သာ လူရှုပ်သော်လည်း မြို့စွန် ရောက်လာသောအခါ ရှင်းလင်းနေသည်။

မြေနီလမ်းများဘေးတစ်ဖက်တစ်ချက်တွင် သစ်တော များနှင့် လူနေအိမ်အချို့တော့ရှိသည်။

☺ **အောင်မြင်စာပေ** ☺

www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့်တော့ ကုလားလူမျိုးများ ဖြစ်ကြသည်။

လမ်းမပေါ်မှာတော့ ဈေးဘက်သို့သွားသော မြင်းလှည်းအချို့နှင့် ကုန်တင်မော်တော်ကားအချို့ကို တွေ့ရသည်။

နံနက်ပိုင်း နှင်းများကျနေသောကြောင့် ဖုန်မထသေးသော်လည်း မြေနီမှုန့်များကြောင့် သူတို့တစ်ကိုယ်လုံး နီကြောင်ကြောင်ဖြစ်နေကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့က သက္ကလတ် ဦးထုပ်ဆောင်းထားကြပြီး ဘာမှမပါသော ဦးဇန်ကောင်း ဦးခေါင်းထိပ်ပေါ်မှာတော့ မြေနီမှုန့်များကြောင့် နီရဲနေသည်။

မိုးလင်းစအချိန်လောက်မှာပင် ကမ်းစပ်နှင့် မဝေးသောနေရာတစ်ခုသို့ ရောက်သွားပြီး မြင်းလှည်းသမားက ရပ်ပေးလေသည်။

မြူနှင်းများဝေ့ဆိုင်းနေသော တောဘက်တွင် ကျွန်းစွယ်တစ်ခု၏ ပုံရိပ်ကို မှုန်ဝါးဝါးလှမ်းမြင်နေရသည်။

"ဟိုဘက်ကျွန်းကို ဘယ်လိုသွားရသလဲ"

"ကမ်းစပ်မှာ ကူးတို့လှေတွေရှိတယ် ပိုက်ဆံပေးရင် သူတို့လိုက်ပို့ပေးတယ်"

မြင်းလှည်းသမားကပြောသဖြင့် မြင်းလှည်းငှားခ ပေးလိုက်ရာ ပြန်ထွက်သွားလေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ လူနေအိမ်ခြေမများလှပဲ တဲအချို့လောက်သာရှိသည်။





ထိုတဲများရှိသော နေရာတစ်ဝိုက်မှာလည်း ကိုင်းတောနှင့် အခြားချုံနွယ်ပိတ်ပေါင်းတို့ရှိနေသည်။

ထိုအထဲ၌ တဲများဆောက်ထားကြခြင်းဖြစ်၏၊ အဘယ်ကြောင့် ချုံနွယ်ပိတ်ပေါင်းများနှင့် ကိုင်းတောများကို မရှင်းပဲထားသည်မသိပေ. . .။

ထိုနေရာ၏ အရှေ့ဘက်မှာတော့ သဲသောင်ပြင်များရှိသည်။ သောင်ပြင်ပေါ်သို့ ဆွဲတင်ထားသော လှေအချို့ရှိနေပြီး ကမ်းစပ်တွင် ပင်လယ်ပြင်မှလာသော လှိုင်းများက ပြေးတက်လာလိုက်၊ ပြန်ဆင်းသွားလိုက် ရှိနေကြသည်။

ကိုင်းတောနှင့် ချုံပုတ်များကြားမှာ လူသွားလမ်းကလေးများရှိသည်။ သုံးယောက်သားထိုနေရာမှ ဖြတ်ပြီး ကမ်းစပ်သို့ ဆင်းလာကြသည်။

တဲတစ်လုံးနှင့် မနီးမဝေးရောက်သောအခါ တဲတွင်းမှ ဆူဆူညံညံအသံများ ကြားရသည်။ ခဏကြာတော့ တဲအတွင်းမှ ကုလားတစ်ယောက် ထွက်လာလေသည်။

ထိုကုလားမှာ ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်ကိုကြည့်ပြီး စုံထောက်နှင့်ပုလိပ်များ ထင်နေသောကြောင့် ကြောက်လန့်နေဟန်ရှိသည်။

တဲအတွင်းမှ ချောင်းကြည့်နေသော အမျိုးသမီးအချို့၏ မျက်နှာတို့ကိုလည်း တွေ့ရသည်။

"ဆရာတို့ ဘာများလိုချင်လို့လဲ"

ထိုကုလားက ချိုသောအသံဖြင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာ ကူးတို့လှေရှိသလား၊ ငါတို့ဟိုဘက်ကျွန်းကူးချင်လို့. . ."

ထိုအခါမှ စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချလိုက်လေသည်။

"ရပါတယ်. . ရပါတယ်၊ ကျွန်တော်မှာ လှေရှိပါတယ်၊ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်"

ကုလားက ပျာပျာသလဲပြောလေသည်။

အမှန်တော့ ဒေါက်တာမင်းထင်ကျော်တို့ကို ထိုနေရာမှ မြန်မြန်သွားစေလိုသည့် သဘောမျိုးဖြစ်သည်။

ထိုနေရာမှ ဖြတ်လာစဉ် တဲပေါက်ဝမှာ ထိုင်နေသော အမျိုးသမီး နှစ်ယောက်သုံးယောက်တို့ကို တွေ့မြင်သောအခါမှ တဲပတ်ဝန်းကျင်တစ်ဝိုက်မှာ ပေါက်နေသည့် ကိုင်းပင်နှင့် ချုံများကို မခုတ်ရှင်းပဲထားသော ရည်ရွယ်ချက်ကို သိရလေတော့သည်။

ကမ်းစပ်သို့ ရောက်တော့ သဲသောင်ပေါ်မှာ တင်ထားသောလှေကို ရေထဲရောက်အောင် လူအားဖြင့် ဆွဲချရသည်။

သဲကိုက်နေသောကြောင့် အတော်ကြာအောင်ဆွဲချတော့မှ ရေထဲရောက်သည်။

ထို့နောက် ထိုကုလားကလှေခတ်ပြီး သူတို့သုံးယောက်က အလယ်မှာ ထိုင်ကြသည်။

"မင်းနာမည် ဘယ်သူလဲ"

"ရာဂျစ်လို့ခေါ်ပါတယ်ဆရာ၊ ဒီနေရာတစ်ဝိုက်မှာတော့ မသိတဲ့လူမရှိပါဘူး"





"ဟိုကျွန်းက နာမည်ဘယ်လိုခေါ်သလဲ"

"အတော်များများကတော့ ပိုးရွှေတောင်ကျွန်းလို့ ခေါ်ကြတယ်၊ သူ့ရဲ့မူလအမည်က သံလက္ခတ်ကျွန်းလို့ ခေါ်ပါတယ်"

"ကျွန်းပေါ်မှာ ဘာတွေရှိသလဲ"

"ဘာမှမရှိဘူးဆရာ၊ သစ်ပင်နဲ့ ကျောက်တုံးတွေပဲရှိတယ်၊ ဟိုးဘက်တောစပ်မှာတော့ တိရစ္ဆာန်တွေကို လိုက်ဖမ်းပြီး ရောင်းထားတဲ့ မုဆိုးတစ်ယောက်ရှိတယ်၊ သူက တိရစ္ဆာန်တွေကို လာဝယ်ရင် အကောင်လိုက်အတိုင်း ရောင်းတာ. . ."

"ငါတို့ အဲဒီဘက်နေရာ တစ်ခဏသွားကြည့်ပြီး ပြန်လာခဲ့မယ် မင်းစောင့်နေပါ၊ လှေခကို အသွားအပြန်ခပေးမှာပေါ့"

"ရပါတယ်ဆရာ စောင့်ပေးပါ့မယ်. . .၊ လှေခတော့ ပေးစရာ မလိုပါဘူး"

"ဘယ်လိုကြောင့်လဲကွ. . ."

"ကျွန်တော်တို့အလုပ်က ဆရာတို့နဲ့ အဆင်ပြေမှ ဖြစ်တာပါ၊ မဟုတ်ရင် အချုပ်ထဲဝင်ရမှာပေါ့"

ထိုအခါမှ သဘောပေါက်ပြီး သုံးယောက်သား ရယ်မိုက်ကြသည်

ရာဂျစ်က သူတို့ကို ဟူဂလီမှ ပုလိပ်တွေဖြစ်သည်ဟု ထင်နေဟန်ရှိသည်။

စကားတပြောပြောနှင့် လှေခတ်လာရာ ရေလယ်နေရာ ရောက်ရောက်လာသည်။

အမှန်တော့ ပိုးရွှေတောင်ကျွန်းမှာ ကျွန်းဟုသာခေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ထူးခြားကျွန်းမျိုးတော့ မဟုတ်ပေ. . .။

ကမ်းခြေနှင့်မနီးမဝေးမှာ ရေလက်ကြားဟုခေါ်သော ရေစီးကြောင်းတစ်ခုသာခြားလျက် တည်ရှိနေသော ကျွန်းစွယ်တစ်ခုဖြစ်သည်။

သို့ကြောင့် ကမ်းခြေနှစ်ခုမှာ သိပ်မဝေးလှပေ. .။

"မင်းက ဒီနေရာမှာနေတာဆိုတော့ ဒီကျွန်းအကြောင်း ဘာများသိသလဲကွ. ."

"ကျွန်တော် သိပ်မသိပါဘူး၊ လူကြီးတွေပြောတာတော့ ရှေးက ပင်လယ်ဓားပြတွေ နေခဲ့ဖူးတယ်လို့ ပြောသံကြားတယ်"

"ကျွန်းပေါ်ကိုရော သွားတဲ့သူရှိသလား"

"လူတွေတော့ မကြာခဏ လာကြတာတွေ့တယ်၊ ဘာအတွက်လာကြသလဲတော့ ကျွန်တော်မသိပါဘူး"

ထို့နောက်မှာတော့ တစ်ဖက်ကမ်းခြေသို့ရောက်သဖြင့် ရာဂုဇ်ကိုစောင့်ခိုင်းထားခဲ့ပြီး သုံးယောက်သား ကျွန်းပေါ်တက်ကြည့်ကြသည်။

ကျွန်းမှာ ကျောက်တုံး၊ ကျောက်ဆောင်များထူထပ်လှပြီး သစ်ပင်မြင့်ကြီးများလည်းရှိသည်။

အများအားဖြင့်တော့ ထင်းရှူးပင်နှင့်ဝက်သစ်ချပင်ကြီးတို့ များလေသည်။

သုံးယောက်သား နေရာအနှံ့ လိုက်ကြည့်ကြသော်လည်း ထူးခြားမှုတော့ မတွေ့ရပေ. . .။

ဟိုးအနောက်ဘက်မှာတော့ သစ်တောအုပ်များရှိသည်။





သူတို့ရောက်နေသောနေရာနှင့်မဝေးလှပေ. . . .။

"တိရစ္ဆာန်တွေဖမ်းပြီး လှောင်ရောင်းတဲ့ မုဆိုးက ဟိုဘက်မှာနေတာဖြစ်မယ် သွားကြည့်ကြရအောင်"

ဟုပြောဆိုတိုင်ပင်ကာ တောအုပ်ရှိရာဘက်သို့ လျှောက်လာကြသည်။

ကြားမှာ မြေပြန့်မရှိပဲ သစ်ပင်နှင့် ကျောက်တုံးများကြား၌ ကျော်ဖြတ်သွားကြရသည်။

တောအုပ်တစ်ခုအနီးသို့ ရောက်သောအခါ သစ်လုံးတိုင်များဖြင့် ခြံစည်းရိုးခတ်ထားသော နေရာတစ်ခုကို တွေ့ရသည်။ သူတို့မနီးမဝေးရောက်တော့ ခြံဝန်းအတွင်းမှ ခွေးဟောင်သံများ စူးစူးဝါးဝါး ပေါ်ထွက်လာသည်။

ခွေးဟောင်သံများကြောင့် ရှေ့ဆက်မသွားတော့ပဲ မနီးမဝေးမှာ ရပ်နေလိုက်ကြသည်။

အတန်ကြာတော့ ခြံတံခါးဖွင့်ပြီး လူတစ်ယောက်ထွက်လာလေသည်။

အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည်ကြံ့ခိုင်ပြီး မျက်နှာပေါ်မှာ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများရှိသည်။

"ဘာကိစ္စရှိလို့လဲ"

"တိရစ္ဆာန်တွေ ကြည့်လို့ရမလား"

"ဝယ်မလို့လား"

"ကြိုက်ရင်တော့ ဝယ်မှာပေါ့"

"ဘယ်လို တိရစ္ဆာန်မျိုး လိုချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျားသစ်နက်. . ."

"ကျားသစ်နက်တော့ မရှိဘူး၊ ရိုးရိုးအကွက်ပြောက်နဲ့ ကျားသစ်တစ်ကောင်တော့ ရှိတယ်"

"ခဏကြည့်ချင်တယ်"

"ခင်ဗျားတို့က ပုလိပ်တွေလား"

"မဟုတ်ပါဘူး မြန်မာပြည်ကလာကြတဲ့ ကုန်သည်တွေပါ"

ထိုသို့ပြောတော့မှ ခြံဝန်းအတွင်းဝင်ခွင့်ပေးလေသည်။ သူတို့ မဝင်ခင် အမဲလိုက်ခွေးများကို ခေါ်ပြီး ခြံဝန်းထဲတည့်ပြီး တံခါးပိတ်ထား၍သာ တော်ရှေ့သည်။

ထိုသို့ခြံဝန်းထဲရောက်နေသည်မှပင် သစ်သားတိုင်များကြားမှ ခေါင်းပြူကာ သဲသဲမဲမဲ ဟောင်နေကြသည်။

အစွယ်ဖွေးဖွေးတို့ကို မြင်ရသည်နှင့်ပင် ကြက်သီးထစရာ ကောင်းလှသည်။

"တိရစ္ဆာန်တွေကတော့ လှောင်အိမ်တွေနဲ့ ထည့်ထားတယ်. . လိုက်ကြည့်ကြပေရော့"

ဟုခွင့်ပေးသဖြင့် ခြံစည်းအတွင်းသို့ လိုက်ကြည့်ကြသည်။ တောတိရစ္ဆာန်တို့ကို အရှင်ရအောင် ဘယ်ပုံဘယ်နည်း ဖမ်းသည်တော့မသိရပေ. . .။

အတော်များများကတော့ မျောက်မျိုးစုံတို့ရှိသည်။ ထိုနေရာနှင့် မနီးမဝေးမှာ လှောင်အိမ်အတွင်း၌ ကျားသစ်တစ်ကောင်ထည့်ထားသည်။





တစ်နေရာရောက်တော့ သစ်လုံးတိုင်များ အခိုင်အခန့် အာရုံထားသော လှောင်အိမ်တစ်ခုအတွင်းမှာ တွေ့မြင်ရခဲ့သော သတ္တဝါတစ်ကောင်ကို တွေ့ကြရသည်။

အနီရောင်မျောက်ဝံကြီး တစ်ကောင်ဝင်ပြင်ခဲ့။ အချို့က ထိုမျောက်ဝံကြီးများကို တောလူဟုလည်း ခေါ်ကြသည်။

ဖော်ပြပါ အနီရောင်မျောက်ကြီးများကို သေနတ်ဆာ သိန်းရှိန် လူဝံကမ္ဘာ*(The Ape World)*စာအုပ်၊ အာရှတိုက်မှ တောရိုင်းတိရစ္ဆာန်*(Asian Wild Animsl)* စာအုပ်၊ မလေးနှင့် ဘွန်ဂိုမှ လူသားတစ်ဝက် တိရစ္ဆာန်တစ်ဝက်*(Half Human of Malay and Borngo)* စာအုပ်များကို လေ့လာကြည့်သောအခါ၌ ကမ္ဘာပေါ်တွင် လူဝံသုံးမျိုးရှိကြောင်း သိရှိရသည်။

ပထမ အကြီးစားလူဝံမျိုးသည် အာဖရိကတိုက်ရှိ ဘယ်(လ)ဂျီယံ၊ ကွန်ဂိုနယ်၌ရှိသော ဂေါ်ရီလာ*(Gorilla)* လူဝံကြီးမျိုးဖြစ်သည်။

ဒုတိယ လူဝံမျိုးမှာ အာရှတိုက်ရှိ မလေးနိုင်ငံ ဂျာဗား၊ ဘော်နီယို နှင့် ယိုးဒယား၊ မြန်မာပြည်တို့၌ နေထိုင်တတ်သော အိုရန်အူတန်*(Oran Outang)* ဟု မလေးစကားဖြင့် ခေါ်ဆိုပြီး မြန်မာစကားဖြင့် "တောလူ" ဟုခေါ်ဆိုသည့် အာရှလူဝံကြီးမျိုးဖြစ်သည်။

တတိယ လူဝံမျိုးမှာ ချန်ပန်ဇီ *(Chimt Panzee)*ခေါ် တာဇံဇာတ်ကားထဲ၌ ပါရှိနေသော လူဝံအငယ်စားမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုရန်အူတန် *(Oran Outang)*ခေါ် တောလူအမည်ခံ လုဝံသည် အားခွန်ဗလ လွန်စွာကြီးမားပြီး လူကဲ့သို့အသိဉာဏ်ရှိခြင်း၊ သွေးရင်းသားရင်းကို သံယောဇဉ်ကြီးခြင်း၊ ရက်စက်ခြင်း၊ သတ္တိရှိခြင်းစသည်တို့မှာ လူနှင့်များစွာ တူလှသည်။

ယခုလှောင်အိမ်ထဲမှာ ထည့်ထားသောသတ္တဝါမှာ လူများနှင့် နီးစပ်မှုရှိသော အိုရန်အူတန်ဟုခေါ်သော တောလူပင်ဖြစ်ပေတော့သည်။

ပုံပန်သဏ္ဌာန်မှာ မျောက်ဝံနှင့်တူသကဲ့သို့ လူဝံနှင့်လည်း များစွာတူလေသည်။

ဒေါက်တာမှင်းထင်ကျော်တို့က ထိုသတ္တဝါကို အသေအချာ ကြည့်နေသောအခါ မုဆိုးက နောက်မှရောက်လာသည်။

"ခင်ဗျားတို့ ဒီကောင်ကြီးကို သဘောကျလို့. . ဘယ်လောက်ပေးပေး. . ရောင်းလို့မရတော့ဘူး"

"ဘာကြောင့်လဲဗျ. . . ."

"အိန္ဒိယမှာရှိတဲ့ တိရစ္ဆာန်ရုံတစ်ရုံက ယူဖို့ပြောထားပြီးသားဖြစ်နေလို့ပါ။ အစိုးရနဲ့ သက်ဆိုင်တဲ့လူတွေကိုတော့ ဦးစားပေးရမယ်. . သူတို့ကို မလွန်ဆန်ဝံ့ဘူး၊ သူတို့နဲ့အဆင်မပြေရင် သားကောင်ဖမ်းဆီးခွင့် လိုင်စင်ရမှာ မဟုတ်တော့ဘူး"

ဟုရှင်းပြလေသည်။

သို့ကြောင့်ဘာမှ မပြောတော့ပဲ အခြားနေရာများသို့ လိုက်ကြည့်ကြလေသည်။

မုဆိုးကလည်း သူတို့နောက်မှ တစ်ကောက်ကောက်





လိုက်နေလေသည်။

"ဒါနဲ့မေးရဦးမယ် ခင်ဗျားက ဒီမှာနေတာဆိုတော့ ပိုးရွှေတောင်ကို မြင်ဘူးလား"

"နာမည်သာရှိတာပါဗျာ၊ ပိုးရွှေတောင်ဆိုတာ တစ်ခါမှ မတွေ့ဖူးပါဘူး"

ဟုပြောသဖြင့် စကားစပြတ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက် ထိုနေရာမှ ပြန်ထွက်လာသောအခါ မုဆိုးက အပေါက်ဝထိ လိုက်ပို့ပေးရင်း လှမ်းပြောလေသည်။

"ခင်ဗျားတို့ကဲ ဧည့်သည်တွေမို့ ပြောရဦးမယ်၊ ပိုးရွှေတောင်ကို လိုက်ရှာမနေနဲ့ဗျ တွေ့မှာမဟုတ်ဘူး၊ တကယ်လို့ရှာတွေ့ရင်လည်း ခင်ဗျားတို့သေမှာပဲ. . .

ဘာကြောင့်လည်းဆိုတော့ အဲဒီသတ္တဝါက အဆိပ်ပြင်းတော့ ထိရုံနဲ့သေတာပဲ"

ဟုလှမ်းပြောပြီး ခြံထဲပြန်ဝင်သွားကာ တံခါးချပ်ကို 'ဝုန်း' ခနဲ အသံမြည်အောင် ပြန်ပိတ်လိုက်သည်။

သူတို့သုံးယောက်လည်း ရာဂျစ်စောင့်နေသော လှေဆိပ်ရှိရာသို့ ပြန်ဆင်းခဲ့ကြလေသည်။

နေရောင်ခြည်ကတော့ မြင့်တက်နေလေပြီ. . .။





www.burmeseclassic.com

www.burmeseclassic.com





## (အခန်း - ၅)

# ချန္ဒရာဘို (၁) လမ်းမှရက်စက်သော လူသတ်မှု

ထိုအဖြစ်အပျက်များဖြစ်ခဲ့ကြပြီးနောက် . . . နောက်တစ်ရက်ခန့်အကြာ နံနက်ပိုင်းအချိန်တွင် ကြောက်မက်ဖွယ်ကောင်းသော လူသတ်မှုကြီးအကြောင်းကို သတင်းစာများ၌ ဖော်ပြထားသည်ကို ဖတ်ရှုကြရတော့သည်။

"ဟူဂလီဂေဇက်၊ နေ့စဉ်သတင်းစာကြီး၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့ နံနက်(၃)နာရီအချိန်ခန့်က ဟူဂလီမြို့၊ ချန်ဂီရပ်ကွက်၊ ချန္ဒရာဘို့(စ်)လမ်း၊ အမှတ်( . . . . )၌ရှိသော အိမ်ကြီးတစ်အိမ်တွင်း ကြောက်မက်ဖွယ်ကောင်းသော နှစ်လောင်းပြိုင်လူသတ်မှုကြီး ပေါ်ပေါက်ခဲ့ပေသည်။

ထိုနေ့ နံနက်(၃)နာရီအချိန်ခန့်က ထိုရပ်ကွက်မှာ နေသူတို့သည်၊ ထိုအိမ်ကြီးရှိရာမှာ စူးစူးဝါးဝါး အော်သံများ ကြားကြရသဖြင့် အထိတ်တလန့်ဖြစ်ကာ နိုးလာခဲ့ကြကြောင်း. . ။

ထိုအော်သံမှာ ချန္ဒရာဘို့( စ် )လမ်းရှိ လေးထပ်တိုက်တစ်တိုက်ဆီမှ ဖြစ်ကြောင်း. . ။

ထိုအိမ်ကြီးတွင် အသက်(၅၀)ကျော်အရွယ်ခန့်ရှိသော ဒေါ်မာရီယာဆိုသော အမျိုးသမီးနှင့် အသက်(၂၀)ပတ်ဝန်းကျင်သာရှိသေးသော သမီးဖြစ်သူမေရီတို့ နှစ်ဦးတည်းသာနေထိုင်လျက်ရှိပါကြောင်း. . . ။

မှုခင်းသတင်းထောက်တစ်ယောက်၏ စစ်ဆေးတွေ့ရှိချက်များမှာ. . . . ။

ထိုကဲ့သို့ ဆူဆူညံညံ အော်ဟစ်သံများကြားရပြီး ပတ်ဝန်းကျင်မှ လူအချို့ ထိုနေရာသို့ သွားခဲ့ကြကြောင်း။ ထိုအထဲတွင် ပတ္တာရောင်လှည့်နေသော ပုလိပ်နှစ်ယောက်တို့လည်း ပါဝင်လေ၏။

ထိုအိမ်သို့ရောက်ပြီး တံခါးဖွင့်ခိုင်းသောအခါ. . လာရောက် ဖွင့်ပေးမည့်သူမရှိပေ။

အကြိမ်ကြိမ်ခေါ်သော်လည်း မရသဖြင့် တံခါးချပ်ကို





ဘွန်းကြည့်ရာ အတွင်းမှ ချက်ထိုးထားသောကြောင့် တံခါးချက်ကိုဖျက်၍ အတွင်းသို့ဝင်ခဲ့ကြရကြောင်း. . ၊

အိမ်အတွင်းသို့ ဝင်ကြရာမှာ အရပ်သား(၁၀)ယောက်ခန့်နှင့် ပုလိပ်နှစ်ယောက်တို့ ပါဝင်လေ၏၊

တံခါးဖွင့်၍ ဝင်သွားသောအချိန်တွင် အထဲမှ အော်ဟစ်သံတို့က တိတ်ဆိတ်သွားလေပြီ. . ။

အော်သံကြားရသောနေရာမှာ အောက်ထပ်မှ မဟုတ်ဘဲ အပေါ်ထပ်မှ ဖြစ်သောကြောင့် လှေကားမှ အပေါ်ထပ်တက်သွားကြ၏။

အပေါ်ထပ်သို့ရောက်စမှာပင် တစ်နေရာမှ မသဲကွဲသော စကားပြောသံအချို့ ကြားလိုက်ရသေးသည်။

ထိုအသံတို့မှာ ဒေါသတကြီး အော်ဟစ်ပြောဆိုနေသော အသံမျိုးဖြစ်သည်။

ဒုတိယထပ်သို့ ရောက်သွားသောအခါ ထိုအသံများ ပျောက်သွားလေတော့၏။

ဒုတိယထပ်မှာရှိသော တံခါးများကို လိုက်လံကြည့်သော်လည်း ဘာမှထူးခြားမှုမတွေ့ရသောကြောင့် တတိယထပ်သို့ ဆက်တက်ကြသည်။

တတိယထပ်မှာ ရှာပြန်တော့လည်း ဘာမှထူးခြားမှုမတွေ့ရသောကြောင့် အပေါ်ဆုံးထပ်သို့ ဆက်တက်ခဲ့ကြရပါကြောင်း. . . ။

အပေါ်ဆုံးထပ်သို့ရောက်သောအခါမှာလည်း ထူးထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားခြား ဘာမှမတွေ့ရသဖြင့် အခန်းတံခါးချပ်များကို လိုက်လံဖွင့်ကြည့်ရာ ထူးခြားမှုမတွေ့ရပေ။

နောက်ဆုံး. . အတွင်းမှ ချက်ထိုးပြီး ပိတ်ထားသော အခန်းတစ်ခန်းသာ ဖွင့်မရသဖြင့် ကျန်နေတော့သည်။

ပုလိပ်နှင့် အရပ်သားတို့လည်း အဆင်သင့်ပြင်ဆင်ပြီး ချက်ထိုးထားသော တံခါးချပ်ကို ဖျက်၍. . . ဖွင့်ကြည့်ကြရပါကြောင်း. . . ။

ထိုအခန်းတံခါး ပွင့်သွားသောအခါ များစွာထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော မြင်ကွင်းကို တွေ့ကြရပါကြောင်း။ အခန်းထဲမှာရှိသော ပရိဘောဂ စသည်တို့မှာ ကျွမ်းထိုးမှောက်ခုံဖြစ်နေရုံမက အချို့သေးငယ်သော ပစ္စည်းတို့မှာ ကြမ်းပြင်ပေါ်မှာ ကွဲကြေပျက်စီးနေကြ၏။

ထိုအခန်းထဲမှာ ခုတင်တစ်လုံးသာရှိပြီး ထိုခုတင်ပေါ်မှ မွေ့ရာချပ်သည်ပင် ကြမ်းပြင်ပေါ်သို့ ဖရိုဖရဲကျနေလေသည်။

ကုလားထိုင်တစ်လုံးပေါ်မှာတော့ သွေးများစွာစွန်းပေနေသော သင်တုန်းဓားတစ်ချောင်းကို တွေ့ကြရပါကြောင်း. . . မီးလင်းဖိုရှေ့ ကျောက်ပြားပေါ်မှာတော့ ညိုမည်းရောင်ဆံပင်အထွေး နှစ်ခုသုံးခု တွေ့ရသည်။

ထိုဆံပင်ထွေးပြတ်များမှာလည်း သွေးများစွန်းပေလျက်ရှိသည်။

ပုလိပ်တို့က ဆံပင်ထွေးများကို စစ်ဆေးကြည့်သောအခါ အမြစ်မှ ကျွတ်ထွက်လာသော ဆံပင်များဖြစ်သည်ဟု တွေ့





ရပါကြောင်း. . . ။

ကြမ်းပြင်ပေါ်မှာတော့ အိန္ဒိယနိုင်ငံသုံး ရွှေဒင်္ဂါးလေးပြား၊ စိန်နားကပ်တစ်ဖက်၊ ငွေဇွန်းသုံးချောင်းတို့နှင့် အိတ်နှစ်လုံးတို့ကို တွေ့ခဲ့ရပါကြောင်း။

ထိုအိတ်များကို ဖွင့်ပြီးစစ်ဆေးကြည့်သောအခါ ရွှေဒင်္ဂါး(၄၀၀၀)ကိုတွေ့ကြရ၏။

အခန်းထဲမှာထားသော တုံးလုံးဗီရို သုံးလုံးမှာ အံဆွဲများ တစ်ခုမကျန် ထုတ်ပြီး. . တစ်စုံတစ်ခု ရှာဖွေထားခဲ့သော လက္ခဏာမျိုး တွေ့ခဲ့ရကြောင်း။

ထိုအံဆွဲများအတွင်းမှာရှိသော ပစ္စည်းတို့မှာလည်း ကြမ်းပြင်ပေါ်၌ ပြန့်ကြဲနေလေ၏။

ခုတင်အောက်တွင် မီးခံသေတ္တာအသေးတစ်လုံးရှိပြီး သော့တန်းလန်းနှင့် အဖုံးပွင့်နေသည်။

မီးခံသေတ္တာထဲမှာတော့ ရွှေငွေမရှိပဲ အရေးကြီးသော စာချုပ်စာတမ်းများသာ ရှိလေ၏။

အခန်းထဲမှာ သွေးစက်များနှင့် ဆံပင်များကိုသာ တွေ့ရသော်လည်း ဒေါ်မာရီယာတို့ သားအမိနှစ်ယောက်ကိုတော့ မတွေ့ကြရသောကြောင့် အခန်းထဲသို့ လိုက်လံရှာဖွေကြရာ. . မီးလင်းဖိုရှေ့ ကျောက်ပြားပေါ်၌ ခြေရာများ ရှုပ်ထွေးနေသည်ကို သတိပြုမိသဖြင့် ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေသောအခါမှ သမီးဖြစ်သူမေရီ၏ အလောင်းကို အလှုင်တွေ့ကြရပါကြောင်း. . ။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို အပေါ်ဘက်ရှိ ကျဉ်းမြောင်းလှသော မီးခိုးခေါင်းတိုင် အတွင်းသို့ အောက်ထိုးကြီး အတင်းထိုးထည့်ထားသောကြောင့် လူအားဖြင့် ခက်ခက်ခဲခဲ ပြန်ဆွဲထုတ်ကြရသည်၊

အောက်ရောက်၍ စစ်ဆေးကြည့်သောအခါ. . အလောင်းမှာ ပုပ်နွမ်းနေသော်ငြား နှိုနေသောကြောင့် မကြာသေးခင်ကမှ အသတ်ခံရခြင်းဖြစ်ကြောင်း၊ တစ်ကိုယ်လုံး ကျပ်ခိုးနှင့် သွေးများ စွန်းပေနေရုံမက ဒဏ်ရာဒဏ်ချက်များလည်း တွေ့ကြရသည်။

သူမ သေရသောအကြောင်းရင်းမှာ လည်ပင်းကို ပြင်းထန်စွာ ညှစ်သတ်ခံရခြင်းဖြစ်ကြောင်း သွင်သွင်ကျိုးနေသော လည်ပင်းရိုးက သက်သေခံနေလေ၏။

ဖြူဖွေးနေသော လည်ပင်းတစ်ဝိုက်တွင် အညိုအမည်းစွဲနေသော လက်ငါးချောင်းရာများနှင့် သွေးစို့နေသော လက်သည်းရာတို့ကို တွေ့ကြရပါကြောင်း. . .။

ထို့နောက်မှာတော့ တစ်အိမ်လုံး နေရာအနှံ့ရှာဖွေပါသော်လည်း မိခင်ဖြစ်သူ ဒေါ်မာရီယာကိုတော့ မတွေ့ကြရပေ အိမ်တွင်းအိမ်ပြင်ပါမကျန် နေရာအနှံ့ လိုက်လံရှာသောအခါမှ အိမ်အနောက်ဘက်ရှိ ကျောက်ပြားခင်းထားသည့် ကွက်လပ်တွင် ဒေါ်မာရီယာအလောင်းကို တွေ့ကြရပါကြောင်း။

ထိုနေရာသို့ ဆင်းကြည့်သောအခါ ကြောက်မက်ဖွယ်မြင်ကွင်းကို တွေ့ကြရလေ၏





ဒေါ်မာရီယာ၏ လည်ပင်းမှာ တဲတဲကလေးမျှသာ ကျန်တော့ပြီး ပြတ်ထွက်နေသည်။

ပုလိပ်တစ်ယောက် ထိုအလောင်းကို စစ်ဆေးကြည့်နေစဉ်မှာ တဲတဲကလေးသာကျန်တော့သော ဦးခေါင်းက ပြတ်ထွက်သွားလေတော့သည်။

တစ်ကိုယ်လုံးမှာလည်း ဓားဖြင့်မွှန်းထားသော ဒဏ်ရာအကြီးအသေးများစွာတို့ တွေ့ရသည်။

မသတ်ခင်မှာ ဓားဖြင့် အကြိမ်ကြိမ်မွှန်းပြီး နှိပ်စက်ခဲ့ခြင်းဖြစ်ကြောင်း ပုလိပ်များက မှတ်ချက်ချသည်။

ထို့နောက်မှာတော့ အိမ်တွင်းအပြင်မှ သော်လည်းကောင်း ခြံအတွင်းအပြင်မှာသော်လည်းကောင်း၊ သားမိနှစ်ယောက်စလုံးကို ရက်ရက်စက်စက် သတ်ဖြတ်သွားသော လူသတ်တရားခံကို လိုက်လံရှာဖွေပါသော်လည်း မတွေ့ရသေးကြောင်း. . .။

သတင်းစာမှာ အကျယ်တဝင့် ရေးသားဖော်ပြထားသည်ကို ဖတ်ရှုကြရသည်။

"တယ်လည်းရက်စက်ကြပါလား၊ မိန်းမနှစ်ယောက်စလုံးကို သတ်ချင်တယ်ဆိုရင်တောင် ဘယ်လိုသတ်သတ် ရပါလျက်နဲ့ ဒီလိုရက်ရက်စက်စက်သတ်တာမျိုးတော့ မသင့်ပါဘူး"

ဦးဖန်ကောင်းကပြောသည်။

"ဖြည်းဖြည်းပဲသတ်သတ်၊ ကြမ်းကြမ်းပဲသတ်သတ်. . အသက်သေဖို့ကတော့ အဓိကဆိုတော့ အခုလိုဖြစ်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့"

"ဒါထက် ကြမ်းပြင်ပေါ်မှာ အဆင်သင့်တွေ့တဲ့ ရွှေဒင်္ဂါးတွေကောင် ယူမသွားဘူးဆိုတော့ ဥစ္စာအတွက်တော့ ဟုတ်မယ်မထင်ဘူး"

"ဒါကလည်း မျက်မြင်တွေ့ရမှ ဖြစ်မှာဆိုတော့ စိတ်ကူးနဲ့ မှန်းပြောဖို့တော့ မလွယ်လှဘူး"

"ဆရာ စိတ်ဝင်စားတယ် မဟုတ်လား၊ ကျွန်တော်တို့ကလည်း ဒီရောက်နေတဲ့အခိုက် ဟူဂလီက ပုလိပ်အဖွဲ့ကို ဝင်ပြီး အကူအညီပေးလိုက်ကြရရင် ပိုမကောင်းဘူးလား"

"ကောင်းတာပေ့ါ အမှုဆိုတာ ယုံထောင်ကြောင်မိဆိုတာမျိုး ရှိတယ်၊ တခြားတစ်ခုရှာနေရင်းနဲ့ ကိုယ်ရှာနေတာကို တွေ့ရတာမျိုးလည်း ရှိတတ်တယ်. . အပြင်းပြေပေ့ါ"

ဟုပြောဆိုကာ သုံးယောက်သား အဝတ်အစားလဲလှယ်ပြီး ဟူဂလီမြို့ ဂါတ်တဲသို့ သွားကြလေသည်။

ဂါတ်တဲမှာ မြို့လယ်ပိုင်းလောက်မှာရှိပြီး အုတ်ကြွပ်မိုးထားသောအနီရောင်ဆေးသုတ်ထားသည့် တိုက်ပုကလေးဖြစ်သည်။

ဝန်းထဲမှာတော့ အချုပ်သားများထားသော အချုပ်ထောင်များ ရှိသည်။

မိန်းမအချုပ်သားအတွက် တစ်ဆောင်၊ ယောကျ်ားအချုပ်သားအတွက် နှစ်ဆောင်ဖြစ်ပြီး. . . စုစုပေါင်း အချုပ်သုံးဆောင်ရှိသည်။





အနောက်ဘက်မှာတော့ အရာရှိများနေသော သီးသန့်အိမ်နှင့် ပုလိပ်များနေသော တန်းလျားဆောင်များတွေ့ရသည်။ ဆက်၍ဝင်သွားတော့ တာဝန်ခံရာဇဝတ်အုပ်နှင့် တွေ့ရသည်။

စုံထောက်ကျော်စွာက ပုလိပ်မင်းကြီးရေးပေးထားသော တံဆိပ်ပါသည့်စာကို ပြသောအခါ အမူအရာပြောင်းသွားပြီး ၄င်းအခန်းထဲမှာ ဧည့်ခံလေသည်။

"ကျွန်တော်နာမည် ရာဇဝတ်အုပ် ဂါးရင့်လို့ခေါ်ပါတယ်၊ လောလောဆယ် ဒီဂါတ်တဲကို တာဝန်ယူနေရပါတယ်၊ မြန်မာပြည်ကစုံထောက်တွေ ဘယ်လောက်ထက်မြက်ပြီး. . . ဘယ်လောက်တော်တယ်ဆိုတာတော့ သတင်းကြားပြီးသားပါ၊ အခုလို တွေ့ရတာ ဝမ်းသာပါတယ်"

ဟုပြောပြီး ကော်ဖီမှာပြီး ဧည့်ခံလေသည်။ စုံထောက်ကျော်စွာက လာရင်းကိစ္စကို ပြောပြလိုက်သောအခါ ရာဇဝတ်အုပ် ဂါးရင့် မျက်နှာပေါ်မှာ. . ကျေနပ်ဝမ်းမြောက်သော အမူအရာများ ပေါ်လာလေသည်။

"ဘုရားမ,တာပါဘဲ ဒီလောက်ရှုပ်ထွေးတဲ့အမှုကြီးကို ဘယ်လိုဖြေရှင်းရပါမလဲလို့ စိတ်ရှုပ်နေတဲ့အချိန်မှာ အကူအညီပေးတဲ့သူတွေ ရောက်လာတာပဲ. . .၊ ခင်ဗျားတို့သဘောကျ လွတ်လွတ်လပ်လပ် စုံစမ်းစစ်ဆေးဖို့ ခွင့်ပေးပါတယ်၊ ဘယ်နေရာမဆို ဝင်ရောက်ကြည့်ရှုခွင့်နဲ့ တရားခံနဲ့ ဆက်စပ်မှုရှိသူတွေကို ဖမ်းဆီးခွင့် ဝရမ်းလည်း ထုတ်ပေးပါမယ်"

ဟုပြောဆိုပြီး အလွန်တက်ကြွသော အမူအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com


စာရွက်ပေါ်မှာ တံဆိပ်တုံးထုပြီး လက်မှတ်ထိုးပေးလေသည်။

"ဒါထက် အလောင်းတွေတော့ သယ်သွားပြီး မဟုတ်လား"

"သေသေချာချာ အမှုအဖြေမရသေးတော့ ဆေးရုံအ ရှင်ခွဲရုံမှာပဲ ထားပါတယ်"

"ဒါထက် စစ်ဆေးထားပြီး သက်သေမှတ်တမ်းတွေ ရှိရင်လည်း ကြည့်ပါရစေ"

ဟုပြောသောအခါ ဂါးရင့်က အနောက်ဘက်စင်ပေါ်မှာ တင်ထားသော ဖိုင်တွဲတစ်ခုကို ချပေးပြီး. . .

"ကဲ. . ဆရာတို့ အေးအေးဆေးဆေးသာ လေ့လာကြပါ"

ဟုပြောပြီး အပြင်သို့ထွက်သွားလေသည်။

ဖိုင်အဖုံးပေါ်မှာတော့ စာလုံးကြီးကြီးဖြင့် . . .

"ချန္ဒရာဘို့(စ)လမ်း လူသတ်မှု"

ဟု ရေးထားလေသည်။

ဖိုင်တွဲအတွင်းမှာတော့ လူအတော်များများကို စစ်ဆေးရာမှ ၄င်းတို့ထွက်ဆိုချက်များကို ရေးမှတ်ထားလေသည်။ ပထမဆုံး ထွက်ဆိုချက်မှာ ထိုအိမ်မှအဝတ်များကို လျှော်ဖွပ်ပေးရသော အမျိုးသမီး(ခဝါသည်)၏ ထွက်ဆိုချက်ပင်ဖြစ်၏။

"အသတ်ခံရသော အမျိုးသမီးနှစ်ဦးစလုံးနှင့် လွန်ခဲ့သော သုံးနှစ်ခန့်က စတင်သိခဲ့ပြီး ၄င်းတို့အဝတ်အစားများကို သူမထံမှာ ခဝါပေးခဲ့ကြောင်း၊ သူမသိသမျှ သားအမိနှစ်ယောက်



စလုံးမှာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြပြီး ပြဿနာတစ်စုံတစ်ရာ ရှိတန်မတူကြောင်း၊ ၄င်းတို့သည် မည်သို့မည်ပုံဝင်ငွေရှိသည်ကိုတော့ မသိပါကြောင်း၊

သားအမိနှစ်ယောက်စလုံး ဘာသာရေးယုံကြည်မှုရှိပြီး စိတ်သဘောကောင်းမွန်ကြောင်း၊ အဝတ်များလျှော်ဖို့ လာယူသည့်အခါမှာသော်လည်းကောင်း၊ လျှော်ပြီးအဝတ်များ လာပို့ပေးသည့်အခါမှာသော်လည်း အခြားလူစိမ်းများ မတွေ့ခဲ့ရကြောင်း၊ ထိုနေ့က လျှော်ပြီးသားအဝတ်များ လာရောက်ပို့ပေးသောအခါမှ ထိုသားအမိ အဖြစ်ဆိုးကြုံရပုံကို သိခဲ့ရပါကြောင်း"

ဟု ထွက်ဆိုလေသည်။

ဒုတိယအစစ်ခံသူမှာ သေဆုံးသောသားအမိ နှစ်ယောက်နှင့် ပတ်သက်သော ဆေးဆိုင်ပိုင်ရှင်၏ ထွက်ဆိုချက်ပင်ဖြစ်၏။

'ပါရမို' ဆေးဆိုင်ပိုင်ရှင်၏ ထွက်ဆိုချက်မှာ. . .၊

"သူသည် လွန်ခဲ့သော လေးနှစ်ခန့်ကပင် ဒေါ်မာရီယာတို့သားအမိနှင့် ခင်မင်ရင်းနှီးခဲ့ပါကြောင်း၊ သူသည် ထိုရပ်ကွက်၌ပင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်သောကြောင့် ထိုနေရာအကြောင်းများကို ကောင်းစွာသိရှိခဲ့ပါကြောင်း၊

၄င်းတို့ သားအမိမှာ ထိုအိမ်ကြီးသို့ လွန်ခဲ့သော ခြောက်နှစ်ခန့်က စတင်ရောက်လာပြီး နေထိုင်ခဲ့ပါကြောင်း၊ ယခင်က ထိုအိမ်ကြီးကို အခြားသူတစ်ယောက်ကို ငှားထားရာမှ မဆော်မပြမှုရှိသဖြင့် စာချုပ်ပြည့်သောအခါ ဖယ်ခိုင်းပြီး သူတို့လာနေခြင်း


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း၊ အိမ်ပေါ်မှ ဖယ်ပေးရသည့် ပန်းတိမ်ဆရာမိသားစုနှင့် ပြဿနာဖြစ်ပွားခဲ့သည်ကို သိခဲ့ရကြောင်း၊

၎င်းတို့သားအမိသည် ထိုအိမ်ကြီးသို့ရောက်သည့်အချိန်မှစပြီး အခြားသူများနှင့် အဆက်အသွယ်မလုပ်ပဲ လျှို့ဝှက်စွာနေခဲ့ကြောင်း၊ အမြဲတစေ အိမ်တံခါးများကို အလုံပိတ်ထားသည်ကိုသာ တွေ့ခဲ့ရပါကြောင်း၊

တစ်ခါကတော့ အရပ်မြင့်ပြီး မျက်နှာကို မမြင်ရသောလူတစ်ယောက် ထိုအိမ်ကြီးနှင့်မနီးမဝေးမှာ ရပ်ပြီး အချိန်အတော်ကြာအောင် ကြည့်နေသည်ကို သတိပြုမိခဲ့ပါကြောင်း. . ”

ဟု ထွက်ဆိုထားသည်။

တတိယထွက်ဆိုချက်ကတော့ အမှုကို စစ်ဆေးသောပုလိပ်အရာရှိ၏ အစီရင်ခံချက်ပင်ဖြစ်၏။ ပုလိပ်အရာရှိ နန္ဒ၏ထွက်ဆိုချက်မှာ. . .၊

အမှုအခင်း ဖြစ်ပွားခဲ့သောနေ့က နံနက်ပိုင်း(၃)နာရီအချိန်ခန့်တွင် မိမိသည်အိမ်ကြီးရှေ့သို့ ရောက်သွားခဲ့ကြောင်း၊ ရပ်ကွက်ထဲမှ လူနှစ်ဆယ်ခန့်နှင့် ပတ္တာရောင်လှည့်နေသောပုလိပ်နှစ်ယောက်တို့ အိမ်ထဲဝင်ရန် ကြိုးစားနေခဲ့ကြကြောင်း၊ တံခါးခေါက်သောအခါ ဖွင့်ပေးမည့်သူမရှိသဖြင့် တံခါးကို ဖျက်ဆီးပြီး ဝင်ခဲ့ရပါကြောင်း၊

(ရဲအရာရှိ ဖော်ပြချက်မှာ တံခါးကို ဖွင့်ရာတွင် သံတူရွင်းကို အသုံးပြုခြင်းမဟုတ်ဘဲ လုံ့စွပ်ဖြင့်အသုံးပြုကာ ဖွင့်ခဲ့ရကြောင်း ပါသည်။)





တံခါးမှာ ခေါက်တံခါးအမျိုးအစားဖြစ်သဖြင့် ဖွင့်ရလွယ်ကြောင်း၊ တံခါးဖွင့်ဝင်သွားပြီး အထဲသို့ရောက်သောအချိန်မှာပင် အပေါ်ထပ်မှ ငယ်သံပါအောင် အော်ဟစ်နေကြသောမိန်းမအသံများကို ကြားနေရသေးကြောင်း၊

အသံများမှာ ဆွဲဆွဲငင်ငင်ဖြင့် အလွန်ကျယ်လောင်စွာအော်ဟစ်နေသော အသံမျိုးဖြစ်ရာ အလွန်တရာ နာကျင်မှုခံစားရသဖြင့် အော်ဟစ်အကူအညီတောင်းနေသည့် အသံမျိုးဖြစ်နိုင်ကြောင်း၊

၎င်းတို့အပေါ်ထပ်တက်သွားသောအချိန်မှာ ထိုအော်သံများ ပျောက်သွားခဲ့ကြောင်း၊ ဒုတိယထပ် ရောက်သောအခါအပေါ်ဆုံးထပ်မှာ ဒေါသတကြီးအော်ဟစ်ပြောဆိုနေသံ (သို့)ကြိမ်းမောင်းနေသောအသံမျိုး ကြားရကြောင်း၊ ထိုအသံမှာဘာသာစကားတစ်မျိုးဖြစ်ပြီး အနည်းငယ်လေသံဝဲနေသည်ဟုထင်ရကြောင်း၊

ထိုအသံနှင့်အတူ အခြားအသံတစ်မျိုး ကြားရသော်သည်း မသဲကွဲလှပေ၊ စောစောကကြောက်လန့်တကြား အော်သံမျိုးတော့မဟုတ်ဘဲ ဒေါသတကြီးပြောဆိုနေသော အသံမျိုးဖြစ်သည်ကို သတိပြုမိကြောင်း၊ အနည်းငယ်ဝဲနေသောအသံမှာအထိတ်တလန့် ရေရွတ်သံနှင့် ကြိမ်းမောင်းပြောဆိုသံတို့ ရောသွားနေကြောင်း၊

မိမိတို့ အပေါ်ရောက်သွားတော့ အခန်းထဲမှာ ပြန့်ကျဲနေသောပစ္စည်းများ၊ ရွှေဒင်္ဂါးထည့်ထားသောအိတ်၊ လွင့်စင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော သင်တုန်းဓား၊ အထွေးလိုက် ပြတ်ကျနေသည့် ဆံပင်အချို့နှင့် မီးခိုးခေါင်းတိုင်ထဲမှ အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရကြောင်း၊

နောက်ထပ်လိုက်လံရှာဖွေသောအခါ အိမ်အနောက်ဘက်ကွက်လပ်ရှိ ကျောက်ပြားပေါ်မှာ လည်ပင်းပြတ်လျက် သေဆုံးနေသည့် အမျိုးသမီးအလောင်းတစ်လောင်း ထပ်မံတွေ့ရကြောင်း၊

သေဆုံးသူ အမျိုးသမီးနှစ်ယောက်တို့မှာ မိခင်ဖြစ်သူ ဒေါ်မာရီယာနှင့် သမီးမေရီတို့ဖြစ်ကြောင်း. . . စုံစမ်းသိရှိခဲ့ရပါသည်။

ဟုရေးသားဖော်ပြထားလေသည်။ ထိုနေရာအထိဖတ်ပြီးသောအခါ ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချလိုက်သည်။

“အမှုစစ်အရာရှိ နန္ဒရေးထားတဲ့ အစီရင်ခံစာနဲ့. . . သတင်းစာမှာ ဖော်ပြထားတာတွေနဲ့ သိပ်မကွာဘူး”

“ဟုတ်တယ်ဆရာ ရပ်ကွက်ထဲကလူတွေနဲ့ ပုလိပ်တွေ အိမ်ထဲရောက်နေတဲ့အထိ လူသတ်သမားတွေက အိမ်ထဲမှာ ရှိနေကြတုန်းပဲ”

“မောင်ကျော်စွာက ဘယ်လိုယူဆလို့လဲ”

“သူတို့ထွက်ဆိုချက်အတိုင်းဆိုရင် အမျိုးသမီးတွေ အော်သံပျောက်သွားတဲ့နောက်မှာ ကြိမ်းမောင်းသံတွေ အော်ဟစ်ပြောဆိုနေသံတွေ ကြားရတယ်လို့ပါတယ်၊ ကျွန်တော် ထင်





တာကတော့ လူသတ်သမားက နှစ်ယောက်ဖြစ်နိုင်တယ်”

“ဒါထက် လေးထပ်တိုက်ရဲ့ အတွင်းက ချက်ထိုးထားတဲ့ အခန်းထဲက ဘယ်လိုထွက်သွားတာလဲ ကိုယ်ပျောက်နေလို့လား၊ ဒါမှမဟုတ် မြေလျှိုးမိုးပျံပြီး ထွက်သွားတာများလား”

ဦးဇန်ကောင်းက ဝင်ပြောလေသည်။

“ကျွန်တော်ထင်တာတော့ တစ်နေရာမှာ ပုန်းနေပြီး အပြင်ကလူတွေ ဝင်လာတော့မှ ရောယောင်ပြီး ထွက်သွားတာပဲ ဖြစ်မှာပေါ့”

“ဒါကတော့ အမှုဖြစ်တဲ့နေရာကို သွားကြည့်တော့မှ အခြေအနေသိရမှာပါ”

ထို့နောက်တွင် ကျန်နေသေးသော ထွက်ဆိုချက်များကို ဆက်ဖတ်ကြသည်။

နောက်တစ်ခုမှာ အိမ်နီးချင်းတစ်ယောက်၏ ထွက်ဆိုချက်ပင်ဖြစ်၏။

(ထိုသူမှာ ယခင်ကထိုအိမ်မှာ ငှားနေခဲ့ဖူးသော ပန်းတိမ်ဆရာ ဖြစ်သည်။)

၄င်းသည် အော်သံကြားသဖြင့် သွားရောက်ကြည့်ကြသော လူအုပ်ထဲတွင် ပါဝင်ခဲ့ကြောင်း၊ ရဲအရာရှိထွက်ဆိုသွားသော ထွက်ဆိုချက်များအတိုင်း ထွက်ဆိုပြီး. . . ၊ အပြင်၌ လူတွေများနေသောကြောင့် တံခါးချပ်ကို ပြန်ပိတ်ထားရကြောင်းနှင့် မိမိတို့သွားရောက်စက အပေါ်ထပ်မှ အော်သံများကြားရကြောင်း၊ မည်သို့သော ရန်ငြိုးရန်စရှိသဖြင့် ယခုကဲ့သို့ ရက်ရက်



www.burmeseclassic.com

www.burmeseclassic.com



စက်စက် သတ်သွားခဲ့ခြင်းကို မသိရှိပါကြောင်း. . .”

ထွက်ဆိုထားလေသည်။

နောက်တစ်ဦးမှာ ထိုနေရာတစ်ဝိုက်မှာ ဖွင့်လှစ်ထားသော တည်းခိုခန်းပိုင်ရှင် တစ်ဦးဖြစ်သည်။

၎င်းအစစ်ခံချက်မှာ. . .၊

“ယခုရက်ပိုင်းနှင့် အခင်းဖြစ်ပွားသောနေ့က မိမိတည်းခိုခန်းတွင် ထူးထူးခြားခြား လာရောက်တည်းခိုနေသော ဧည့်သည်မျိုး မရှိခဲ့ကြောင်း၊ ဧည့်စာရင်းမှတ်တမ်းတွင် တည်းခိုခဲ့သူတို့၏ အမည်နှင့်နေရပ်လိပ်စာတို့ကို ရေးမှတ်ထားပါကြောင်း၊ အခင်းဖြစ်ပွားပြီးနောက်ပိုင်းမှာလည်း တည်းခိုခန်းမှ အလျင်အမြန်ပြန်ထွက်သွားခဲ့သော ဧည့်သည်တစ်စုံတစ်ယောက် မရှိခဲ့ပါကြောင်း၊

ထိုနေ့နံနက်က ဆူဆူညံညံအော်သံများ ကြားသဖြင့် အခြားသူများနှင့် သွားရောက်ကြည့်ခဲ့ပါကြောင်း၊ အခြားအချက်အလက်များကတော့ အခြားသူများကြားသကဲ့သို့ အပေါ်ထပ်မှ အသံအချို့ကြားခဲ့ရပါကြောင်း. . .”

ထွက်ဆိုထားသည်။

အခြားတစ်ယောက်မှ ‘နယူးဒေလီဘဏ်’ သူဌေးဖြစ်သည်။ သူ၏ ထွက်ဆိုချက်မှာ. . .၊

“ဒေါ်မာရီယာသည် ဥစ္စာပစ္စည်းကြွယ်သူဖြစ်ကြောင်း လွန်ခဲ့သောရှစ်နှစ်ခန့်ကပင် မိမိတို့ဘဏ်မှာ စာရင်းဖွင့်ထားခဲ့ကြောင်း၊ ရွှေနှင့်ငွေတို့ကို လာရောက်အပ်နှံထားသော်လည်း





ပြန်ထုတ်သည့်အခါမှာ များများစားစား ပြန်ထုတ်သည်မျိုး မရှိခဲ့ပေ၊

အခင်းမဖြစ်ပွားမီ တစ်ရက်ခန့်ကတော့ ထူးထူးခြားခြား ရွှေဒင်္ဂါးလေးထောင်ကို ဘဏ်မှာပြန်ထုတ်ယူသွားခဲ့ကြောင်း၊ ထိုငွေထုပ်ကို သယ်ယူပို့သူ ဘဏ်မှ ဘဏ်စာရေး၏အမည်မှာ ‘သော်မဆင်’ ဆိုသူဖြစ်ပါကြောင်း. . .”

ထွက်ဆို ထားလေသည်။

တစ်ဆက်တည်း ဘဏ်စာရေး သော်မဆင်ဆိုသူကို ဆက်လက်စစ်ဆေးရာ အောက်ပါအတိုင်း ထွက်ဆိုထားလေသည်။

“ဒေါ်မာရီယာ ငွေထုတ်သောအချိန်က မွန်းလွဲပိုင်းအချိန်ဖြစ်ကြောင်း၊ ၎င်းထုတ်ယူထားသော ငွေထုပ်ကို မိမိကိုယ်တိုင် အိမ်ရောက်သည်အထိ လိုက်ပို့ပေးခဲ့ရပါကြောင်း၊ အိမ်သို့ရောက်သောအခါ သမီးဖြစ်သူကိုသာ တွေ့ခဲ့ရကြောင်း၊ ထိုအိမ်မှာ မိန်းမသားနှစ်ယောက်တည်း နေထိုင်နေကြခြင်းဖြစ်ကြောင်း”

ထွက်ဆိုထားလေသည်။

ထိုနေရာရောက်တော့ စုံထောက်ကျော်စွာက မှတ်ချက်ချသည်။

“အခုစစ်ဆေးကြည့်ပြီးတဲ့အထိတော့ ဒီအမှုမှာ ပထမဆုံးအချုပ်ထဲရောက်မယ့်သူဟာ သော်မဆင်ဆိုတဲ့ ဘဏ်စာရေးပဲဖြစ်မှာ သေချာတယ်”

“အမှုမှာ သူပါတယ်ဆိုရင် အဆင့်သင့်ရှိနေတဲ့ ရွှေဒင်္ဂါး



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို ဘာကြောင့်တစ်ပါတည်းယူမသွားတာလဲ"

"လူလွတ်အောင်ရှောင်နေရလို့ မယူဖြစ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ထိုကဲ့သို့သော စစ်ချက်များအပြင် အခြားစစ်ဆေးထားသော စစ်ချက်အချို့ကိုလည်း တွေ့ရသည်။

ထိုစစ်ချက်များမှာလည်း သဘောအဓိပ္ပါယ်က ရှေးက လူများထွက်ဆိုသွားသည်နှင့် သိပ်မခြားလှပေ။

ထို့နောက် ဖတ်ပြီးသမျှ ထွက်ဆိုချက်များကို ခြုံငုံပြီး သုံးသပ်ကြည့်ရာတွင် အောက်ပါအချက်အလက်အချို့ကို တွေ့ကြရလေသည်။

. . . သမီးဖြစ်သူ မေရီအလောင်း တွေ့ရသောအခန်းမှာ သူတို့ရောက်သွားသောအချိန်မှာ တံခါးကိုအတွင်းမှချက်ချထားကြောင်း၊

တံခါးဖျက်ပြီးဝင်သွားသောအခါ အခန်းထဲမှာ မည်သူမှမတွေ့ရကြောင်း၊

ထိုအခန်းထဲမှာရှိသော ပြတင်းပေါက် တံခါးချပ်များမှာလည်း အသေအချာပိတ်ထားလျက် အတွင်းမှ တံခါးချက်များထိုးထားတာ တွေ့ရကြောင်း၊

အခန်းနှစ်ခန်း ကူးသောတံခါးမှာ ပိတ်နေသော်လည်း သော့ခတ်မထားကြောင်း၊

အခန်းမှ အခန်းကူးသောလမ်းသို့ ထွက်သောနေရာမှာ တံခါးတစ်ချပ်ရှိပြီး သော့ခတ်ထားပါကြောင်း၊





စကြံထိပ်ရှိ အခန်းငယ်တစ်ခုမှာ ပွင့်နေပြီး ထိုအထဲတွင် အသုံးအဆောင်ပစ္စည်းဟောင်းများ ထည့်ထားကြောင်း၊ ပစ္စည်းများကို ဖယ်ရှားကြည့်သော်လည်း ဘာမှမတွေ့ခဲ့ရကြောင်း၊

တိုက်အိမ်ကြီးမှာ လေးထပ်တိုက်ဖြစ်သဖြင့် မြင့်လှကြောင်း အပေါ်၌လည်း လေသာဆောင်ရှိသော်လည်း ထိုနေရာသို့ တက်သောအပေါက်၌ တပ်ဆင်ထားသော တံခါးချပ်ကို သော့ခတ်ထားပြီး သံပန်းများ တပ်ဆင်ထားကြောင်း၊

၄င်းတို့သည် သမီးဖြစ်သူအခန်းနှင့် မနီးမဝေးရောက်သည်အထိ အခန်းထဲမှ အသံအချို့ကြားရပြီး နောက်ဆုံး'ဝုန်း' ဆိုသော အသံတစ်သံသာ ကြားလိုက်ရပါကြောင်း၊

အခန်းတံခါးကို ဖျက်ဝင်သွားသောအခါ ဖရိုဖရဲဖြစ်နေသော ပရိဘောဂပစ္စည်းများမှလွဲပြီး အခြားတစ်စုံတစ်ယောက်မှ မတွေ့ခဲ့ရပါကြောင်း၊

ထိုအခန်းထဲမှာရှိသော မီးလင်းဖိုခေါင်းတိုင်များမှာ ကျဉ်းမြောင်းလှသောကြောင့် . . . လူတစ်ယောက်မဝင်သာပါကြောင်း၊

မေရီအလောင်းထိုးထည့်ထားသော မီးလင်းဖိုခေါင်းတိုင်ကိုလည်း သူမအလောင်းဆွဲထုတ်ပြီး တုတ်ရှည်များဖြင့် ထိုးကြည့်ပါသော်လည်း ဘာမှ မတွေ့ခဲ့ရပါကြောင်း၊ အလောင်းကို လူလေးငါးယောက်ဆွဲထုတ်မှ ပြန်ထွက်လာရာ ထိုအချိန်အတွင်း ကျဉ်းငယ်အတွင်းမှာ မည်သို့မည်ပုံထိုးသွင်းသွားသည်ကို ခန့်



www.burmeseclassic.com

www.burmeseclassic.com



မှန်းမရပါကြောင်း၊

ပုလိပ်များနှင့် အရပ်သားတို့ အိမ်ရှေ့မှတက်လာစဉ် အနောက်ဘက်မှလည်း ဆင်းပြေးစရာလမ်းမရှိပါကြောင်း . . လူသတ်သမားမှာ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ပါကြောင်း . . မှတ်ချက်အချို့ကို တွေ့ကြရလေသည်။

နောက်ဆုံးထွက်ဆိုချက်မှာ . .

ဂျူးမတ်(စ်)ဆိုသူ မှုခင်းဆရာဝန်၏ ထွက်ဆိုထားချက်ပင်ဖြစ်၏။

၎င်း၏ ထွက်ဆိုချက်မှာ . . ၊

နံနက်လင်းစအချိန်မှာပင် မိမိသည် သားအမိနှစ်ယောက်တို့၏ အလောင်းတို့ကို စစ်ဆေးကြည့်ရှုခဲ့ရပါကြောင်း၊ ကျွန်ုပ်ရောက်သွားစဉ်က အလောင်းနှစ်လောင်းစလုံး သမီးဖြစ်သူ အခန်းမှာပင် တွေ့ခဲ့ရကြောင်း၊

သမီးအလောင်းမှာ ပွန်းပဲ့နေသော ဒဏ်ရာဒဏ်ချက်အများအပြားနှင့်၊ မီးခိုးခေါင်းတိုင်နှင့် ထိမိသဖြင့် ပွန်းရာခြစ်ရာများကို တွေ့ခဲ့ရပါကြောင်း၊ မေးစေ့အောက်တွင် နက်ရှိုင်းသော ကုတ်ခြစ်ရာများရှိပြီး ညိုမည်းနေသော ဒဏ်ရာများကြောင့် လည်ပင်းကို ညှစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း၊

မျက်နှာမှာ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ညိုမည်းနေပြီး မျက်လုံးများမှာ ပြူးထွက်နေကြောင်း လျှာမှာလည်း အပြင်သို့ အနည်းငယ်ထွက်နေကြောင်း၊

ရင်ဘတ်အောက်ပိုင်းတွင် အညိုအမည်းစွဲနေသော





အကွက်ကြီးတစ်ကွက်ပေါ်နေရာ အညိုစွဲထားသော ဒဏ်ရာဖြစ်ဟန်ရှိကြောင်း၊

၎င်းအနေဖြင့် ဆေးပညာရှုထောင့်မှ သုံးသပ်ရလျှင် ဆေးရိုဆိုသော အမျိုးသမီးမှာ ခွန်အားကြီးသောလူတစ်ယောက်က သူမလည်ပင်းကို ညှစ်သတ်ခဲ့ခြင်း ဖြစ်ဟန်ရှိကြောင်း

ဒေါ်မေရီယာ အလောင်းမှာတော့ ဒဏ်ရာအများအပြား တွေ့ရကြောင်း၊ ထိုဒဏ်ရာများမှာ သင်တုန်းဓားကဲ့သို့ အသွားထက်သောဓားဖြင့် ထိရှမိသောဒဏ်ရာ ဖြစ်ဟန်ရှိကြောင်း

ညာဘက်လက်နှင့် ညာဘက်ခြေထောက်အရိုးတို့မှာ ဆုံစေ့ညက်ညက်ကြေကာ ကျိုးနေကြောင်း၊ ထို့အပြင် လက်ဝဲဘက်ရှိ နံရိုးများလည်း ကျိုးနေသည့်အပြင် တစ်ကိုယ်လုံး အညိုအမည်းစွဲနေသော ဒဏ်ရာဒဏ်ချက်တို့ကို ကြောက်မက်ဖွယ်ရာတွေ့ရပါကြောင်း၊

မည်ကဲ့သို့ နှိပ်စက်မှုကြောင့် ထိုမျှများပြားလှသော ဒဏ်ရာဒဏ်ချက်များရရှိသည်ကို မသိရှိရသေးကြောင်း၊ ခန့်မှန်းရသည်မှာ ခွန်အားကြီးမားသောလူတစ်ယောက်က လက်နက်တစ်စုံတစ်ခုဖြင့် ထုရိုက်ခဲ့ခြင်းဖြစ်ဟန် ရှိကြောင်း၊

သေဆုံးသူ၏ လည်ပင်းမှာ လုံးဝပြတ်တောက်နေပြီး ဦးခေါင်းခွံမှာလည်း အက်နေပြီဖြစ်ကြောင်း၊

လည်ပင်းကိုအသွားထက်လှသော သင်တုန်းဓားကဲ့သို့ ဓားဖြင့်လှီးဖြတ်ပြီး မှအပေါ်ထပ်မှ အောက်သို့ပစ်ချလိုက်သောကြောင့် ထိုကဲ့သို့ ဒဏ်ရာဒဏ်ချက်များရစရာ အကြောင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါကြောင်း အစစ်ခံထွက်ဆိုထားလေသည်။

အခြား မှတ်တမ်း အချို့မှာတော့. . . ။

ရဲတပ်ဖွဲ့မှ အခြားသူများ မျက်မြင်သက်သေတို့ကိုပါ ခေါ်ယူလျက် စစ်ဆေးခဲ့ကြောင်း၊

သို့သော်လည်း ယခင်စစ်ဆေးသော ထွက်ဆိုချက်များနှင့်မကွာခြားလှပဲ ရှုပ်ထွေးနေဆဲပင် ရှိသေးပေ၏။

ယခုအခါမှာတော့ ရှုပ်ထွေးသောအမှုကို ရဲတပ်ဖွဲ့ဝင်တို့က အစွမ်းကုန်ကြိုးစားလျက် လူသတ်တရားခံကို ဖော်ထုတ်ဖမ်းဆီးရစေရန် ကြိုးစားလျက်ပင် ရှိနေပါကြောင်း။

ဒေါက်တာမင်းထင်ကျော် တို့သုံးယောက်မှာ ထူးဆန်းသောလူသတ်မှုနှင့် ပတ်သတ်သော စစ်ချက်မှတ်တမ်းတို့ အသေအချာဖတ်ရှုမှတ်သားပြီး ရာဇဝတ်အုပ် ဂါးရင့်လက်သို့ ပြန်အပ်ပေးခဲ့လေသည်။

"ကျွန်တော်လည်း ပုလိပ်လောကရောက်တာ နှစ်တော်ကြာခဲ့ပါပြီ၊ ဟူဂလီမြို့မှာ ဒီလောက်ရက်စက်ကြမ်းကြုတ်ပြီး ရှုပ်ထွေးတဲ့အမှုမျိုးတော့ တစ်ခါမှ မတွေ့ကြုံခဲ့သေးဘူး"

"ဒီလိုပဲပေါ့၊ တရားခံတွေနဲ့ ဉာဏ်ချင်းပြိုင်ကြတဲ့အခါ လွယ်တယ်လို့တော့ ဘယ်ရှိပါ့မလဲ၊ မကြာခင်တော့ အမှုမှန် ပေါ်ပေါက်လာမှာပါ"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် ဂါးရင့်၏ မျက်နှာပေါ်မှာ အနည်းငယ် စိတ်သက်သာရာ ရသွားသော အမူအရာများ ပေါ်လာလေသည်။





ထို့နောက် သုံးယောက်သား ဂါတ်တဲမှ ပြန်ထွက်လာကြလေသည်။ နောက်တစ်နေ့ထုတ် သတင်းစာများမှာတော့ လူသတ်မှုနှင့်သက်ဆိုင်သော သတင်းက ထပ်ပေါ်လာပြန်သည်။

အခြားမဟုတ်ပေ. . . ။

"နယူးဒေလီဘဏ်မှ ဘဏ်စာရေးဖြစ်သူ သော်ဓေရီသူကို ဖမ်းဆီးထားလိုက်ပြီ"

ဟူသောသတင်းပင်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com





## (အခန်း - ၆)

# လူသတ်မှုနှင့် သဲလွန်စကွင်းဆက်များ

အချိန်က ညဉ့်ဦးပိုင်း အချိန်သို့ရောက်နေချေပြီ. . .။

အိမ်ရှေ့ ဝရန်တာတွင် ထွက်ထိုင်နေသော ဒေါက်တာမင်းထင်ကျော်မှာ ကော်ဖီသောက်ရင်း၊ စီးကရက်ကို တစ်သိပ်ပြီးတစ်လိမ့် ဖွာရင်းနှင့် စဉ်းစားခန်းဝင်နေလေသည်။

ထိုအခိုက်မှာပင် စုံထောက်ကျော်စွာ အနားရောက်လာပြီး ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒေါက်တာမင်းထင်ကျော်က အပြင်ဘက်သို့ လှမ်းကြည့်ရင်းပြောသည်။

"ဟိုဘက်ကုန်းပေါ်မှာ ပေါက်နေတဲ့ သစ်ပင်ကြီးကို လှမ်းမြင်ရတယ် မဟုတ်လား မောင်ကျော်စွာ. . ."

"မြင်ရပါတယ် အတော်မြင့်တဲ့သစ်ပင်ပဲ၊ တောင်သရက်ပင်ကြီးများလား"

"မဟုတ်ပါဘူး လက်ပံပင်ကြီးပါ ပထမကိုင်းရောက်တဲ့ အထိတောင် အနည်းဆုံးပေတစ်ရာကျော်လောက်ပဲ ရှိလိမ့်မယ်"

ကျော်စွာက တစ်ချက်လှမ်းကြည့်ပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

ယခုထိ ဒေါက်တာမင်းထင်ကျော် ပြောနေသည့် စကား၏ ဆိုလိုရင်း အဓိပ္ပာယ်ကို သဘောမပေါက်သေးပေ။

"တကယ်လို့ မောင်ကျော်စွာအနေနဲ့ အဲဒီသစ်ပင်ခွကြားမှာ ရောက်နေတဲ့အချိန်မှာ. . အပေါ်က အန္တရာယ်တစ်ခုခု ဆင်းလာရင် ဘယ်လိုလုပ်မလဲ၊ ဥပမာ ကြီးမားပြီး အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ဆိုပါစို့"

"ဒါကတော့ ဆရာရယ် အသက်ဘေးအန္တရာယ်နဲ့ ကြုံနေမှပဲ ခုခံတိုက်ခိုက်လို့ ရရင်ရ၊ မရရင်တော့ ဘေးလွတ်အောင် ဆင်းပြေးရမှာပေါ့"

"ဒီလောက်ကြီးတဲ့ သစ်ပင်ပေါ်က အလွယ်တကူဆင်းပြေးလို့ ရပါမလား၊ တကယ်လို့ ခုန်ဆင်းရင်လည်း သေမှာမုချပဲ"





စုံထောက်ကျော်စွာက အတန်ကြာအောင် စဉ်းစားနေသည်။

"ကျွန်တော်တော့ မစဉ်းစားတတ်တော့ဘူး"

"ကျေးလက်တော ရွာတွေမှာ အုန်းပင်တွေက အတော်မြင့်တယ်၊ အပင်ပေါ်မှ အုန်းသီးတက်ခိုးနေရင် အပင်အောက်တလူတွေရောက်လာပြီး ဓားတွေလှံတွေနဲ့ စောင့်နေတယ်၊ ဆင်းလာတာနဲ့ အသေပဲ အပင်ပေါ်မှာ ရောက်နေတဲ့ သူခိုးက သေရမယ့် အတူတူ ဒီအတိုင်း အသေခံမယ်များ ထင်နေသလား"

"ဘယ်လို လုပ်သလဲဆရာ"

"အုန်းလက်ကြီးနှစ်လက်ကို ခုတ်ယူလိုက်တယ်၊ ပြီးမှ ချိုင်းတစ်ဖက်တစ်ချက်မှာ ညှပ်ပြီး လေမှာငှက်လိုဝဲပြီး ခုန်ဆင်းပြေးတော့ လွတ်သွားတယ်၊ ဒီလောက်မြင့်တဲ့ အုန်းပင်ပေါ်က ခုန်ဆင်းပြေးတယ်ဆိုရင် ယုံနိုင်ပါ့မလား"

ထိုအခါမှ ကျော်စွာက ခေါင်းညိတ်ပြကာ သဘောပေါက်သွားလေတော့သည်။

"ဆရာ ဆိုလိုတာက လေးထပ်တိုက်ပေါ်က မိန်းမနှစ်ယောက်ကို ရက်ရက်စက်စက် သတ်သွားတဲ့ တရားခံက အပေါ်ကနေ တစ်နည်းနည်းနဲ့ ဆင်းသွားတယ်လို့ ယူဆနေတာ မဟုတ်လား"

"လူဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် အသက်အန္တရာယ်ဘေးနဲ့ ရင်ဆိုင်တိုးတဲ့အခါ လွတ်မြောက်နိုင်တဲ့ အကြံအစည်[illegible] လျှပ်တစ်ပြက်ပေါ်လာလေ့ရှိတယ်၊ လေးထပ်တိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေ(၆၀)လောက်ပဲ မြင့်တာဆိုတော့ သူကြိုးစားရင် ကြိုးစားမှာပေါ့"

"ဒီအတိုင်းခုန်ဆင်းရင်တော့ သေမှာပဲ၊ ဒေါ်မာရီယာကို အပေါ်က ပစ်ချလိုက်တာတောင် အရိုးတွေ ကျိုးကြေကုန်တာပဲ မဟုတ်လား"

"ပစ္စည်းတစ်ခုခု အကူအညီနဲ့ ခုန်ဆင်းရင်တော့ ရချင်ရမှာပေါ့၊ ဥပမာ လေထီးလို ပစ္စည်းမျိုးပေါ့"

"မဖြစ်နိုင်ဘူးလို့တော့ ပြောလို့မရပါဘူး၊ ဒါပေမယ့် အပြင်ကလူတွေ အိမ်ထဲရောက်ဖို့ တံခါးဖျက်ဝင်ရတယ်၊ အခန်းထဲရောက်ဖို့ အခန်းတံခါး ဖျက်ဝင်ရတယ်၊ အထဲရောက်တော့လည်း တံခါးမှန်သမျှ ချက်တွေထိုးပြီး ပိတ်ထားတယ်၊ အဲ့ဒီအခန်းထဲက. . . ."

စုံထောက်ကျော်စွာက စကားမဆက်ပဲ စီးကရက်တစ်လိပ်ကို မီးညှိပြီးဖွာနေလေသည်။ ဒေါက်တာမင်းထင်ကျော်က ချထားသော ကော်ဖီပန်းကန်ကို ကောက်ယူပြီး တစ်ငုံသောက်ကာ ပြန်ချထားလိုက်သည်။

"ပစ္စည်းတစ်ခုကို မျက်စိနဲ့အနီးဆုံးမှာ ကပ်ထားပြီး ကြည့်မယ်ဆိုရင် အဲ့ဒီပစ္စည်းရဲ့အနေအထားကို အသေအချာ မမြင်ရတော့ဘူး၊ ဝေးလွန်းပြန်တော့လည်း မမြင်နိုင်ဘူးပေါ့၊ အဲ့ဒီပစ္စည်းကို အသေအချာရှုထောင့် အမျိုးမျိုးကိုကြည့်မှသာ ပုံပန်းသဏ္ဌာန်နဲ့ အခြေအနေကို အသေအချာမြင်နိုင်သလိုပေါ့၊

ပုလိပ်တွေက အမှုမှန်ပေါ်ဖို့ ဂရုစိုက်လွန်းပြီး သဲလွန်စ





အကြီးတွေကို သဲကြီးမဲကြီးရှာနေကြတဲ့ အချိန်မှာအမှုကို အထောက်အကူပြုပေးမယ့် သဲလွန်စ သေးသေးတွေကိုတော့ ကျော်သွားတတ်ကြတယ်"

"ဒီတော့ ဆရာ့သဘောက ဘယ်လိုလုပ်ချင်သလဲ"

"ကျွန်တော်တို့လည်း ရာဇဝတ်အုပ် ဂါးရင့်ဆီကခွင့်ပြုချက်ရထားပြီးမှပဲ အခင်းဖြစ်တဲ့နေရာကို ကိုယ်တိုင်သွားကြည့်ရင် မကောင်းဘူးလား"

"ကောင်းသားပဲ အခုပဲ သွားကြမလား"

"လောလောဆယ်တော့ အခင်းဖြစ်တဲ့အိမ်ကြီးရှိတဲ့ဆီ အရင်မသွားသေးပဲ၊ အလောင်းနှစ်လောင်းထားတဲ့ ရင်ခွဲရုံ အရင်သွားကြရအောင်၊ ဒီအချိန်သွားတော့ ဆေးရုံမှာလူရှင်းတာပေါ့"

ဟု ပြောဆိုတိုင်ပင်ပြီး လိုအပ်သော ပစ္စည်းများကိုပါ တစ်ပါတည်း ယူဆောင်လျက် မြင်းလှည်းတစ်စီးကို ငှားကာ ဆေးရုံသို့သွားကြလေသည်။

ဆေးရုံမှာမြို့ အနောက်ဘက်အစွန်းဘက်၌ ရှိပြီး ထိုနေရာတစ်ဝိုက်မှာ သစ်ပင်များအုံ့ဆိုင်းလျက်ရှိသည်။

ဆေးရုံရောက်သောအခါ မှူခင်းဆရာဝန် ဂျူးမတ်(စ်)ဆိုသူကို အဆင့်သင့်တွေ့ရသဖြင့် အထောက်အထားတို့ကိုပြပြီး လာရင်းကိစ္စကို ပြောပြလိုက်သောအခါ အလောင်းများထားသော အနောက်ဘက်အဆောင်သို့ သူကိုယ်တိုင်လိုက်ပို့ပေးသည်။

တံခါးဖွင့်လိုက်သည်နှင့် ညှီစို့စို့အနံ့အသက်တို့က



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်သို့တိုးထွက်လာသည်။

အတွင်းဝင်သောအခါ ဂျူးမတ်(စ်)က ဝင်လိုက်မလာတော့ပေ။ အခန်းထဲမှာ အားနည်းသော မီးတစ်ပွင့်ထွန်းထားသောကြောင့် အလင်းရောင်အချို့ ရနေသည်။ အလောင်းနှစ်လောင်းကို အခန်းအလယ်မှာရှိသော စင်နှစ်စင်ပေါ်မှာ ယှဉ်လျက်သားထားပြီး အပေါ်မှအဝတ်ဖြူများ ဖုံးထားလေသည်။

ပထမဆုံး အဝတ်လှန်ကြည့်သော အလောင်းမှာ ဒေါ်မာရီယာအလောင်းဖြစ်နေသည်။

လည်ပင်းပြတ်နေသဖြင့် ဦးခေါင်းက နံဘေးသို့ စောင်းကျနေသည်။

ဦးခေါင်းခွံမှာ ကွဲကြေနေသည်။

မျက်နှာတစ်ခုလုံး ဒဏ်ရာဒဏ်ချက်များတွေ့ရသည် အသက်မသေခင် တစ်စုံတစ်ခုနှင့် ပြင်းပြင်းထန်ထန် အရိုက်ခံထားရပုံရှိသည်။

အဝတ်ကိုလှန်ကြည့်တော့လည်း ကိုယ်ပေါ်မှာအညိုအမည်းစွဲနေသော ဒဏ်ရာဒဏ်ချက်များ အပြင်ခြေထောက်ရိုး လက်ဖျံရိုး၊ နံရိုးများပါ ကျိုးကြေနေသည်။

"အရိုးတွေကျိုးနေတာ လေးထပ်တိုက်ပေါ်က ပစ်ချလို့ ကျိုးကုန်တာပါ၊ ကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေကတော့ မသေခင် ရိုက်နှက်နှိပ်စက်လို့ ရထားတာတွေပါ"

"တစ်ခုခုလိုချင်လို့ ညှင်းပန်းနှိပ်စက်ပြီး မေးတာမျိုး၊ ပစ္စည်းတစ်ခုခု တောင်းတာမျိုးလား"





"ဖြစ်နိုင်ပါတယ် ပစ္စည်းလိုချင်လို့ တောင်းတယ်ဆိုရင်လည်း အခန်းထဲမှာ အဆင်သင့်ရှိနေတဲ့ ရွှေဒင်္ဂါးလေးထောင်ထက်ပိုပြီး အရေးကြီးတဲ့ပစ္စည်းမျိုးဖြစ်မှာပါ. . ."

ဒေါ်မာရီယာ၏လောင်းကို အသေအချာစစ်ဆေးကြည့်ပြီးနောက် အဝတ်ဖြင့်ပြန်အုပ်ထားလိုက်သည်။ ပြီးမှသမီးဖြစ်သူမေရီ၏အလောင်းကို အဝတ်လှန်ကြည့်လိုက်လေသည်။

မေရီမှာမူလက ရုပ်ရည်ချောမောသူ ဖြစ်ဟန်ရှိသော်လည်း ယခုတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေကာ ကြောက်စရာကောင်းသော ပုံသဏ္ဌာန်မျိုး ဖြစ်နေတော့သည်။ မျက်လုံးမှာ အဆမတန် ပြူးထွက်နေပြီး ပါးစပ်ထဲမှလျှာပင် အပြင်သို့အနည်းငယ်ထွက်နေသည်။ မျက်နှာနှင့်ကိုယ်ပေါ်မှာလည်း လက်သည်းဖြင့် ကုတ်ခြစ်မိဟန်တူသော အစင်းကြောင်းအချို့ကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က အသင့်ယူဆောင်လာသော မှန်ဘီလူးနှင့် ပေကြိုး စသည်တို့ကို ထုတ်ယူပြီး အလောင်းကိုအသေအချာ စစ်ဆေးကြည့်နေသည်။

သူမကို အသက်ပျောက်အောင် နှိပ်စက်သွားသောဒဏ်ရာမှာ လည်ပင်းတစ်ဝိုက်မှ ဒဏ်ရာများပင်ဖြစ်ပေသည်၊ အညိုအမည်းစွဲနေသော လက်ငါးချောင်းရာများအပြင် လက်သည်းချွန်များကြောင့် စူးဝင်နေဟန်ရှိသော ဒဏ်ရာဒဏ်ချက်အချို့ကို တွေ့ရသည်။

အဖြိုးတစ်ခုခုကြောင့် လည်ပင်းညှစ်သတ်သွားသော မိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်. . . ။

လည်ပင်းကို ညှစ်သတ်တဲ့လူက အတော်ကလေး သန်မာပုံရတယ် ခွန်အားဗလကလည်း အတော်ကလေးကြီးမယ့်ပုံပဲ. . . တော်ရုံတန်ရုံညှစ်ရုံနဲ့တော့ လည်ပင်းက ဒီလောက်သိမ်ဝင်သွားမှာ မဟုတ်ဘူး။

ဒါတွေက ဓားနှင့်ထိုးမိတာ ဖြစ်မယ်။

"မဟုတ်ဘူး မောင်ကျော်စွာရဲ့ လက်သည်းချွန်နဲ့ ထိမိတာဖြစ်မယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က မေရီ၏လက်ချောင်းများကို အသေအချာကြည့်သောအခါ ပွဲထွက်နေသော လက်သည်းကြားမှာ ညပ်နေသည့် ဆံပင်ရှည်တစ်ပင်နှစ်ပင်ကို တွေ့ရလေသည်။

"ပြောရရင်တော့ ယုံနိုင်စရာတောင် မရှိဘူး၊ သူ့ရဲ့လက်သည်းကြားမှာ ညပ်နေတဲ့ ဆံပင်ရှည် တစ်ခုနှစ်ခု တွေ့ရတယ်၊ တစ်ယောက်ယောက်က သူ့ရဲ့ရင်ဘတ်ပေါ် ဒူးနဲ့ဖိပြီး လည်ပင်းကို ညှစ်သတ်နေတုန်း လက်နဲ့တွန်းဖယ်ရင်း ငြိပါလာတာဖြစ်မယ်။"

"ဒါဆိုရင် လူသတ်တရားခံက ဆံပင်ရှည်ရှည်ရှိတဲ့လူလား၊ စစ်ချက်တွေနဲ့ သတင်းစာတွေမှာတော့ အခန်းထဲမှာသွေးစွန်းနေတဲ့ ဆံပင်ရှည်တွေ လုံးထွေးနေတာ တွေ့ရတယ်လို့ ဖော်ပြထားတယ်"

ဒေါက်တာမင်းထင်ကျော်က တစ်စုံတစ်ခုကို လေးလေး





နက်နက်စဉ်းစားနေသည်။

အတန်ကြာအောင်စဉ်းစားပြီးမှ အလောင်းကိုထပ်မံစစ်ဆေးပြန်လေသည်။

ကျေနပ်လောက်အောင် စစ်ဆေးပြီးသောအခါမှ အလောင်းများပေါ်သို့ အဝတ်များပြန်ဖုံးကာ နှစ်ယောက်သားအပြင်သို့ ပြန်ထွက်လာကြသည်။

သူတို့အပြင်ရောက်တော့ အစောင့်ကုလားက တံခါးပြန်ပိတ်လိုက်လေသည်။

အခန်းထဲမှာရှိစဉ်က သွေးညှီနံ့များကြောင့် အသက်ရှူမဝသကဲ့သို့ ဖြစ်နေကြရာ အပြင်ဘက်ရောက်သောအခါမှ တစ်ဝကြီး အသက်ရှူခွင့်ရကြလေသည်။

"အခြေအနေဘယ်လိုတုန်းဆရာ. . ."

"ကြောက်စရာကောင်းတဲ့ လူသတ်မှုတစ်ခုဆိုတာတော့ မှတ်ချက်ချလို့ရပါတယ်. . .၊ ဒါပေမဲ့ အတော်ကလေးတော့ ဆန်းကြယ်တယ်"

"အခု ဘယ်နေရာသွားကြမလဲ"

"ချန္ဒရာဘို့(စ်)လင်းက လူသတ်မှုဖြစ်တဲ့ အိမ်ကြီးဆီကို သွားကြမယ်"

ဟုပြောပြီး နှစ်ယောက်သား အပြင်သို့ထွက်လာကြသည်။ ဆေးရုံအပေါက်ဝရောက်သောအခါ မနီးမဝေးမှာရှိသော သစ်ပင်တစ်ပင်အောက်မှ မှောင်ရိပ်ခိုကာ ရပ်နေသည့်မည်းမည်း သဏ္ဌာန်တစ်ခုကို သတိပြုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဈာန်မှာ အရပ်အမောင်းမြင့်ပြီး ကိုယ်လုံးကိုယ်ကိုယ်ထည်ကလည်း ထွားကျိုင်းဟန်ရှိသည်။

အင်္ကျီရှည်ဖားဖားကြီးကို ဝတ်ထားပြီး ဦးခေါင်းပေါ်မှာ ဦးထုပ်ဝိုင်းကြီးတစ်လုံး ဆောင်းထားသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် အပြင်ထွက်လာသည်ကို လှမ်းမြင်သော် အမှောင်ရိပ်တွင်းသို့ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

ထိုနေရာမှာရပ်ပြီး စီးကရက်တစ်လိပ် မီးညှိရင်း အခြေအနေစောင့်ကြည့်သော်လည်း နောက်ထပ်ထူးခြားမှု မတွေ့ရတော့မှ မြင်းလှည်းတစ်စီးခေါ်၍ ချန္ဒရာဘို့(စ်)လင်းသို့ ထွက်ခဲ့ကြသည်။

ထိုလမ်းတစ်ဝိုက်မှာ လူသွားလူလာနည်းသော နေရာဖြစ်သည်ကတစ်ကြောင်း၊ မကြာသေးမီက ကြောက်စရာကောင်းသောလူသတ်မှုတစ်ခု ဖြစ်ခဲ့သောကြောင့်တစ်ကြောင်း၊ ည၉ ဦးပိုင်း အချိန်သာသာပင် ရှိသေးသော်လည်း တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံး အသွားအလာရှင်းလင်းနေသည်။

ယခင်က ည၉ဦးပိုင်းအချိန်ထိ ဖွင့်သောဈေးဆိုင်များပင် ယခုတော့ ညနေပိုင်းအချိန်ကတည်းက ပိတ်ထားခဲ့ကြလေသည်။

ထိုရပ်ကွက်တစ်ခုလုံးမှာ သီးခြားနေသူများသာရှိသော ရပ်ကွက်တစ်ခုဖြစ်ပြီး နေရာတကာတွင် သစ်ပင်ကြီးများ အုံ့ဆိုင်းနေသည်။





ချန္ဒရာဘို့(စ်)လမ်းတစ်လျှောက်မှာလည်း ဘေးတစ်ဖက်တစ်ချက်မှာ သစ်ပင်ကြီးများအုံ့ဆိုင်းနေပြီး အိမ်များကထမ်းနှင့် အနည်းငယ်ဝေးသော အနောက်ဘက်၌ရှိကြသည်။

သို့သော်လည်း ခြံကျယ်ဝန်းကျယ်နှင့် နေကြသူများဖြစ်သဖြင့် တစ်အိမ်နှင့်တစ်အိမ် သီးခြားဖြစ်နေလေသည်။

ထိုလမ်းထိပ်ရောက်သောအခါ မြင်းလှည်းသမားကို ရပ်နှင်းပြီး ခြေလျင်လျှောက်လာကြသည်။

လမ်းနံဘေးတစ်ဖက်တစ်ချက်မှာ မီးတိုင်များရှိသည်ဆိုသော်လည်း သစ်ပင်ရိပ်များကြောင့် အမှောင်ရိပ်များဖုံးနေလေသည်။

သို့ကြောင့် သတိကြီးစွာထားပြီး လျှောက်လာကြသည်။ အိမ်ကြီးရှိသောနေရာနှင့် မနီးမဝေးရောက်တော့. . . နေရာမှာခဏရပ်ပြီး အခြေအနေကို အကဲခတ်ကြည့်သည်။ ထူးခြားမှုမရှိပေ။

မီးရောင်ထွန်းမထားသော်လည်း သစ်ပင်ရိပ်များကြားမှ ထီးထီးမားမားရှိနေသော လေးထပ်တိုက်ကြီးကို လှမ်းမြင်ကြရသည်။ အိမ်ကြီးရှိရာဘက်သို့ သွားသောလမ်းမှာ လမ်းမကြီးမှခွဲထွက်သွားသော လမ်းသွယ်တစ်ခုဖြစ်သည်။

ထိုနေရာမှ လျှောက်သွားသောအခါ အိမ်ကြီးနှင့် မနီးမဝေးမှစောင့်နေသော ပုလိပ်နှစ်ယောက်ကို တွေ့သဖြင့်. . ရာဇဝတ်အုပ်ဂါးရင့် ပေးထားသောစာကို ပြလိုက်သောအခါ အလွယ်တကူပင် ဝင်ခွင့်ပေးလိုက်လေသည်။ ဝင်ပေါက်တံခါးချပ်ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ သော့ခတ်မထားဘဲ စေ့ရုံသာစေ့ထားဟန်ရှိသည်။

ထိုနေရာရောက်တော့ ဒေါက်တာမင်းထင်ကျော်က သေနတ်ကို အကျႌနံဘေးအိတ်ထဲသို့ အဆင်သင့်ထည့်ထားလိုက်သည်။ ထို့နောက် ဘေးဘက်မှပတ်ကာ အိမ်အနောက်ဘက်သို့ လျှောက်လာလေသည်။

ဘေးပတ်လည်မှာ လုံခြုံရေးမီးပွင့် အချို့ဖွင့်ထားသောကြောင့် အလင်းရောင်အချို့ ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က အိမ်အခြေအနေကို အသေအချာကြည့်ရှုရင်း လျှောက်လာရာ အနောက်ဘက် ကွက်လပ်နေရာသို့ ရောက်လာသည်။

ထိုနေရာတစ်ဝိုက်တွင်. . . အလောင်းတွေ့ရသော ပုံသဏ္ဍာန်ကို မြေဖြူခဲဖြင့် ရေးခြစ်ထားသည်။ ကျောက်ပြားအချို့မှာ ကွဲအက်နေပြီး အချို့နေရာများမှာ သွေးကွက်များ စွန်းပေနေသည်။

ထိုနေရာမှာတော့ မိုးကြိုးလွှဲအဖြစ် တပ်ဆင်ထားသော သံချောင်းတစ်ချောင်းကိုသာ တွေ့ရသည်။ ထိုသံချောင်းမှာ အတော်အတန်ကြီးပြီး အိမ်ခေါင်မိုးပေါ်မှာ တပ်ဆင်ထားသည့် မိုးကြိုးလွှဲကိရိယာမှ အောက်ခြေမြေကြီးအထိ ရောက်လေသည်။

အပေါ်ဘက်သို့ လက်နှိပ်မီးဖြင့် ထိုးကြည့်သောအခါ ပိတ်ထားသော ပြတင်းပေါက်နှစ်ချပ်ကို လှမ်းမြင်ရသည်။ ဒေါ်မာရီယာ၏ အလောင်းကို(သို့မဟုတ်)မသေသေးခင် ထိုပြတင်းပေါက်မှ အောက်သို့ပစ်ချခဲ့သည်မှာ သေချာသည်။





ထိုနေရာနှင့်မနီးမဝေး အနောက်ဘက်မှာတော့ လူတစ်ရပ်ကျော်ကျော်မြင့်သော အုတ်တံတိုင်းခတ်ထားပြီး အောက်ခြေမှာ ပုဏ္ဏရိက်ပင်များ စိုက်ထားသည်။ အုတ်တံတိုင်းအပေါ်မှာ သံဆူးကြိုးများရှိသည်။

မနီးမဝေးနေရာမှာတော့ အုတ်တံတိုင်း ပေါ်သို့ကိုင်းနေသည့် သစ်ပင်အချို့တွေ့ရသဖြင့် ထိုနေရာသို့ လျှောက်သွားပြီး မြေပြင်ပေါ်ကိုရော. . သစ်ပင်ကိုသော်လည်းကောင်း အသေအချာစစ်ဆေးကြည့်သည်။ ထိုနေရာမှာရှိသည့် သစ်ပင်ငယ်အချို့မှာ အနင်းခံထားရသဖြင့် ကျိုးကြေနေပြီး သစ်ပင်ပေါ်သို့ တက်သွားသောခြေရာလက်ရာတို့ကိုလည်း သတိပြုမိသည်။

အရှေ့မှဝင်လာသော လူများက အိမ်ပေါ်သို့တက်သွားစဉ်မှာ လူသတ်သမားက အောက်သို့ရောက်လာပြီး ထိုသစ်ပင်မှတစ်ဆင့် ခြံစည်းရိုးကိုကျော်ကာ အပြင်သို့ထွက်သွားခြင်း ဖြစ်နိုင်ပေ၏။

BURMESE CLASSIC .com

ထို့နောက်. . နှစ်ယောက်သား အိမ်ရှေ့ဘက်သို့ ပြန်လျှောက်လာပြီး တံခါးကိုဖွင့်ကာ အိမ်အတွင်းသို့ ဝင်လာကြသည်။ အစောင့်ကျနေသော ပုလိပ်တစ်ယောက်က နောက်မှလိုက်လာလေသည်။

အပေါ်ထပ်သို့ ရောက်သောအခါ အခင်းဖြစ်သော ဒေါ်မာရီယာအခန်းကို အလျှင်ဝင်ကြည့်သည်။ တစ်ခန်းလုံး ပရိဘောဂပစ္စည်းများက ကျွမ်းထိုးမှောက်ခုံဖြစ်နေသည်။

ပစ္စည်းတစ်ခုခု လိုချင်သဖြင့်. . လှန်လှောခြင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပဲ ဒေါ်သတကြီးနှင့် တွန်းလှဲထားတာမျိုးဖြစ်သည်။ ဥပမာ မီးတိုင်များကို ကြမ်းပြင်ပေါ်၌ ရိုက်ချိုးထားခြင်းမှာ ပစ္စည်းရှာခြင်း မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်က အခြားသဲလွန်စများထက် တံခါးပေါက်များကိုသာ အသေအချာ တစ်ခုချင်းလိုက်လံစစ်ဆေးနေလေသည်။

တံခါးချပ်များကိုတော့ စပရိန်တပ်ထားသော ချက်များဖြင့် အသေပိတ်ထားသည်။

ထို့ပြင် အလွယ်တကူ ဖွင့်မရစေရန်. . အတွင်းမှ သံချောင်းတစ်ချောင်းပါ ကန့်ခံထားသေးသည်။

ဒေါက်တာမင်းထင်ကျော်က ဒေါ်မာရီယာကို ပစ်ချ သောပြတင်းပေါက်ကို ဖွင့်ပြီး အောက်သို့ငုံ့ကြည့်သည်။ ထိုပြ တင်းပေါက်နှင့် မနီးမဝေးမှာတော့ မိုးကြိုးလွှဲအတွက် တပ်ဆင်ထားသော သံချောင်းတိုင်ရှိသည်။

လူတစ်ယောက် မမီနိုင်လောက်သည့် အကွာအဝေးမှာ ရှိသည်။ ထိုနေရာပြီးတော့ မေရီနေသောအခန်းဘက်သို့ ကူး ကြည့်သည်။ အမေနေသောအခန်းနှင့် သမီးနေသောအခန်း နှစ်ခန်းတို့၏ကြားတွင် ဟိုဘက်ဒီဘက်ခြားထားသော စင်္ကြံလမ်း ရှိပြီး နှစ်ဘက်စလုံးမှာ တံခါးချပ်များ တပ်ဆင်ထားသည်။

မေရီအခန်းထဲမှာလည်း ပစ္စည်းများက လဲပြိုရှုပ်ထွေး လျက်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က မေရီအလောင်းတွေ့





သော မီးခိုးခေါင်းတိုင်ကို အသေအချာစစ်ဆေးနေသည်။

အလောင်းထည့်ထားသောအခေါင်မှာ လူတစ်ရပ် ကျော်ကျော်မြင့်ပြီး သာမန်အနေနှင့် မမီနိုင်သောနေရာမှာရှိ သည်။

ခုံတစ်ခုခုနှင့်တက်လျှင်တော့ မီလောက်သည်။ ထိုနေ ရာတစ်ဝိုက်မှာတော့ လဲကျနေသော ထိုင်ခုံတစ်လုံးတွေ့ရသည်။

ထိုခုံပေါ်တက်မည်ဆိုပါက မီလောက်သည်ဆိုသော် လည်း လူနှစ်ယောက်အလေးချိန်တော့ ခံနိုင်လောက်သည့် အ ခြေအနေမရှိပေ။

ဒေါက်တာမင်းထင်ကျော်က ထိုအခန်းထဲမှာ နေရာအ နှံ့ စိတ်ကျေနပ်လောက်သည်အထိ လိုက်လံကြည့်ရှုပြီးမှ ထိုအ ခန်းထဲမှ ပြန်ထွက်လာသည်။

အောက်ထပ်သို့ ဆင်းလာသောအခါ စုံထောက်ကျော် စွာနှင့် ပုလိပ်က အရှေ့ဘက်သို့ပြန်ထွက်သွားစဉ်. . သူက အ နောက်ဘက်သို့ ဝင်သွားလေသည်။

အတန်ကြာတော့မှ ခပ်သုတ်သုတ်ပြန်ထွက်လာသည်။

ထိုနောက်မှာတော့ အမှုအခင်းဖြစ်သော အိမ်ကြီးမှပြန် ထွက်လာကြလေသည်။

"အခြေအနေ ဘယ်လိုထူးသလဲဆရာ"

"မကြာခင်မှာတော့ လူသတ်တရားခံနဲ့တွေ့ရတော့မှာ ပါ"

စုံထောက်ကျော်စွာက တအံ့တဩဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှ ပြန်ထွက်လာပြီး မြို့ထဲပြန်ရောက်သော အခါ မြင်းလှည်းတစ်စင်းငှားပြီးနောက် ညလုံးပေါက်ဖွင့်သော သတင်းစာတိုက်သို့ ခေတ္တဝင်ခဲ့ကြလေသည်။





(အခန်း – ၇)

# လူသတ်တရားခံ ဘယ်သူလဲ

နောက်တစ်နေ့နံနက်ပိုင်းအချိန် စုံထောက်ကျော်စွာနှင့် ဦးပန်ကောင်းတို့နှစ်ယောက် အိပ်ရာမှထလာသောအခါ ဒေါက်တာမင်းထင်ကျော်ကို အပေါ်ထပ်အခန်းထဲမှာ တစ်ယောက်တည်းထိုင်နေသည်ကို တွေ့ကြရသည်။

၎င်းသည် ဒီအတိုင်းထိုင်နေခြင်းမဟုတ်ပဲ ဒေါ်မိ သောက်ရင်းနှင့် တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်လေသည်။

အချိန်မှာ နံနက်ပိုင်း (၈)နာရီခန့်အချိန်ရောက်နေပြီ[…] နံနက်ပိုင်းမှာ ထုတ်ဝေသော နယူးဒေလီဂေဇက်သတင်းစာ[…] လည်း စားပွဲပေါ်သို့ ရောက်နေလေပြီ…။

နှစ်ယောက်သား ကုလားထိုင်မှာ ဝင်ထိုင်သောအခါ[…] ဒေါက်တာမင်းထင်ကျော်က အိုးထဲမှာ ဖျော်ထည့်ထားသော[…] ကော်ဖီကို တစ်ပန်းကန်စီ ထည့်ပေးသည်။

"စောစောစီးစီး နိုးနေပါလား မောင်ထင်ကျော်"

ဦးဇန်ကောင်းကပြောသည်။

"နိုးတာမဟုတ်ပါဘူး၊ ညကတည်းက မအိပ်သေးတာ[…] ပါ"

"သတင်းစာမှာ ဘာထူးခြားမှုတွေ ပါလာသလဲ"

"သတင်းစာတွေကတော့ ထုံးစံအတိုင်းပဲပေါ့၊ အစိုးရအ[…] ရာရှိတွေနဲ့သက်ဆိုင်တဲ့ သတင်းတွေကိုသာ ပုံကြီးချဲ့ပြီးရေးမေ[…] မယ့် ကျန်တာတွေကိုတော့ ဝတ်ကျေတမ်းကျေ ကော်လံဖြည့်[…] အနေလောက်သာ ရေးကြတယ်၊ ချန္ဒရာဘို့(စ်)လမ်းက နှစ်[…] လောင်းပြိုင်လူသတ်မှုက ဘယ်လောက်ကြောက်စရာကောင်း[…] မှန်း သူတို့မသိကြဘူး"

ဟုပြောသည်။

"ဒါကတော့ သတင်းရေးတဲ့သူတွေက သူတို့နဲ့မှ မသက်[…] ဆိုင်ပဲ ဂရုတစိုက်ဘယ်ရှိပါ့မလဲ၊ ပုလိပ်တွေလည်း ဒီလိုပါပဲ[…] ဆရာရယ်၊ သူတို့အတွက် မြိုးမြိုးမြက်မြက်မရလောက်ရင် ဘာမှ[…]





[…]စိတ်ဝင်စားမှုမရှိပါဘူး"

"ဒါကြောင့်လည်း တရားခံတွေဟာ အတင့်ရဲပြီး အခုလို ကြောက်စရာကောင်းတဲ့ အမှုမျိုးတွေ ကျူးလွန်နေကြတာပေါ့၊ နောက်ပြီး ဒီလောက်ခဲယဉ်းတဲ့ အမှုမျိုးလည်း လိုက်ချင်ကြဘူး၊ အမှုမှန်ပေါ်လို့ နာမည်ကောင်းရမှာထက် အမှုမပေါ်ရင် နာမည်ပျက်မှာက များနေတော့ ခေါင်းရှောင်ချင်ကြတယ်၊ ဒါကြောင့် ခွန်တော်တို့ကို ပုံပြီးလွှဲပေးလိုက်တာကြည့်ပါလား"

ဟုပြောဆိုကာ ကော်ဖီသောက်ကြသည်။

အတန်ကြာတော့ စုံထောက်ကျော်စွာကမေးသည်။

"မနေ့က လိုက်ပြီးစစ်ဆေးကြည့်တော့ သဲလွန်စတွေက ရသင့်သလောက်တော့ ရခဲ့တာသေချာပါတယ်၊ တရားခံတွေ့ဖို့ နီးစပ်ပြီလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြသည်။

"ဒီကနေ့တော့ လူသတ်တရားခံအစစ် မဟုတ်ရင်တောင် လူသတ်မှုအကြောင်းကို အတော်များများသိတဲ့ မျက်မြင်သက်သေတစ်ယောက်တော့ တွေ့ရလိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

ထိုစကားကြောင့် နှစ်ယောက်သား တအံ့တသြဖြစ်သွားကြလေသည်။ ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ် […] သောသတင်းစာကို ရှေ့သို့တိုးပေးလိုက်သည်။

"မနေ့ညက သတင်းစာတိုက်မှာ ဝင်ပြီး[…]



www.burmeseclassic.com

www.burmeseclassic.com



တင်း ဒီကနေ့မနက် သတင်းစာမှာပါလာပြီ ဖတ်ကြည့်ပါဦး"

ဟုပြောသဖြင့် စုံထောက်ကျော်စွာက ကောက်ယူပြီး ရှာကြည့်တော့ သတင်းစာတစ်နေရာမှာ လူသတ်မှုနောက်ဆက်တွဲသတင်းများနှင့် ဆက်ထည့်ထားသော ကြော်ငြာတစ်ပိုဒ်ကို တွေ့ရသည်။

"အရေးကြီးတဲ့ ပစ္စည်းတ ယူထားပြီးပြီ၊ ဘယ်လိုသုံးရမှန်းမသိတော့ သိတဲ့လူနဲ့ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ပဲ၊
ပိုးရွှေတောင်"

ထိုကြော်ငြာကို ဖတ်ပြီးတော့ စုံထောက်ကျော်စွာပင် ခေါင်းရှုပ်သွားဟန်ရှိလေသည်။

"ဆရာရဲ့ လျှို့ဝှက်ချက်တွေက ကွက်ကျော်တာတွေ များနေတော့ ကျွန်တော်တို့တောင် လိုက်မမီတော့ဘူး"

"မကြာခင်တော့ သိရတော့မယ်ထင်ပါတယ်၊ ကျွန်တော်တွေးတဲ့အတိုင်း မှန်မယ်ဆိုရင်တော့ မကြာခင် သူ့ . ကျွန်တော်ကိုလာတွေ့မှာပါ"

"လူသတ်တရားခံလားဆရာ"

"သူကိုယ်တိုင်တော့ လူသတ်တရားခံ ဟုတ်ချင်မှဟုတ်မယ်၊ ဒါပေမယ့် အတော်များများတော့ သိတဲ့သူ ဖြစ်မှာပါ၊ အကြောင်းရှိရင်တော့ လက်မနှေးကြနဲ့၊ မောင်ကျော်စွာတို့ သေနတ်ကိုလည်း အဆင်သင့်ပြင်ထားပါ၊ နှစ်ယောက်က တစ်နေရာက





ထင်ပြီး အခြေအနေကြည့်နေပါ၊ ကျွန်တော်တစ်ယောက်တည်း နိုင်တော့မှသာ ဝင်ကူဖို့ပြင်ထားပါ"

"သူက ဒီနေရာကို ဘယ်လိုသိမလဲ"

"ဒီလူက ခေသူမဟုတ်ပါဘူး၊ ကျွန်တော်က သိသလို သူကလည်း နောက်ကနေခြေရာခံပြီး လိုက်နေတာပါ၊ မြွေမြွေချင်း ခြေမြင်တဲ့သဘောမျိုးပေါ့၊ တကယ်လို့သတင်းစာမှာ လိပ်စာထည့်ပေးလိုက်ရင် ဟုတ်တဲ့လူရော မဟုတ်တဲ့လူတွေပါ ရောက်လာကြမှာပေါ့၊ လိပ်စာမထည့်တော့ တစ်ယောက်အကြောင်း တစ်ယောက်ရိပ်မိတဲ့သူပဲ လာမှာပါ"

"တော်ပါပေတယ် ဆရာရယ်"

ထိုသို့ပြောနေစဉ်မှာ အောက်ထပ်မှ စကားပြောသံအချို့ကြားလိုက်ရပြီး အပေါ်ထပ်သို့ လှေကားမှ တက်လာသောခြေသံကို ကြားရလေသည်။

ထိုအသံကြားသည်နှင့် စုံထောက်ကျော်စွာနှင့် ဦးဗန်ကောင်းတို့က ၎င်းတို့သောက်နေသော ကော်ဖီပန်းကန်တို့ကိုပါ တစ်ပါတည်းယူ၍ နောက်ဘက်အခန်းထဲသို့ ဝင်သွားကြလေသည်။ အခန်းထဲမှာ ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း ကျန်ခဲ့ပြီး အိတ်ထဲမှသေနတ်ကို အဆင်သင့်ပြင်ထားလိုက်သည်။ ခြေသံက တံခါးဝနားအထိ ရောက်လာပြီးမှ ရပ်တန့်သွားသည် ခိုတုံ့ချတုံ့ဖြစ်နေဟန်ရှိသည်။

နောက်တော့အောက်သို့ ပြန်ဆင်းသွားပြန်သည်။

ဒေါက်တာမင်းထင်ကျော်ပင် ထိုခြေသံတို့နားစွင့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားနေသည်။

ခဏကြာတော့ အပေါ်ပြန်တက်လာသော ခြေသံပြင်းကြားရပြီး တံခါးခေါက်သံပါ ပေါ်ထွက်လာသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

"ဝင်လာခဲ့ပါ"

တံခါးချပ်ပွင့်သွားပြီး အပေါက်ဝမှ အရပ်အမောင်းမြင့်မားသော လူတစ်ယောက်ဝင်လာလေသည်။

ထိုသူက ဦးထုပ်ဝိုင်းကြီးကို ရှေ့သို့ခပ်စိုက်စိုက်ဆောင်းထားပြီး အင်္ကျီအိတ်ထဲသို့ လက်ထည့်ထားသည်။

အင်္ကျီအိတ်မှာ တွဲကျနေသဖြင့် သေနတ်ကဲ့သို့ လေးလံသောလက်နက်မျိုး ပါလာဟန်ရှိသည်။

သူကရုပ်ဖျက်ထားသော်လည်း ဒေါက်တာမင်းထင်ကျော်ကကောင်းစွာ မှတ်မိလေသည်။

သံလက္ခတ်ကျွန်းပေါ်မှ တိရစ္ဆာန်တွေ ဖမ်းပြီးရောင်းချနေသော မုဆိုးကြီးပင်ဖြစ်၏။

မုဆိုးကအခန်းထဲရောက်လာပြီး အခြေအနေကိုကြည့်သေးသည် ပြီးမှ တစ်လှမ်းချင်းရှေ့သို့ လျှောက်လာပြီး မနီးမဝေးနေရာမှာရပ်လိုက်သည်။

"ပစ္စည်းရထားတာ အမှန်ပဲလား"

ဟု အသံသြသြဖြင့်မေးရာ ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်မယ် ဆိုတာကရော အမှန်ပဲလား"





"အမှန်ပါပဲ ခင်ဗျားကဘယ်သူလဲ"

"ပိုးရွှေတောင်နဲ့ပတ်သတ်တဲ့ လူတစ်ယောက်ပါပဲ၊ ခင်ဗျားတို့ကရော ပိုးရွှေတောင်နဲ့ ဘယ်လိုပတ်သက်တာလဲ"

"ကျုပ်တို့က စိတ်ဝင်စားတဲ့လူတွေပါပဲ"

"ခင်ဗျားတို့က စုံထောက်တွေမဟုတ်လား"

"မဟုတ်ပါဘူး အပြင်လူတွေပါ"

ထိုအခါမှ စိတ်သက်သာရာရသွားဟန်ဖြင့် ကုလားထိုင်တစ်လုံးကို ဆွဲယူပြီးဝင်ထိုင်လိုက်သည်။

ထိုအခြေအနေမှာပင် လက်တစ်ဖက်ကိုတော့ အိတ်ထဲသို့နှိုက်ထားမြဲနှိုက်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း သေနတ်ကိုပေါင်ပေါ်မှာတင်ထားပြီး သတင်းစာဖြင့် အုပ်ထားလေသည်။

"အလုပ်အတူလုပ်မယ်စိတ်ကူးရင်တော့ သစ္စာရှိဖို့လိုလိမ့်မယ် ခင်ဗျားဘယ်သူလဲ"

"မင်းထင်ကျော်ပါ"

"ကျုပ်နာမည်က သံပချိုင်လို့ခေါ်တယ်. . ၊ ခင်ဗျားတို့ကျွန်းပေါ်ရောက်လာပြီး ပိုးရွှေတောင်စုံစမ်းကတည်းက ကျုပ်သာရိပ်မိပြီးသားပါ"

"မြွေမြွေချင်းခြေမြင်တာ မဆန်းပါဘူး"

သံပချိုင်က တစ်ချက်ရယ်လိုက်သည်။

"ခင်ဗျားရထားပြီးသား ပစ္စည်းကိုကျုပ်သိပြီပါ"

"ပစ္စည်းမပြခင် ဘာကြောင့် ဟိုသားအမိနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံးကို သတ်ပစ်တယ်ဆိုတာ အရင်ပြောပြပါ"

"ခင်ဗျားက ဒီအကြောင်းတွေတောင် သိနေမှကိုး၊ ကျုပ်သတ်တာမဟုတ်ဘူး"

"ခင်ဗျားမသတ်ပေမယ့် သတ်တဲ့လူကိုတော့ သိနေတယ် မဟုတ်လား. . ပြောပြပါ"

ဟု ပြောတော့မှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျား သူတို့အကြောင်း ဘယ်လောက်သိသလဲ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။

"မသိပါဘူး"

"မာရီယာဆိုတဲ့ မိန်းမကြီးက ကောင်းတာမဟုတ်ဘူးဗျ၊ သူကရှိတဲ့ပစ္စည်းတွေကို သူတစ်ယောက်ထဲ မောင်ပိုင်စီးဖို့ ကြိုးစားနေတာ၊ ဒါကြောင့် ဒီလိုအဖြစ်မျိုးနဲ့ ကြုံရတာ"

ဟု အစချီပြီး အောက်ပါအကြောင်းအရာအချို့ကို ပြောပြသည်။

"မာရီယာဆိုတဲ့ မိန်းမကြီးက တစ်ချိန်က ပက်ထရစ်ဆိုတဲ့ ပင်လယ်ဓားပြကြီးတစ်ယောက်ရဲ့ မိန်းမဖြစ်ခဲ့ဘူးတယ်၊ မိန်းမတွေအများကြီးထဲမှာတော့ သူကထိပ်ဆုံးက နေနိုင်သူပေါ့၊ သူ့မာယာတွေနဲ့ ပင်လယ်ဓားပြကြီးကို ချုပ်ကိုင်ထားနိုင်တော့ ပစ္စည်းအတော်များများလည်း သူပဲရထားလိုက်တယ်"

"မြို့လယ်ခေါင်မှာ လေးထပ်တိုက်တစ်လုံးနဲ့ ဘာမှမလုပ်ပဲနဲ့နေတာကိုကြည့်ရင် သိနိုင်ပါတယ်"

"ပင်လယ်ဓားပြကြီး ရှိကတည်းက အတွင်းပစ္စည်းအ





ဆော် စုမိထားတယ် နောက်ပိုင်းရောက်တော့ အဲဒီပစ္စည်းတွေကို ဘာကမှာအပ်ထားပြီး နည်းနည်းချင်းထုတ်ပြီးစားနေတာပေါ့"

"သူ့ကို ဘာကြောင့်သတ်တာလဲ"

"ပထမတော့ သတ်ဖို့ အစီအစဉ်မရှိပါဘူး သူ့ဆီမှာရှိတဲ့ပစ္စည်း လိုချင်တာပါ၊ အခုအဲဒီပစ္စည်းက ခင်ဗျားရထားပြီး မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဒီပစ္စည်းရထားရုံနဲ့တော့ ခင်ဗျားတို့လည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူး၊ ဒီတော့ ကျုပ်နဲ့သာပူးပေါင်းပါ"

"အကျိုးအကြောင်းသိရရင်တော့ ပူးပေါင်းတန်ပူးပေါင်းရတာပေါ့ ဆက်ပြောပါဦး"

သံပချိုင်က စားပွဲပေါ်မှာ ချထားသောလက်ဖက်ရည်အိုးမှ တစ်ခွက်ငှဲ့သောက်ပြီးမှ စကားဆက်သည်။

"ပင်လယ်ဓားပြအလုပ်တွေက နောက်ပိုင်းအခြေအနေမကောင်းတော့တဲ့အခါ လူစုခွဲလိုက်ကြတယ်၊ ပက်ထရစ်က သူစုဆောင်းထားတဲ့ ရွှေဒင်္ဂါးတွေနဲ့ ရတနာတွေကို တစ်နေရာမှာဝှက်ထားခဲ့တယ်"

"မြန်မာပြည်က မျက်နှာဖြူတွေ ပို့လိုက်တဲ့ရွှေဒင်္ဂါးတွေလည်းပါတယ် မဟုတ်လား"

"ခင်ဗျားက အတော်သိနေတာပဲ၊ ဟုတ်တယ် အဲဒီရွှေဒင်္ဂါးတွေလည်း ပါတာပေါ့၊ အဲဒီလိုဝှက်ထားပြီး ပျောက်သွားတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုပါ သတ်ပစ်လိုက်တော့ ကျန်တဲ့လူတွေက ဘာမှမသိရတော့ဘူး။ သူမသေခင်မှာ အမှတ်အသားလုပ်ထားတဲ့ မြေပုံစာရွက်ကို ဒေါ်မာရီယာကိုပေးထားခဲ့တယ်"

"အဲဒီပစ္စည်းလိုချင်ရုံနဲ့ သားအမိနှစ်ယောက်စလုံးကို ဘာကြောင့် ရက်ရက်စက်စက်သတ်ပစ်ရတာလဲ"

"ကျုပ်သတ်တာမဟုတ်ဘူးဗျ၊ ကျုပ်ကပစ္စည်းပဲလိုချင်တာ သူတို့ကိုသတ်ဖို့ရည်ရွယ်ချက်မရှိဘူး"

"ဒါပေမယ့် ကြောက်စရာကောင်းတဲ့ တိရစ္ဆာန်ကိုလွှတ်လိုက်တော့ အားလုံးသေကုန်တာပေါ့၊ ခင်ဗျားမွေးထားတဲ့အူရင့်အူတန်ဆိုတဲ့ မျောက်ဝံကသတ်လိုက်တာ မဟုတ်လား"

ထိုသို့ပြောသောအခါ မျက်လုံးအပြူးသားဖြင့်ကြည့်နေသည်။ သူ့အမူအရာမှာ အတော်ကလေးလှုပ်လှုပ်ရှားရှားဖြစ်ကာ ဂနာမငြိမ်ဖြစ်နေသည်။

အိတ်ထဲမှာပါလာသော လက်နက်ကိုဆွဲထုတ်လျှင်တော့ ဒေါက်တာမင်းထင်ကျော်က အလျှင်ဦးအောင်ပြင်ဆင်ထားသည်။

"ခင်ဗျားကအားလုံးသိနေပါလား၊ ခင်ဗျားက စုံထောက်တစ်ယောက်မဟုတ်လား"

"ကျုပ်က စုံထောက်မဟုတ်ပါဘူး၊ မြေပုံရအောင်. . ခင်ဗျား ဘယ်လိုကြံစည်ခဲ့တယ်ဆိုတာ ပြောပါဦး"

ထိုအခါမှ စိတ်ကိုလျော့ချလိုက်ပြီး ဖြစ်ကြောင်းကုန်စင်ပြောပြလေသည်။





အူရင့်အူတန်မှာ မျောက်ဝံဟူသော ခြုံငုံပြီးခေါ်သော်လည်း လူနှင့်ပုံသဏ္ဌာန်တူသော 'တောလူ'ပင်ဖြစ်သည်။ အသိဉာဏ်လည်းရှိသည်။

လူလုပ်သမျှအတုခိုးပြီး အားလုံးလိုက်လုပ်နိုင်သည်။ သံပချိုင်က ထိုတောလူကိုမွေးကာ သူလုပ်စေချင်သည်တို့ကို သင်ကြားပေးထားသည်။

ထိုသတ္တဝါကလည်း စေခိုင်းသမျှအားလုံး လုပ်ပြနိုင်သည်။ သံပချိုင်က ဒေါ်မာရီယာတို့သားအမိထံမှ မြေပုံကိုယူဖို့ ကြံစည်နေသော်လည်း အထမမြောက်ပေ။ ထိုသားအမိက တိုက်တံခါးများအလုံပိတ်ထားသောကြောင့် ဝင်ခွင့်မသာခဲ့ပေ။

တစ်နေ့ညမှာတော့ တောလူကိုပါခေါ်သွားပြီး ထိုအိမ်အနောက်ဘက်မှ အခြေအနေစောင့်ကြည့်နေစဉ်. . ညဉ့်ပိုင်းရောက်တော့ မီးလင်းနေသော အပေါ်ထပ်အခန်းမှ ပြတင်းပေါက်တံခါးတစ်ချပ် ပွင့်နေသည်ကို လှမ်းမြင်ရလေသည်။

ထိုအခြေအနေကို မြင်သောအခါ တောလူကိုသွားခိုင်းရာ မိုးကြိုးလွှဲကြိုးမှ တွယ်တက်သွားရာ ခဏချင်းပင်ရောက်သွားလေတော့သည်။

မိုးကြိုးလွှဲကြိုးနှင့် ပြတင်းပေါက်ရှိသော နေရာမှာအကွာအဝေးဝေးသော်လည်း မျောက်ဝံတစ်ကောင်အဖို့ အလွယ်တကူပင် ခုန်ကူးသွားနိုင်လေသည်။

ထို့နောက် ပြတင်းပေါက်မှ အခန်းထဲသို့ ခုန်ဝင်သွားသည်ကို လှမ်းမြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းမှာပင် အခန်းထဲမှ စူးစူးဝါးဝါးအော်သံများပေါ်ထွက်လာသည်။

ဘဏ်မှငွေနှင့် ရွှေထုပ်တို့ကိုရေတွက်ပြီး မီးခံသေတ္တာထဲထည့်ရန်ပြင်နေသော ဒေါ်မာရီယာတို့ သားအမိမှာ မမျှော်လင့်ပဲ အခန်းထဲသို့ မျောက်ဝံကြီးတစ်ကောင်ဝင်လာသည်ကိုမြင်သောအခါ ကြောက်လန့်တကြား အော်ဟစ်ကြခြင်းဖြစ်သည်။

သံပချိုင်၏ ရည်ရွယ်ချက်မှာ. . မျောက်ဝံကြီးအခန်းထဲရောက်လာသဖြင့် ကြောက်ရွံ့ထိတ်လန့်နေသော သားအမိနှစ်ယောက်ကို သူရောက်သွားသောအခါ မျောက်ဝံကြီးနှင့် ချောက်လှန့်ပြီး မြေပုံရအောင်တောင်းမည်ဟု စိတ်ကူးထားသော်လည်း သူကအတော်ကြာမှ အပေါ်သို့ရောက်သွားလေသည်။

လေးထပ်တိုက်ပေါ်သို့တက်ရာမှာ မျောက်ဝံတစ်ကောင်အဖို့ လွယ်ကူသော်လည်း လူတစ်ယောက်အဖို့တော့ ခက်ခက်ခဲခဲဖြင့် တက်ရလေသည်။

မမျှော်လင့်ပဲ အခန်းထဲသို့ မျောက်ဝံကြီးဝင်လာသောအခါသားအမိနှစ်ယောက်စလုံးအထိတ် တလန့်အော်ဟစ်ကြသည်။

အနီးမှာရှိသော ပစ္စည်းများဖြင့်ကောက်ပေါက်ကာခြောက်လှန့်ကြသည်။

ထိုသည်ကပင် သူတို့အတွက်ကြီးစွာသော အမှားဖြစ်တော့သည်။ မျောက်ဝံကို ဒေါသဖြစ်အောင်ဆွပေးလိုက်သကဲ့





သို့ဖြစ်သောကြောင့် အနီးသို့ ချတ်ချင်းရောက်လာပြီး၊ အသံမထွက်နိုင်အောင် လည်ပင်းညှစ်ခြင်း၊ အနီးမှာရှိသော ပစ္စည်းများဖြင့်ရိုက်ပုတ်ခြင်း၊ နောက်ဆုံး စားပွဲပေါ်မှာရှိသော သင်တုန်းဓားဖြင့် လည်ပင်းကိုလှီးဖြတ်လိုက်သည်အထိ အကြမ်းဖက်ဆိုးဝါးသွားတော့သည်။

နှစ်ယောက်စလုံး သေသွားသောအခါ သံပချိုင်အပေါ်ရောက်လာလျှင် မြင်တွေ့သွားမည်စိုးသောကြောင့် ဒေါ်မာရီယာအလောင်းကို ပြတင်းပေါက်မှ အောက်သို့ပစ်ချလိုက်ပြီး မေရီအလောင်းကိုတော့ မီးခိုးခေါင်းတိုင်အတွင်း ထိုးသွင်းကာဝှက်ထားလိုက်သည်။

သံပချိုင်အပေါ်ရောက်သွားတော့ ပရိဘောဂများလဲပြိုနေပြီး ထိုသားအမိကို မတွေ့ရတော့ပေ၊

မျောက်ဝံလည်း သံပချိုင်ကိုကြောက်သဖြင့် ပြတင်းပေါက်မှခုန်ကာ မိုးကြိုးလွှဲကြိုးရှိရာသို့ကူးပြီး အောက်သို့ဆင်းသွားလေသည်။

ထိုအချိန်မှာ သူလိုချင်သောပစ္စည်းကိုရှာဖို့ အချိန်မရတော့ပေ။ အောက်ထပ်မှတက်လာသော ခြေသံများကြားရသဖြင့် ပြတင်းပေါက်မှ မိုးကြိုးလွှဲကြိုးရှိရာသို့ ရောက်စေရန် တံခါးချပ်ကိုခိုပြီး အရှိန်ဖြင့်လွှဲလိုက်သောအခါ အတော်နီးသောနေရာသို့ ရောက်သွားသဖြင့် လွှဲကူးလိုက်ရာ ရောက်သွားလေတော့သည်။

တံခါးချပ်တို့မှာ အတွင်းမှ စပလိန်တပ်ထားသဖြင့် လူ



www.burmeseclassic.com

www.burmeseclassic.com



အလေးခိုနိုင်ပေါ့သွားသောအခါ သူ့အလိုလိုပြန်ဆောင့်ပိတ်သွားလေတော့သည်။

ထိုသို့ ပိတ်သည်နှင့် မောင်းတံချက်ကသူ့အလိုလိုပြန်ကျပြီးသားဖြစ်အောင်စီမံထားသည်။

"အောက်ရောက်တော့ နောက်ဘက်ကသစ်ပင်ပေါ်က တစ်ဆင့် အုတ်တံတိုင်းပေါ်ကနေ ကျော်ထွက်သွားတာမဟုတ်လား"

"ဟုတ်ပါတယ်"

"ဟိုသတ္တဝါက ကျွန်းပေါ်ပြန်ရောက်သွားပြီလား"

"အခုထိတော့ ပြန်မလာသေးဘူး၊ သူ့အပြစ်နဲ့သူကြောက်လို့နေမှာပေါ့"

"တစ်နေ့တော့ ပြန်ရောက်လာမှာပါ"

"တောထဲထိ ထွက်ပြေးရင်လည်း ပြေးမှာပေါ့"

"ဒီလိုသတ္တဝါတွေက တိရစ္ဆာန်ဆိုပေမယ့် လူလိုပဲသိဉာဏ်ရှိတယ်၊ မကြာခင် ခင်ဗျားဆီပြန်ရောက်လာမှာပါ"

"ခင်ဗျားတို့ဆီက ပစ္စည်းပြပါ"

"မိတ်ဆွေတစ်ယောက်ဆီမှာပါ မကြာခင်မှာတော့ ခင်ဗျားနဲ့ဆက်သွယ်ပြီး ပြပါ့မယ်"

သံပချိုင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်ကိုရော လူသတ်မှုနဲ့ဖမ်းမှာလား"

"ကျုပ်က စလိပ်တစ်ယောက်တော့မဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားမသိတဲ့အကြောင်းတော့ ပြောပြပေးနိုင်ပါတယ်"





ထိုသို့ပြောလိုက်တော့မှ စိတ်ကိုလျှော့ချလိုက်ဟန်ဖြင့် …ရာမှထရပ်လိုက်သည်။

"ကျုပ်ကိုမဖမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တစ်ခါတည်းပြောထားခဲ့မယ်၊ တကယ်လို့မြေပုံရထားရင် …ာင်ခင်ဗျားတို့ချည်း လုပ်လို့မရဘူး၊ ဒီတော့ အကြောင်းထူး…ာနဲ့ ကျုပ်နဲ့လာပြီး ပူးပေါင်းပါ"

ဟုပြောပြီး ပြန်ထွက်သွားလေသည်။

လှေကားမှဆင်းသွားသော ခြေသံပျောက်သွားတော့မှ …ာက်ဘက်အခန်းမှာဝင်နေသော စုံထောက်ကျော်စွာနှင့် ဦး…ကောင်းတို့ထွက်လာကြပြီး ၄င်းတို့ထင်မြင်ချက်များကိုပြောပြ…သည်။

မည်သို့ပင်ရှိပေ. . . ဒေါက်တာမင်းထင်ကျော်တို့က …က်သေအထောက်အထားတို့ဖြင့် ရာဇဝတ်အုပ် ဂါးရင့်ကို …ပြောပြလိုက်ရာ အပြစ်မရှိပဲ ဖမ်းဆီးထားသော ဘဏ်စာရေး …သော်မဆင်မှာ လွတ်မြောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## (အခန်း - ၈)

# သဲလွန်စများနောက် ခြေရာကောက်လေသော်

နောက်တစ်နေ့ထုတ် သတင်းစာများမှာ. . . လူသတ်သမားခံ ပေါ်ပေါက်ခဲ့ပြီဆိုသောသတင်းကို ဦးစားပေး ဖော်ပြထားလေသည်။

နယူးဒေလီဂေဇက်သတင်းစာကြီး၌. . .

"ဟူဂလီမြို့မှာရှိသော ဂါတ်စခန်းမှ ရာဇဝတ်... ...ရင့်ဦးဆောင်ကြီးစားမှုဖြင့် ပုလိပ်အဖွဲ့၏ဆောင်ရွက်ချက်...



www.burmeseclassic.com

www.burmeseclassic.com



ခုနှ(ရာဘဲ့)(စ်)လမ်းမှ နှစ်လောင်းပြိုင်လူသတ်မှုတရားခံကို သိရှိ ဖြစ်ကြောင်း၊

ထိုတရားခံမှာ လူတစ်ယောက်မဟုတ်ပဲ တောထဲ ရောက်လာသော တောလူတစ်ကောင်၏ လက်ချက်ဖြစ် ကြောင်း(ဒေါက်တာမင်းထင်ကျော်က သံပချိုင်မွေးထားသော တောလူဟု မပြောပဲ တောထဲမှထွက်လာသော 'တောလူ'ဟုသာ ပြောပြသဖြင့် ထိုအတိုင်းဖော်ပြခြင်းဖြစ်၏။

နောက်ပိုင်းမှာတော့ လူသတ်မှုကို ထိုသတ္တဝါက ဘယ် ဘယ်နည်းကျူးလွန်းသောအချက်များကို (ဒေါက်တာမင်းထင် ကျော်ပြောပြသည့်အတိုင်း) အကျယ်တဝင့်ရေးသားဖော်ပြထား သည်ကို ဖတ်ရှုကြရလေသည်။

"လူသတ်တရားခံကို ဖမ်းမမိသေးပေမယ့် အဖြေသိရှိ ဆိုတော့ ပုလိပ်အဖွဲ့တွေလည်း ခေါင်းနည်းနည်းပေါ့ပါးသွား လောက်ရောပေါ့၊ ဒါထက် မောင်ထင်ကျော်က သဲလွန်စကော ပဲ့လေးလည်း တစ်ဆိတ်လောက်ကြားပါရစေ"

သုံးယောက်သား ကော်ဖီသောက်နေရင်းမှာ ဦးဖ ကောင်းကမေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က သောက်လက်စကော်ဖီ ပန်းကန်ကို စားပွဲပေါ်ပြန်ချထားလိုက်ပြီး စီးကရက်တစ်လိပ်ထို မီးညှိဖွာလိုက်လေသည်။

ပြီးမှ အကျိုးအကြောင်းပြေပြလေသည်။

"လူတွေအားလုံး တစ်ညီတည်းပြောကြတဲ့အချက်ကို





ဆောက်ချက်ချကြည့်တာပါ အစော် ထင်က စူးစူးဝါးဝါးအော်သံ နဲ့ ဒေါသတကြီးပြောဆိုနေတဲ့ အသံတွေကြားရတယ်ဆိုတော့ အခန်းထဲမှာ အသတ်ခံရတဲ့သားအမိအပြင် အခြားသူတွေရှိနေ တယ်ဆိုတဲ့အချက်က ထင်ရှားတယ်"

"မှန်ပါတယ်"

"ပထမတော့ အဖွားကြီးက သမီးကို အရင်သတ်ပြီးမှ သူကိုယ်သူ သတ်သေတယ်ဆိုရင်လည်း အလောင်းတစ်လောင်း ကို မီးခိုးခေါင်းတိုင်ထဲရောက်အောင် မထည့်နိုင်ဘူး

သမီးက အဘွားကြီးကိုသတ် ပြတင်းပေါက်ကပစ်ချပြီး သူ့ကိုယ်သူ သတ်သေတယ်လို့ တွေးပြန်ရင်လည်း သေပြီးသား လူက မီးခိုးခေါင်းတိုင်ထဲကို မရောက်နိုင်တော့ သူတို့အပြင် အခြားတစ်ယောက်၊ ဒါမှမဟုတ် နှစ်ယောက်ရှိနေတယ်ဆိုတာ ခိုင်မာစေတဲ့အချက်ပါပဲ"

"ဟုတ်ပြီ ဆက်ပါဦး"

"အဲဒီတော့ ဒီနှစ်ယောက်ကိုသတ်တဲ့သူတွေဟာ ဒေါသ တကြီးပြောဆိုနေတဲ့ လူတွေပဲရှိတာပေါ့၊ ဒီတော့အားလုံးကြား ရတဲ့အချက်တွေမတူပေမယ့် မပီမသနဲ့ စူးစူးဝါးဝါးအသံမျိုး ခပ်အုတ်အုတ်အသံမျိုး ကြားရတာကတော့ အားလုံးတူကြတယ်"

"မှန်ပါတယ်"

"အဲဒီမှာအရေးကြီးတဲ့ အချက်တစ်ခုပါတယ် ... အသံတစ်သံနဲ့အတူ လေသံဝဲနေတဲ့ အသံတစ်သံပါတယ်ဆိုတာ မှတ်မိကြမှာပေါ့၊ အဲဒီအချက်ကအရေးကြီးဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သံပချိုင်ဆိုတဲ့သူကို ဘယ်လိုခြေရာကောက်မိတာလဲ"

"သံလက်ဝတ်ကွင်းပေါ် ရောက်သွားတုန်းက သူနဲ့တွေ့ပြီး စကားပြောခဲ့ရတော့ သူ့အသံကိုကောင်းကောင်းမှတ်မိတယ်၊ ဒီလူက တိုင်းရင်းသားတစ်ယောက်ဆိုတော့ အတော်ကလေး လေသံဝဲနေတယ်၊ အဲဒီမှာ လေသံဝဲနေတဲ့သူက ခြေရာကောက်မိတာနဲ့ သူမွေးထားတဲ့တောလူကြီးက စိတ်ကူးထဲပါလာတော့တာပဲ"

"ဆက်စပ်တွေးခေါ်တတ်တဲ့ ပညာမျိုးပါပဲ"

"သဲလွန်စတွေကို လေ့လာကြည့်တော့ အမြင့်ကိုတက်လာတာရော၊ လေးထပ်တိုက်အမြင့်ပေါ်က ပြန်ဆင်းသွားတာတွေရော ကြည့်ရင် လူတစ်ယောက်ထက် သစ်ပင်တက်ကျွမ်းကျင်တဲ့ မျောက်ဝံတစ်ကောင်က ပိုပြီးဖြစ်နိုင်တာပေါ့၊ အဲဒီအတွေးကို အထောက်အကူပေးတာက အခန်းထဲမှာ တွေ့ကြရတဲ့ သွေးစွန်းနေတဲ့အမွေးအမှင်တွေပဲ"

"အားလုံးက အဲဒါကို သေတဲ့သူတွေရဲ့ ဆံပင်တွေလို့ ချည်းထင်နေကြတာ ပုလိပ်တွေအပါအဝင်ပေါ့"

"သွေးစွန်းနေတာမြင်တော့ သေတဲ့လူရဲ့ဆံပင်လို့ပဲ. . ကောက်ချက်ချမှာပေါ့၊ အနက်ရောင်နဲ့ နီကြောင်ကြောင်အရောင်တွေရောနေတော့ သင်တုန်းဓားနဲ့ထိပြီး ပြတ်ကျနေတဲ့ဆံပင်တွေလို့ပဲ ထင်ကြမှာပေါ့"

"ဒါကြောင့်လည်း. . အဖြေမရတော့ပဲ ရှုပ်ထွေးကုန်တော့တာပေါ့ ဆရာရယ်"





ဒေါက်တာမင်းထင်ကျော်က အနည်းငယ်တိုသွားသော စကားရက်ကို ပြာခွက်ထဲထည့်လိုက်ပြီး စားပွဲပေါ်မှာ ကော်ဖီပန်းကန်ကိုယူကာ လက်ကျန်မော့သောက်လိုက်သည်၊

ထို့နောက် ပန်းကန်ကို စားပွဲပေါ်ပြန်တင်ပြီးမှ စကားဆက်သည်။

"ကျွန်တော်တို့ အပေါ်ထပ်အခန်းတွေရောက်တော့ လူသတ်သမားထွက်နိုင်တဲ့ အပေါက်တွေကို ခန့်မှန်းကြည့်တော့ ပြတင်းပေါက်တံခါးတွေပဲ ရှိတယ်၊

ဒါပေမယ့်. . ပြတင်းပေါက်တံခါးတိုင်းက အတွင်းက ချက်ထိုးပြီး ပိတ်ထားတယ်၊ ဒီလိုဆိုရင် လူတွေတက်လာတဲ့ အချိန်မှာ ဘယ်နေရာမှာ ပုန်းနေမလဲ၊ မျက်နှာကြက်ပေါ် တက်ပုန်းနေသလားလို့ တွေးမိသေးတယ်၊

ဒါပေမယ့် ပုလိပ်တွေက ဒီအချက်ကိုတော့ မစဉ်းစားပဲ နေကြမှာ မဟုတ်သလို မရှာပဲလည်းနေမှာမဟုတ်ဘူး၊ ဒါပေမယ့် မျက်နှာကြက်တက်ဖို့ အပေါက်မရှိဘူး"

"မှန်ပါတယ်"

"လူသတ်သမားအပြင်ဘက်ကို ထွက်သွားစရာဆိုလို့ မရှိနေတဲ့အခန်းက ပြတင်းပေါက်တစ်ပေါက်ပဲ ကျန်တော့တယ် ဒီဘက်မှာလည်း ပြတင်းပေါက်တွေရှိနေပေမယ့် သူ့အပြင်ထွက်သွားရင် လှေကားကတက်လာတဲ့လူတွေနဲ့ ပက်ပင်းတိုးမှာဆိုတော့. . ဒီလိုတော့ လုပ်မှာမဟုတ်ဘူး"

"အဲဒီအခန်းထဲက ပြတင်းပေါက်ကလည်း ဆောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့ အသဲအချက်ထိုးပြီး ပိတ်ထားတယ်မဟုတ်လား"

"စစ်ဆေးကြည့်တော့ ပိတ်ထားတာတွေ့ရတယ်၊ ချက်ထိုးထားသမယ့် စပရိန်တပ်ထားတော့ ရုတ်တရက်မပွင့်ဘူး၊ ဖွင့်ထားရင်လည်း စပရိန်ကပြန်တင်းပြီး သူ့အလိုလိုပြန်ပိတ်သွားနိုင်အောင် စီစဉ်ထားတယ်၊ ချက်ဖြုတ်ပြီးဖွင့်ရင်တောင် မရနိုင်အောင် အထဲမှာ သံကွင်းနဲ့တပ်ပြီး သံချောင်းတွေနဲ့ ကလန့်ထားတာတွေ့ရတယ်"

"အတော် စနစ်ကောင်းတာပဲ"

"ဒီနေရာမှာ စဉ်းစားရမှာက အတွင်းချက်ပဲရှိပြီး ကန့်လန့်ထည့်ထားတဲ့ သံချောင်းမရှိရင် လူသတ်သမားက ချက်ကိုဖြုတ်ပြီး တံခါးဖွင့် အပြင်ထွက်မယ်၊ အပြင်ရောက်တော့မှ တံခါးကိုဆောင့်ပိတ်လိုက်ရင် တံခါးချက်က အလိုလိုပိတ်သွားမယ်. . ဒီတော့မှ တနည်းနည်းနဲ့အောက်ကို လျှောဆင်းသွားရုံပဲပေါ့"

"အဲဒီလိုပိတ်ထားတာကတော့ ဟုတ်ပါပြီ. . အထဲက ကလန့်ထည့်တဲ့သံချောင်းကို ဘယ်သူထည့်ပေးခဲ့တာလဲ"

"အဲဒါ လူသတ်မှုရဲ့ အဓိကအဖြေဖြစ်သလို အရေးအကြီးဆုံး သဲလွန်စတစ်ခုလည်းဖြစ်တယ်၊ ဒါကြောင့်မေရီအခန်းထဲကပိတ်နေတဲ့ တံခါး ပေါက်ကသံချောင်းကို ဆွဲထုတ်ကြည့်တော့မှ အလယ်ကပြတ်နေတာကိုတွေ့ရတယ်၊

နှစ်ကြာတော့ သံချေးတက်ပြီ ဆွေးနေတယ်၊ တံခါးကို ခပ်ကြမ်းကြမ်းဆောင့်တွန်းတော့ ခါးပြတ်သွားပေမယ့် အထဲရောက်နေတော့ မမြင်နိုင်ဘူး၊





အပြင်ကကြည့်ရင် ချက်ထိုးထည့်ထားတယ်လို့ပဲ ထင်ကြမှာပဲ"

"တော်ပါပေတယ်၊ ဘယ်အရာမဆို စေ့စပ်သေချာမှုသည်း ရှိပါပေတယ်"

ဟု ဦးဗန်ကောင်းကပြောလိုက်သည်။

"ပုလိပ်တွေ မျက်စိလည်သွားတဲ့အချက်က အဲဒါပါပဲ၊ တံခါးပိတ်ထားတယ်၊ ချက်လည်းထိုးထားတယ်၊ ဒါ့အပြင်သံချောင်းတစ်ချောင်းနဲ့ပါ ကန့်လန့်ခံထားသေးတာဆိုတော့. . ဒီတံခါးချပ်တွေကို အသုံးမပြုဘူးလို့ ယူဆလိုက်တာပါပဲ"

"ခုတ်ညှံ့ညှံ့တွေပါ ဆရာရယ်"

"ပုလိပ်လောကရောက်လာရင်တော့ အပင်ပန်းခံပြီး ကြိုးစားချင်တဲ့သူက အတော်နည်းတယ်၊ ဘယ်နည်းသုံးရင် ဘယ်လိုခြောက်လှန့်လိုက်ရင် ကိုယ့်အတွက်ဘယ့်လောက်ရရှိနိုင်မယ်ဆိုတာမျိုး ကြည့်တာများတယ်၊ ဒါကြောင့် ပုလိပ်များတော့ အရောတဝင်မနေကြလေနဲ့"

"ဟင်. . ဘာဖြစ်လို့လဲ"

"ဘယ်လောက်ကျွေးမွေးထားထား၊ မလွဲသာလို့ ဖမ်းရတော့မယ်ဆိုရင် ဥပဒေကြောင့်ပါ၊ အထက်လူကြီး ခိုင်းလို့လုပ်ရတာပါဆိုပြီး ဖမ်းတာပဲ"

"ကျွန်တော်လည်း ပုလိပ်ဆိုတော့. . မှတ်နှာပူစရာ တောင်ဖြစ်နေပြီ"

"ဒါပေမယ့် ပုလိပ်တိုင်းတော့မဟုတ်ပါဘူး သဘောထားကောင်းတဲ့လူတွေလည်း ရှိကြမှာပါ၊ မောင်ကျော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"တဲ့ . . တဲ့ ဝုလိပ်အကြောင်းရောက်သွားတာနဲ့ စကားတောင်ပြတ်သွားတယ် ပြန်ဆက်ပါဦး"

"အခန်းထဲက ပြတင်းတံခါးတွေ အသုံးပြုမှန်းသိတော့ တံခါးရွက်ကိုဖွင့်ကြည့်တယ်၊ မနီးမဝေးနေရာမှာ မိုးကြိုးလွဲတပ်ထားတဲ့ သံပိုက်လုံးတွေ့ရတယ်၊ လူတစ်ယောက်အတွက် ခုန်ကူးဖို့နည်းနည်းခက်ပေမယ့် မျောက်တစ်ကောင်ဆိုရင်တော့ အသာလေးကူးသွားရုံပါပဲ၊

သူတို့ကျော်ထွက်သွားတဲ့ ခြံအနောက်ဘက် အုတ်တံတိုင်းနံဘေးမှာရှိတဲ့ သစ်ပင်ကိုကြည့်ခဲ့တော့ လက်သည်း ကုတ်ရာခြစ်ရာတွေ တွေ့ရပြန်တယ်"

"ဟုတ်ပါပြီ"

"တရားခံဟာ မျောက်ဝံတစ်ကောင် ဖြစ်နိုင်တယ်လို့ ယေဘုယျကောက်ချက်ချနိုင်တဲ့ အချက်ထဲမှာ လှေကားကတက်လာတဲ့လူတိုင်းကြားရတဲ့ ဝူးဝူးဝါးဝါးအသံတွေပဲ၊ ဒီလိုဆိုရင် မျောက်ဝံအပြင် တခြားတစ်ယောက်ရှိတယ်ဆိုတော့ စကားသံနည်းနည်းဝဲတယ်ဆိုတဲ့ အချက်နဲ့စဉ်းစားကြည့်တယ်၊

မျောက်ဝံနဲ့ ရင်းနှီးပြီးစကားသံဝဲတဲ့သူဟာ သံလက္ခတ်ကျွန်းက သံပချိုင်ဆိုတဲ့လူ ဖြစ်နိုင်တယ်ဆိုတဲ့အချက်က ပိုပြီးခိုင်မာသွားတာပေါ့"

"သူက ဘာကြောင့် နှစ်လောင်းပြိုင်ရက်ရက်စက်စက်သတ်တာလဲ"

"သူပြောသွားတယ်လေ သူကသတ်ဖို့ရည်ရွယ်ချက်မရှိ





ဘူး၊ မျောက်ဝံကိုပြပြီး ခြောက်လှန့်ပြီးတော့ လိုချင်တဲ့ပစ္စည်းတောင်းယူဖို့ကြံစည်တာပဲ၊ ဒါပေမယ့် မျောက်ဝံကအပေါ်ကိုအရင်ရောက်သွားပြီး သားအမိနှစ်ယောက်စလုံးကို သတ်လိုက်ပြီဆိုတော့ ရှုပ်ကုန်တော့တာပေါ့။

ဒါကြောင့် မျောက်ဝံကို အော်ဟစ်ပြီးတားနေတဲ့ အသံဝဲဝဲတွေကို အောက်ကလူတွေ ကြားလိုက်ရတာ"

"ဖြစ်ချင်တော့လည်း အိမ်တွင်းပုန်းနေတဲ့ သားအမိနှစ်ယောက်စလုံး သေကြရတယ်"

"မျောက်ဝံတစ်ကောင်လက်ချက်ဆိုတာ သက်သေခံတဲ့ အချက်တွေက လူတစ်ယောက်ကိုသေးငယ်တဲ့ သင်တုန်းဓားနဲ့ လည်ပင်းပြတ်နိုင်တောင် . . . လှီးတဲ့ခွန်အား၊ သေပြီးသား အလောင်းကို ပြတင်းပေါက်ကမပြီး ပစ်ချတဲ့ခွန်အား၊ အခန်းထဲကလေးလံတဲ့ ပရိဘောဂတွေကို ကျွမ်းထိုးမှောက်ခုံ ဖြစ်အောင်လုပ်နိုင်တဲ့ ခွန်အားတွေအပြင် သေပြီးသားလူတစ်ယောက်ကို အပေါ်ကို မပြီး မီးခိုးခေါင်းတိုင်ထဲဝင်အောင် ထိုးထည့်နိုင်တဲ့ အခြေအနေတွေကိုကြည့်ရင် သိနိုင်ပါတယ်၊ ဒါတွေက သာမန်လူတစ်ယောက် မလုပ်နိုင်တဲ့ ကိစ္စမျိုးတွေပဲ"

"မှန်ပါတယ်"

"နောက်တစ်ချက်ကတော့ မေရီရဲ့လည်ပင်းမှာပေါ်နေတဲ့ လက်ချောင်းရာတွေပဲ. .၊ အသေအချာကြည့်ရင် လူတစ်ယောက်လက်ချောင်းထက်ပိုကြီးပြီး မတူတဲ့အချက်တွေ အများကြီး တွေ့နိုင်ပါတယ်၊ အထင်ရှားဆုံးကတော့ ခြေသည်းနဲ့ လည်



www.burmeseclassic.com

www.burmeseclassic.com



ပင်းတစ်ပိုက်မှာ ပေါ်နေတဲ့ လက်သည်းအချွန်တွေနဲ့ ထိုးမိခြစ်မိတဲ့ ဒဏ်ရာတွေပါပဲ"

"ဒါကြောင့်လည်း အသေအချာပြောနိုင်တာပဲကိုး"

"ဒါအပြင် ရင်ဘတ်ပေါ်ကို တက်ဖိထားတော့ မေရီရဲ့ကိုယ်ပေါ်မှာ အညိုအမည်းတွေအပြင် အမွေးအချို့ကပ်နေတာကိုပါ တွေ့ခဲ့ရတယ်၊ ပုလိပ်တွေက သေတဲ့သူရဲ့ဆံပင်လို့ပဲထင်ကြမှာ သေချာတယ်"

"ဒါကြောင့်လည်း ကောက်ချက်ချတာလွဲပြီး ယုန်တောင်ပြေး ခွေးမြောက်လိုက် ဖြစ်ကုန်ကြတော့တာပေါ့"

"သူက အခန်းထဲမှာတွေ့တဲ့ ရွှေဒင်္ဂါးတွေတောင် မယူသွားဘူးဆိုတော့ သူလိုချင်တာဘာတဲ့လဲဆရာ"

"ပိုးရွှေတောင်နဲ့ ပတ်သက်တဲ့မြေပုံစာရွက် တစ်ခုပါပဲ"

သံပချိုင်ရောက်လာပြီး ပြောနေစဉ်က စုံထောက်ကျော်စွာနှင့်ဦးဗန်ကောင်းတို့နှစ်ယောက်မှာ အတွင်းခန်းသို့ရောက်နေကြသဖြင့် ကောင်းစွာမကြားလိုက်ကြရပေ။

"ပိုးရွှေတောင်ဆိုတာ ဘာလဲဆရာ"

"လျှို့ဝှက်သင်္ကေတတစ်ခုပါပဲ. . ပင်လယ်ဓားပြအဖွဲ့တစ်ဖွဲ့ရဲ့ လျှို့ဝှက်မြှုပ်နှံထားတဲ့ ရတနာသိုက်တစ်ခုပေါ့၊ အဲဒီရတနာသိုက်က တခြားတော့မဟုတ်ဘူး၊ ကျွန်တော်တို့ တာဝန်ယူပြီး လာရောက်ရှာဖွေတဲ့ ရွှေဒင်္ဂါးတွေနဲ့လည်း ဆက်စပ်မှုရှိနေတယ်"

ထိုစကားကြောင့် နှစ်ယောက်စလုံးက စိတ်ဝင်စားကြ





လေသည်။

"ဒါဖြင့် အဲဒီပစ္စည်းကို သူ မရသေးဘူးပေါ့"

"မရသေးလို့သာ အခုလိုသတင်းစာမှာ ကြော်ငြာထည့်ပေးလိုက်တော့ ချက်ချင်းရောက်လာတာဖြစ်မှာပေါ့"

"ဒီမြေပုံက ချန္ဒရာဘို့(စ်)လမ်းက ဒေါ်မာ[illegible]နေသွားတဲ့ အိမ်ကြီးမှာပဲ ရှိမယ်ထင်တယ်"

"သံပချိုင်ပြောသွားတဲ့အတိုင်းဆိုရင်တော့ အဲဒီနေရာမှာပဲရှိနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီမြေပုံအကြောင်းသိတဲ့ အခြားသူတွေလည်းရှိနိုင်သေးတယ်၊ အခုလို အခြေအနေတွေ ရှုပ်ထွေးနေတဲ့အချိန်မှာ သူတို့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားကြမှာသေချာတယ်"

"အင်း. . ဒါကတော့ရှိကြမှာ သေချာတယ်၊ ကျွန်တော်တို့က ဘယ်လိုဆက်လုပ်မလဲ ဆရာ"

စုံထောက်ကျော်စွာ ကော်ဖီပန်းကန်ကိုယူပြီး လက်ကျန်ကော်ဖီကို မော့သောက်လိုက်ရင်း မေးလိုက်သည်။

"လူသတ်မှုဖြစ်တဲ့ လေးထပ်တိုက်ကို တစ်ခေါက်ပြန်သွားပြီး ရှာကြတာပေါ့"

"ဘယ်အချိန်သွားကြမလဲ"

"ညအချိန်သွားတာ ပိုကောင်းမယ်ထင်တယ်"

"ပုလိပ်တွေစောင့်နေတာ ဝင်လို့လွယ်ပါ့မလား"

"လူသတ်တရားခံ သိကြရပြီဆိုတော့ [illegible]တော့ ကြတော့ပါဘူး၊ ဒီတစ်ခါတော့. . အိမ်ထဲမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှာလို့ရအောင် သူတို့မသိအောင် အနောက်ဘက်ခြံစည်းရိုးက ဝင်ကြမယ် အကျင့်သင်တဲ့ တံခါးကိုတော့ ဟိုတစ်နေ့ကဝင်ကြည့်ရင်းနဲ့ ချက်တွေဖြုတ်ထားခဲ့တယ်"

"တော်ပါပေတယ် ဆရာရယ်၊ နေရာတကာမှာ ကွက်ကျော်မြင်တတ်ရုံမကပဲ စေ့စပ်မှုလည်း ရှိပါပေတယ်"

"အချင်းချင်းတွေပဲ ဒီလောက်မြှောက်ပြောစရာ မလိုလောက်ပါဘူး မောင်ကျော်စွာရယ်"

ဟုပြောရင်း သုံးယောက်သား သဘောကျစွာဖြင့် ရယ်နေကြလေသည်။





# (အခန်း - ၉)

# ပိုးရွှေတောင်နှင့် လောကီအစီအရင်သင်္ကေတများ

နေ့လယ်ဘက်အချိန်လောက်တွင် ဒေါက်တာမင်းထင်ကျော်တို့တည်းခိုနေသော အိမ်သို့ဧည့်သည်တစ်ယောက်ရောက်လာလေသည်။ ထိုအချိန်က ကျန်နှစ်ယောက်က အိမ်မှာမရှိ ထဲထွက်နေကြသောအချိန်ဖြစ်သဖြင့် ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း အိမ်မှာရှိနေသော အချိန်ဖြစ်သည်။

ရောက်လာသော ဧည့်သည်မှာအခြား...



www.burmeseclassic.com

www.burmeseclassic.com



တောင်လုံးကျော်ဟု အမည်ခံထားသော မောင်ဘသော်ပင်ဖြစ်လေ၏။

ငင်းမှာ သတ္တုလတ်ဦးထုပ်တစ်လုံးကို ဆောင်းထားပြီး အဝတ်အစားတို့ကိုလည်း ဖရိုဖရဲဝတ်ဆင်ထားလေသည်။

သူတို့အနေဖြင့် ဟူဂလီမြို့တွင် အသိမိတ်ဆွေများများတော့မရှိပေ။ အနည်းငယ်သာရှိသော မိတ်ဆွေအချို့တို့တွင် မောင်ဘသော်လည်းတစ်ယောက်အပါအဝင်ဖြစ်သဖြင့် ကောင်းမွန်စွာ ဧည့်ခံရလေသည်။

"ကျွန်တော်တို့နေတဲ့နေရာကို ဘယ်လိုများရှာတွေ့လာတာပါလိမ့်"

"ဟူဂလီမြို့က သိပ်မကျယ်လှပါဘူး၊ နောက်ပြီး ကျွန်တော်ကအိမ်ထဲမှာနေတယ်ဆိုပေမယ့် အပြင်ဘက်မှာ အပ်ချထားရင်တောင် တွေ့နိုင်တာဆိုတော့ ရှာရတာသိပ်မခက်ပါဘူး"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်က ကော်ဖီခွက်ယူပြီးချပေးထားလိုက်သည်။

"ခင်ဗျား ဒီမြို့ရောက်နေတော့မှ . . . ဟူဂလီမြို့မှာ ကြောက်စရာကောင်းတဲ့ လူသတ်မှုကြီးက တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တော့ ခင်ဗျားအတွက် ဟန်ကျသွားရောဗျာ"

"လူသတ်မှုဖြစ်တာ ကျွန်တော်က ဘာကြောင့်ဟန်ကျရမှာလဲ မောင်ဘသော်ရဲ့"





"ဒီလောက်ရှုပ်ထွေးတဲ့ လူသတ်မှုမျိုးပြောနဲ့ သာမန်ဖြစ်နေတဲ့အမှုသေးတွေကိုတောင် ဖော်ထုတ်ဖို့ အခက်အခဲတွေ့နေတဲ့ ပုလိပ်တွေအတွက်တော့ ဒီအမှုမျိုးဆိုရင် တရားခံမိဖို့ဝေလာဝေးပဲ၊ ခင်ဗျားဝင်ကူပေးလို့သာ သူတို့အသက်ရှူချောင်သွားကြတာမဟုတ်လား"

မောင်ဘသော်ကထိုသို့ ပြောလာသောအခါ ဒေါက်တာမင်းထင်ကျော်အနေဖြင့် ထွေထွေထူးထူး အံ့ဩခြင်းမရှိတော့ပေ။ မောင်ဘသော်အကြောင်းကို ကောင်းစွာသိထားပြီးဖြစ်သောကြောင့်ပင်။

"ဘာရယ်မဟုတ်ပါဘူး၊ တိုက်ဆိုင်နေလို့ ဝင်ပြီးအကူအညီပေးလိုက်တာပါ"

မောင်ဘသော်က ကော်ဖီသောက်ရင်း ပြုံးနေသည်။

"ခင်ဗျားအတွက်တော့ဘာမှ မဟုတ်ပေမယ့် ပုလိပ်တွေအတွက်တော့ အတော်ဟန်ကျသွားတာပေါ့၊ သူတို့လိုက်နေရင် တစ်သက်လုံးအဖြေမပေါ်တာကိုလည်း အဖြေပေါ်သွားတယ်၊ အလုပ်ရှုပ်လည်း သက်သာသွားတယ်၊ နောက်ပြီး ဒီထက်ကံကောင်းရင် ရာထူးတိုးပြီး ဆုလာဘ်တွေဘာတွေတောင် ရချင်ရဦးမှာဗျ"

"ဒီလိုဆိုတော့လည်း ပိုကောင်းတာပေါ့ မောင်ဘသော်ရယ်"

ဒေါက်တာမင်းထင်ကျော်က အရေးမကြီးသောအမူအရာမျိုးဖြင့် ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘသော်က ကော်ဖီပန်းကန်ကို စားပွဲပေါ်ပြန်ချ ထားလိုက်ပြီးမှ မေးသည်။

"ဒါထက် ခင်ဗျားလိုက်ရှာနေတဲ့ ပိုးရွှေတောင်ကို တွေ့ခဲ့ပြီးလား"

ခေါင်းခါပြလိုက်သည်။

"ဟိုဘက်ကျွန်းကိုရော သွားပြီးပြီမဟုတ်လား"

"ရောက်ခဲ့ပြီးပြီ၊ ပိုးရွှေတောင်တော့ မတွေ့ခဲ့ရဘူး . . ကြောက်စရာကောင်းတဲ့ တိရစ္ဆာန်တွေတော့ ခြံထဲမှာမွေးထား တာတွေ့ခဲ့ရတယ်"

မောင်ဘသော်က ဘာမှဆက်မပြောပဲ အတန်ကြာ အောင်စဉ်းစားနေသည်။

"ဒါထက် မောင်ဘသော်ရော ပိုးရွှေတောင်ကိုတွေ့ဖူး မြင်ဖူးတယ်မဟုတ်လား"

သူကခေါင်းညိတ်ပြသည်။

"ဒီလိုဖြင့် မြင်ဘူးတယ်ရှိအောင် အကြမ်းဖျင်းရုပ်ပုံတစ် ပုံလောက်ရေးပြပါလား"

"ကျွန်တော်လည်း သိပ်တော့ မမှတ်မိပါဘူး၊ ဒါပေမယ့် ခင်ဗျားမြင်ဖူးချင်ရင်တော့ ရေးပြပါ့မယ်"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဖောင်တိန် နှင့် စက္ကူအဖြူတစ်ရွက်ကို သူ့ရှေ့သို့ချပေးလိုက်သည်။

မောင်ဘသော်က စာရွက်ပေါ်မှာ ပိုးကောင်တစ် ကောင်၏ပုံကို ရေးပြရာ အောက်ပါအတိုင်း တွေ့ရလေသည်။







သူရေးပြသောပုံမှာ ရုတ်တရက်ကြည့်ပါက ကြောက်စ ရာကောင်းသော အရိုးခေါင်းတစ်ခုနှင့် များစွာတူလှပေသည်။

ထိုပုံကိုရေးပြပြီးတော့ စာရွက်နှင့် ဖောင်တိန်ကို စားပွဲ ပေါ်ပြန်ချပေးသည်။

"ခင်ဗျား ကျွန်တော့ဆီကို လာဦးမလား"

"အလုပ်ကိစ္စတွေပြီးလို့ ပြန်ခါနီးရင်တော့ တစ်ခေါက် လာခဲ့ဦးမယ်"

"တကယ်လို့ ခင်ဗျား ပိုးရွှေတောင်ကိုရှာလို့ တွေ့ခဲ့ရင် တော့ ကျွန်တော့်လည်း အသိပေးပါဦး"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသော မောင်ဘသော်က နှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က စာရွက်ပေါ်မှ ကောင်



www.burmeseclassic.com

www.burmeseclassic.com



တိန်ပေါ်မှာ ကျန်နေခဲ့သည့် သတ်ပွဲရာတို့ကို ကူးယူထားလိုက်လေသည်။

စုံထောက်ကျော်စွာနှင့် ဦးဗန်ကောင်းတို့ပြန်ရောက်လာပြီး စားပွဲပေါ်မှာရှိနေသည့် စာရွက်ပေါ်မှာ ပိုးကောင်ရုပ်ကိုမြင်သဖြင့် အကျိုးအကြောင်းမေးရာ တောင်လုံးကျော်ရောက်လာသည့်အကြောင်း ပြောပြလိုက်သည်။

"ကျွန်တော်အထင်ပြောရရင်တော့ တောင်လုံးကျော်ဆိုတဲ့လူဟာ ပိုးရွှေတောင်နဲ့ပတ်သက်နေတဲ့လူတစ်ယောက် ဖြစ်ရတယ် ဒါကြောင့်သူသိနေတာဖြစ်နိုင်တယ်"

ထိုစကားကြားတော့ ဦးဗန်ကောင်းကပါ သူ့ထင်မြင်ချက်ကို ပြောပြသည်။

"ဒါတင်ဘယ်ကပ့်မလဲ သူကမောင်ထင်ကျော်နဲ့ ခင်မင်အောင်ပေါင်းထားပြီး ကျုပ်တို့လုပ်သမျှတွေကို နောက်ကခြေရာခံပြီးလိုက်ကြည့်နေတာကော မဖြစ်နိုင်ဘူးလား"

"နှစ်ယောက်စလုံး ယူဆတာဖြစ်နိုင်စရာ အများကြီးရှိပါတယ် ကျွန်တော်တို့ဘာပဲလုပ်လုပ် သတိထားကြရမှာပေါ့၊ သူရေးပြခဲ့တဲ့ ပိုးကောင်ရုပ်က မထူးဆန်းဘူးလား"

"ထူးဆန်းဘာထက် ကြောက်စရာကောင်းတယ်ဆိုရင် ပိုပြီးမှန်နိုင်တယ်၊ ဘာကြောင့်လည်းဆိုတော့ သူရေးပြသွားတဲ့ ရုပ်ပုံက ရှေးခေတ်အီဂျစ်တွေအသုံးပြုတဲ့ အဆောင်လက်ဖွဲ့ဖြစ်တဲ့ ချေးပိုးထိုးနဲ့ အတော်တူတယ်"

"ချေးပိုးထိုးအဆောင်အကြောင်းလည်း ပြောပါဦးမောင်ထင်ကျော်ရဲ့"

ဦးဗန်ကောင်းကပြောသဖြင့် အောင်ပါအကြောင်းအရာအချို့ကို ပြောပြလေသည်။

ရှေးဟောင်းအီဂျစ်တို့သည် ချေးပိုးထိုးအား အနက်ဦးတိုင်ဆိုင်သော နတ်ဒေဝတာအဖြစ်လည်းကောင်း အရှက်ဦးနတ်ဘုရားအဖြစ်သော်လည်းကောင်း၊ နေမင်း၏ သွားလာမှုကြောင်းကို ထိန်းကွပ်သော နတ်ဒေဝတာအဖြစ်လည်းကောင်း ပူဇော်ကြပြီး "ခါပရီနတ်ဘုရား"(Khepri)ဟူ၍ အမည်ပေးထားသည်။

ချေးပိုးထိုး (Dung Beetle)ကို အင်္ဂလိပ်ဘာသာစကားဖြင့် (Scarab)ဟုခေါ်သည်။ ထိုချေးပိုးထိုးသည် မြန်မာ့ရိုးရာအယူအဆအရ မကောင်းဆိုးဝါးသဘာဝကိုဆောင်သည်ဟု မှတ်ယူကြပြီး ချေးပိုးထိုးကိုတွေ့ရှိပါက လူတို့သည် ဖိနပ်မှောက်ခြင်း၊ တံမြက်စည်း၊ ဖိနပ် စသည်တို့ဖြင့် ရိုက်ပုတ်ခြင်း စသည့်နည်းများဖြင့် အဝေးသို့ရောက်အောင် မောင်းထုတ်ကြသည်။

လူတို့သည် အကြောင်းတိုက်ဆိုင်စွာ တစ်စုံတစ်ရာဖြစ်ပါက ဤချေးပိုးထိုးကြောင့်ဟူ၍ ရိုးမယ်ဖွဲ့တတ်ကြသည်။

ရှေးဟောင်းကာလမှသည် ယခုခေတ်တိုင် အီဂျစ်အပါအဝင် ကမ္ဘာ့အနောက်တိုင်း လောကီနည်းပညာနှင့် ပတ်သက်သော အဆောင်လက်ဖွဲ့များ (TALISMANS & AMULETS) နှင့် ပတ်သက်သည့် အယူအဆတွင် လူသားတို့အား ထာဝရစောင့်ရှောက်ပေးသော အဆောင်အဖြစ်လည်းကောင်း အလွန်







www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်သည့် လောကီလာဘ်ပွင့် အဆောင်အဖြစ်လည်း ကောင်း သုံးစွဲကြသည်။

## ဆုတောင်းပြည့်မယ်ရှင့်သောသည့် ချေးပိုးထိုး

အီဂျစ်နိုင်ငံ နိုင်းမြစ်၏ အရှေ့ဘက်ကမ်းခြေတွင် ရှေး အီဂျစ်မင်းတို့ နန်းစိုက်ရာ "လပ်(ခ)ဂဆွာ"ဟူသော မြို့ကြီးတစ် မြို့ရှိသည်။

ထိုမြို့ကြီးသည် အံ့ဖွယ်ရှေးဟောင်းလက်ရာများနှင့် ပြည့်နှက်သော ရှေးဟောင်းမြို့နန်းတော်ကြီး ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များ သွားလာလှုပ်ရှားနေသော မြို့ ကြီးလည်း ဖြစ်ပေသည်။

ထိုခေတ်ထိုအခါက နိုင်းမြစ်၏ အရှေ့ဘက်ခြမ်းတွင် နန်းတည်၍ နန်းစည်းစိမ်ကို ခံစားသူများ သေလွန်သောအခါ နိုင်းမြစ်၏အနောက်ဘက် ဂူသင်္ချိုင်းတွင် မြှုပ်နှံလေ့ရှိသည်။

နိုင်းမြစ်၏ အနောက်ဘက်သို့ သေလွန်ပြီးသော သူများ ကို ပို့ဆောင်နေရာချထားသည်။

အဆိုပါ လျှို့ဝှက်မှုများနှင့် ပြည့်သိပ်နေသော သင်္ချိုင်း ဘက်သို့ အကြောင်းမဲ့သွားလာခွင့် မရှိပေ။

အရှေ့ဘက်ခြမ်းနန်းတော်တစ်နေရာတွင် နိုင်ငံအသီး သီးမှ ကမ္ဘာလှည့်ခရီးသည်များ တန်းစီစောင့်၍ စိတ်ဝင်တစား ဆုတောင်းသော နေရာတစ်ခုရှိသည်။





ရင်ပြင်ကျယ်တစ်ခုတွင် ကျောက်ပေ ခန့်မြင့်၍ လက်တစ် ဝတ်စာလုံးပတ်ရှိသော ကျောက်တိုင်ပေါ်မှာ စနစ်တကျ ထုဆစ် ထားသော ချေးပိုးထိုးရုပ်ရှိသည်။

၎င်းသည် ချေးပိုးထိုးနတ်ရုပ်ဖြစ်သည်။

၎င်းကို "ခါပရီ"*(Khepri)*နတ်ဟုခေါ်သည်။

အဆိုပါချေးပိုးထိုး နတ်ရုပ်ရှိရာကျောက်တိုင်ကို သတ်ဝဲ ရစ်(၁၁)ပတ်ပတ်၍ အလိုရှိရာဆုတောင်းပါက ဆုတောင်းပြည့် သည်ဟု အယူအဆရှိကြသည်။ ဆုတောင်းသူများသည် အုပ်စုဖွဲ့ ၍ တိုင်ပတ်ကာ ဆုတောင်းကြသည်။

ဘေးပတ်ပတ်လည်တွင် ချေးပိုးထိုးရုပ်များ ထုဆစ်ထား ကြသည်။

အမှတ်တရ အဆောင်ချေးပိုးထိုးရုပ်များကိုလည်း ရောင်းချကြသည်။

ထိုအဆောင်ချေးပိုးထိုးရုပ်များကို ကမ္ဘာအဝန်းမှလာ ရောက်ကြသည့် ခရီးသည်များနှစ်ခြိုက်စွာ ဝယ်ယူကြသည်။

အီဂျစ်လူမျိုး ကျား/မတိုင်း၏ လည်ပင်းတွင် ချေးပိုးထိုး ရုပ်များ ဆွဲထားသည်ကို တွေ့ရသည်။

အီတလီ၊ ဂရိနှင့် မြေထဲပင်လယ်တစ်ဝိုက်၌လည်း ၎င်း ချေးပိုးထိုးကို လာဘ်ပွင့်စေသော အဆောင်အဖြစ် ဆောင်ယူ ထားကြသည်။

ရှေးလက်နှစ်ဖက်အတွင်း၌ ဘုရင်တို့အမြဲမပြတ်ဆောင်သည့် သောပိုက်လုံးသဏ္ဍာန်ရွှေဘူးကို ကိုင်တွယ်ထားသောပုံဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်၊

ငှင်းမှာ အလွန်လာဘ်ကောင်းသော အဆောင်ဖြစ်သည်ဟု ယူဆကြသည်။

အဆိုပါပုံကို ဆောင်ယူခြင်းဖြင့် ကောင်းသတင်း၊ တိုးတက်အောင်မြင်မှု သတင်းဖြင့် ကျော်ကြားနိုင်သည်ဟု ယုံကြည်မှုရှိကြသည်။

အဆောင်ကောင်းကို နှစ်သက်သူများသည် ချေးပိုးထိုးအဆောင်ကိုနှစ်သက်ကြသည်။

## ချေးပိုးထိုးအဆောင်၏ ဂုဏ်ရည်ချက်

ချေးပိုးထိုးအဆောင်ကို ရှေးနှစ်ပေါင်းများစွာကပင် ဆောင်ယူခဲ့ကြသည်။

သေလွန်သောသူများ၏ အသည်းနှလုံးမှ ဝိညာဉ်ကို "ခါပရီ" နတ်ဘုရားမှသယ်ဆောင်သည်။

ရှေးအီဂျစ်တို့ ယုံကြည်သော ဒဏ္ဍာရီအလိုအရ "ခါပရီ" နတ်ဒေဝတာသည် နေသွားလမ်းကြောင်းကို ထိန်းသိမ်းပေးသော နတ်ဒေဝတာဖြစ်သည်။

ငှင်းမှာ အရှေ့ဦးထွက်ပြုစနေမင်း၏ အရှေ့ဦး နတ်ဘုရားဖြစ်သည်။

"ရာ"(*Ra*) ဟုခေါ်သော နေနတ်မင်း၏ သားတော်အငယ်ဖြစ်သည်။





ကမ္ဘာမြေပြင်ရှိ လူသားတို့အား ပြန်လည်ရှင်သန်ထမြောက်စေရန် တာဝန်ရှိသောသူဖြစ်သည်။

ချေးပိုးထိုး အသွင်ဖြင့်လည်းကောင်း ဦးခေါင်းနှင့် လူကိုယ်တွဲဖက်၍ နံရံပန်းချီးအဖြစ်ပုံဖော်သည်။

ဘဝတစ်ခုမှတစ်ခုသို့ ပြောင်းလဲသောအခါ [illegible] ဘဝသို့ရောက်ရှိပြီး လူသားအဖြစ် ရှင်သန်မွေးဖွားရန် အခွင့်အလမ်းကို ရကြကုန်သည်။ ဝိညာဉ်တို့အား သယ်ဆောင်၍ လူသားတို့ထံ ရောက်ရှိစေကာ ရှင်သန်မှုသစ်ကို ပေးစွမ်းသည်။

နေရာတစ်ခုသို့ ရောက်ရှိလာသော ချေးပိုးထိုးနတ်ဘုရားအား စားပွဲတစ်ခုအပေါ်တွင် ကြာပန်းအပြည့်တင်၍ ကြိုဆိုကြကုန်၏။

ထိုသို့ဆောင်ရွက်ခြင်းသည် အလွန်လာဘ်ကောင်းသည်ဟု ယူဆကြသည်။

ထို့ပြင် မြင့်မြတ်သောဝိညာဉ်ကို ယူဆောင်လာသည်ဟုလည်းသတ်မှတ်ကြသည်။

အိမ်ထောင်သည် အမျိုးသမီးများအဖို့ မြင့်မြတ်သောသန္ဓေကို ရရှိနိုင်ကြပြီး မွေးဖွားလာသော အခါ၌လည်း အလွန်ကောင်းကျိုးပေးသည်ဟု ယူဆကြသည်။

ချေးပိုးထိုး၏ ခြေထောက်တွင် မြင့်မြတ်သောဝိညာဉ်ကို သယ်ဆောင်လာခြင်းကိုပြသည်။

စားပွဲပေါ်တွင် ကြာပန်းအပြည့်တင်ထား ပြီး "ခါပရီ" နတ်ဒေဝတာမှပေးသည့် မြင့်မြတ်သောသန္ဓေကိုရယူ



www.burmeseclassic.com

www.burmeseclassic.com



နေသည့် အမျိုးသမီးတစ်ဦးပုံကို ဘင်ထားသည်။

သားသမီး ရရှိကြသည့် အချို့သော အိမ်ထောင်ရှင်အမျိုးသမီးတို့သည် ချေးပိုးထိုးနတ်ကွန်းသို့ သွားရောက်ကာ သားဆုတောင်းကြသည်။

"ခါပရီ"နတ်ဘုရားက ချေးပိုးထိုးအသွင် ဆောင်ယူသောအချိန်တွင် ဆုတောင်းပြည့်သည်ဟူသော အယူအဆနှင့် တကွ အသစ်တစ်ခုကို စတင်စေသည် ဟူသော ဒဏ္ဍာရီသည် နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သည်။

လွန်ခဲ့သော ခရစ်မတိုင်မီ (၁၁၂၅)ဘီစီ (ယခုကာလမှ ရေတွက်သော်နှစ်ပေါင်း (၃၀၀၀)ကျော်) ဂူသင်္ချိုင်းဖောက်ထွင်းသည့် ခိုးသားများ(Tomb Robbers) ကိုဖမ်းဆီးမိသည်။

၎င်းတို့လက်ဝယ် မိသောအဖိုးတန် ပစ္စည်းသည်ကား ချေးပိုးထိုးရုပ်ပင်ဖြစ်သည်။

ထိုအရုပ်သည် ရတနာအတိ စီချယ်ထားသည်။

ချေးပိုးထိုးရုပ်ကို ရတနာစီခြယ်ထားပုံမှာ ရွှေတုံးအပေါ်တွင် လူဦးခေါင်းအရွယ်ရှိသော မြတုံးကြီးကပ်သည်။ ဘေးဘက်ဝန်းကျင်တွင် စိန်စီသည်။ ခြေလက်တို့ကို ရွှေအတိနှင့်ပြီးစေကာ စိန်စီထားပြန်သည်။

အလွန်အဖိုးထိုက်တန်လှသည့် ရှေးဟောင်းရတနာဖြစ်သည်။

ဂူဖောက်ခိုးသားတို့၏ ဝန်ခံချက်အရ ဘီစီ(၁၅၉၀)တွင် ကွယ်လွန်သော အီဂျစ်နိုင်ငံ သီဘီးဘုရင်(The bas) (၁၇)





ဆက်မြောက် ဘုရင်ဇကေရာဇ် . ဒုတိယမြောက် ဆော့ဘခဲ(န်)ဆပ်(စ်) (Sobkemsaf)ဘုရင်၏ မိဖုရားအလောင်းမှ ဖြုတ်ယူခဲ့လာသည်ဟုဆိုသည်။

အဆိုပါ ရွှေပေါ်မြတင်စိန်စီ ချေးပိုးထိုးကို အာရှင်ဘုရင်တို့က သိမ်းပိုက်လိုက်သည်။

မင်းအဆက်ဆက်တို့ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လာခဲ့ကြသည့် နန်းတွင်းရတနာအဖြစ် ထားသည်။

ထိုရတနာကို ပိုင်ဆိုင်သောမင်းတိုင်း ကံကောင်းကြသည်။

ဂရိနိုင်ငံကို မက်ဆီဒိုးနားကျွန်းမှ ဘုရင်ငယ် အလက်ဇန္ဒားက အုပ်ချုပ်သည်။

ဆရာဖြစ်သူ ဂရိပညာရှိ အရစ္စတိုတယ်သည် လောကီပညာရပ်များ၌ ကျွမ်းကျင်သည်။

သီဘီးဘုရင်၏ ဂူသင်္ချိုင်းမှ ရွှေပေါ်မြတင်စိန်စီချေးပိုးထိုးရတနာအကြောင်းကို ပြောပြခဲ့သည်။

ဘုရင်အဖြစ်ရရှိပြီး နောက်အသက် (၂၅)နှစ်အရွယ် ရောက်သောအခါ အီဂျစ်နိုင်ငံကို သိမ်းပိုင်၍ ၎င်းရတနာကြီးကို ရရှိခဲ့လေသည်။

ထိုကဲ့သို့ ရရှိပြီး (၇)နှစ်အတွင်း ကမ္ဘာကြီး၏ တစ်ခြမ်းကိုပါ ပိုင်ဆိုင်ခဲ့တော့သည်။

ဂရိ၊ တူရကီ၊ အီဂျစ်၊ ဆီးရီးယား၊ အီရန်၊ အီရတ်၊ အာဖကန်နစ္စတန်၊ ပါကစ္စတန်၊ အိန္ဒိယ အနောက်ပိုင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်နိုင်ခဲ့သည်။

အလက်ဇန္ဒားဘုရင်သည် နန်းတွင်းအဆောင် ရတနာဖြစ်သော ချေးပိုးထိုးရတနာကို သယ်ဆောင်သွားသည်။

ထိုဘုရင်သည် မဟာအလက်ဇန္ဒားဘုရင်(Alexander the Great)ဟူ၍ စာမျက်နှာတွင် ထင်ရှားလှသည်။

ဤရတနာသည် ဂျူးလီယက်ဆီဇာ လက်သို့လည်း ရောက်ရှိခဲ့သည်။

ပြင်သစ်စစ်ဘုရင် နပိုလီယံသည် အီဂျစ်ကို သိမ်းပိုင်ခဲ့ပြန်ရာ ၄င်းရတနာ အရုပ်ကို ရရှိပြန်သည်။

ထိုသို့ ရရှိပြီးနောက် ပြင်သစ်ဧကရာဇ်အဖြစ် အုပ်ချုပ်သည်။

နောက်တစ်ကြိမ်တွင် အီဂျစ်တို့သည် ထိုအဆောင်ရတနာကို နပိုလီယံလက်မှ ပြန်ရခဲ့သည်။

ဒုတိယ ကမ္ဘာစစ်မတိုင်မီ ဂျာမန်တို့သည် ၄င်းအရုပ်ကို ယူ၍ ဂျာမနီနာဇီခေါင်းဆောင် ဟစ်တလာလက်သို့ ပို့ဆောင်ခဲ့သည်၊

ဟစ်တလာသည် ကမ္ဘာကို ကိုင်လှုပ်နိုင်ခဲ့ဖူးလေသည်။

အဆိုပါ ရတနာ စီခြယ်ထားသော ချေးပိုးထိုးကို ယခုအခါ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ပြတိုက်ကြီးတွင် ပြသထားသည်။

ဤရတနာစီခြယ်သော ချေးပိုးထိုး၏ ရာဇဝင်ကိုသိသော အနောက်တိုင်းသားတို့သည် ဤရုပ်ပုံအား ပုံစံတူ ထုဆစ်၍ ဆောင်ကြလေသည်။





## လိပ်ခုံးကားနှင့် ဘီးတဲ(လ)အဖွဲ့အကြောင်း

ချေးပိုးထိုးအရုပ်၏ လျှို့ဝှက်ချက်တို့သိသော ဂျာမန်တို့သည် ဖောက်(စ)ဝက်ဂင် ဟူသော မော်တော်ကား ကုမ္ပဏီကို တည်ထောင်၍ ချေးပိုးထိုး ပုံသဏ္ဌာန် မော်တော်ကားတို့ ထုတ်လုပ်ခဲ့ကြသည်။ ထိုကားသည် မြန်မာပြည်တွင် လိပ်ခုံးကားဟု ထင်ရှားသော ကားအမျိုးအစားဖြစ်သည်။

ကမ္ဘာတွင်မူ ဘီးတဲ(လ)(Beetle) မော်တော်ကားဟု အမည်တွင်သည်။

ချေးပိုးထိုးသည် နောက်ခြေနှစ်ဖက်နှင့် ဝိညာဉ်ကို သယ်ဆောင်ထားသည့်အလား ထိုကားသည် ခေတ်ကာလ ကားများကဲ့သို့ ခေါင်းတွင်စက်မထားပဲ ကား၏ နောက်ဘက်အခြမ်းတွင် ကားစက်ကို ထားသည်။

ထိုကားလုပ်ငန်းသည် ယနေ့ထက်တိုင် ခေတ်မကုန်ပဲ အလွန်အောင်မြင်မှုရသည်။ လိပ်ခုံးကားသည် ခေတ်အဆက်ဆက် လူတိုင်း၏ အသည်းစွဲပုံသဏ္ဌာန် ဖြစ်နေဆဲပင်ဖြစ်သည်။

(၁၉၆၀)ပြည့်နှစ် ဝန်းကျင်တွင် ချေးပိုးထိုး ရာဇဝင်ကိုသိသော အင်္ဂလိပ်လူမျိုးတစ်ဦး ပေါ်ပေါက်ခဲ့ဖူးသည်။

ထိုသူသည် "ဘရိုင်ရင်အက်(စ)တိန်း"(Brian Epstein) အမည်ရှိသော သူဖြစ်သည်။

ဘရိုင်ရင်အက်(စ)တိန်းသည် ချေးပိုးထိုးရုပ်အား သူ



www.burmeseclassic.com

www.burmeseclassic.com



သောအခွံနှိုသည့် ပိုးကောင်သဏ္ဌာန်ပြောင်း၍ ဘီးတဲ(လ) (Beetle)ဟူသော ဂီတာအဖွဲ့ကို ဖွဲ့သည်။

ထိုအဖွဲ့တွင် ဘရိုင်ရင်အက်(စ)တိန်းသည် မန်နေဂျာအဖြစ် စီမံခန့်ခွဲရာ ဘီးတဲ(လ)ဟူသောဂီတအဖွဲ့သည် အောင်မြင်ခဲ့သည်။ ဘီးတဲ(လ) တေးဂီတအဖွဲ့ဝင် အားလုံးသည်လည်း ကမ္ဘာကျော်သွားခဲ့သည်။

ထိုတီးဝိုင်းတွင် တီးခတ်ကြသောသူတို့၏ ဆံပင်ပုံစံကိုလည်း ချေးပိုးထိုးအခွံနှင့်တူအောင် အုန်းမှုတ်ခွက်ပုံ၊ ဂျာရစ်ပုံ ညှပ်၍ တေးသီချင်းများကို သီဆိုစေခဲ့သည်။ ဤမျှအထိ ချေးပိုးထိုး၏အစွမ်း အလွန်ကြီးလှပေသည်။

## အတောင်ပံဖက် ချေးပိုးထိုး

သိန်းစွန်ငှက် အတောင်ပံအကြား နေဝန်းပုံကို ဦးထိပ်ထားသည့် ချေးပိုးထိုးသည်ကား အီဂျစ်နိုင်ငံတော်တွင် လာဘ်လာဘပွင့်စေရန် သုံးစွဲသောပုံဖြစ်သည်။

ထိုပုံတူကို ပန်းချီပုံဖြစ်စေ၊ စတစ်ကာ၊ ပိုစတာပုံများပြုလုပ်၍ ဈေးဆိုင်ခန်းရှေ့တွင် ကပ်ထားကြသည်။ အချို့ဆိုင်များတွင် ချိတ်ဆွဲထားကြသည်။

အဆိုပါ ဆိုင်များသည် အရောင်းအဝယ်ကောင်းသည်။ အတိုက်အခံ ကင်းသည်ဟု ယူဆကြသည်။

အဆိုပါပုံကို အဆောင်အဖြစ်ထားခြင်းဖြင့် နေနတ်မင်းသားတော် ခါပရီနတ်ဘုရား၏ အစောင့်အရှောက်ကို ရကြသည်ဟု ယူဆသည်။

မည်သူမဆို ဤပုံကို ကူးယူ၍ ပိုက်ဆံအိတ် (သို့မဟုတ်) အလုပ်လုပ်သော စားပွဲစသည်တွင် ထားရှိခြင်းဖြင့် ရန်အတိုက်အခံကင်းနိုင်သည်။ အရောင်းအဝယ်စသော စီးပွားရေးကောင်းသည်။ လုပ်ငန်းအဆင်ပြေ ချောမွေ့စေနိုင်သည်။

လုပ်ငန်းသစ် ရှာဖွေသူများနှင့် ဘဝသစ်သို့ ကူးပြောင်းသူများအတွက် ဘဝသစ်၏ ဖန်ဆင်းရှင်နတ်ဘုရား (Creater God of New Life ) ဟူ၍ သတ်မှတ်ထားသည်။

ထိုအဆောင်ကို ဆောင်ခြင်းဖြင့် ဆောင်ထားသူသည် အထောက်အကူ ရရှိကာ အောင်မြင်ခြင်းများရရှိမည်။

ဖော်ပြပါ အဆောင်သည် ပြည်ပသို့ သွားရောက်ပြီး ဘဝသစ်ထူထောင်မည့် သူများအတွက် အထူးသင့်လျော်ပေသည်။

"ကမ္ဘာပေါ်မှာ အဆောင်လက်ဖွဲ့တွေ၊ အထိမ်းအမှတ် အမှတ်သတ်တဲ့ ပစ္စည်းတွေကို သုံးစွဲခဲ့ကြတာ ရှေးနှစ်ပေါင်း များစွာကတည်းက ရှိခဲ့တာပါ။ အဲဒီအမှတ်အသားတွေကို (Sings) (Symbols) လို့ခေါ်ကြပါတယ်"

"စိတ်ဝင်စားစရာပါပဲ၊ ဒါဖြင့် တောင်လုံးကျော်ရှေးပြ ပြောတဲ့ ပိုးရွှေတောင်ကလည်း ဒီလိုအဆောင်လက်ဖွဲ့မျိုးတွေပဲ ဖြစ်မှာပေါ့နော်"

"မြန်မာနိုင်ငံ. . အဆောင်လက်ဖွဲ့ စီရင်ပြုလုပ်ပြီး သုံးစွဲ







www.burmeseclassic.com

www.burmeseclassic.com




ခဲ့ကြတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ အင်းစမတွေ ရေးပြီး အဆောင်အဖြစ်သုံးတာ ရှေးခေတ်ကတည်းကပါ. ."

"မှန်ပါတယ် ဒီအဆောင်လက်ဖွဲ့တွေဟာ အစီအရင် မှန်ကန်ပြီး သုံးတဲ့သူရဲ့ ယုံကြည်မှုအလိုက် တန်ခိုးသိဒ္ဓိရှိခဲ့ကြ တယ်၊ ပိုးရွှေတောင်လည်း ဒီလိုအသုံးပြုခဲ့တာများ ဖြစ်လေ လား မသိဘူး"

ထို့နောက်မှာတော့ စကားဝိုင်းသိမ်းပြီး ညဘက်သွား လျှင် အဆင်သင့်ဖြစ်စေရန် လိုအပ်သော ပစ္စည်းများပြင်ဆင်ကြ လေသည်။









## (အခန်း - ၁၀)

# သေသူဝိညာဉ်နှင့် ပြန်တွေ့ရခြင်း

အချိန်ကညဉ့်နက်ပိုင်း အချိန်ရောက်နေချေပြီ။ ထိုအချိန်ရောက်မှ အခါလွန်မိုးက တဖွဲဖွဲရွာသွန်းနေ သည်။

ယခင်ကပင် သီးသန့်ရပ်ကွက်တစ်ခုဖြစ်သဖြင့် ယခုလို အချိန် ရောက်လာပါက လူသွားလူလာ နည်းလှပေရာ ယခုလို ညဉ့်ဥတု ဆိုးဝါးသော အချိန်မျိုးဆိုလျှင် အပြင်သို့ ထွက်သူ



www.burmeseclassic.com

www.burmeseclassic.com



မန္တံသလောက် နည်းလှပေသည်။

ယခုတော့ အခြေအနေက ပိုဆိုးနေတော့သည်။

ချန္ဒရာဘို့(စ်)လမ်းမှာရှိသော လေးထပ်တိုက်အပေါ်ထပ်မှာ သားမိနှစ်ယောက်စလုံးကို ရက်ရက်စက်စက် သတ်ဖြတ်သွားသော နှစ်လောင်းပြိုင်လူသတ်မှု ပေါ်ပေါက်ခဲ့ပြီး နောက်ပိုင်းမှာတော့ ညဥ့်ဦးပိုင်းအချိန်ရောက်သည်နှင့် အပြင်ဘက်သို့ မထွက်ဝံ့သလောက် နည်းသွားကြသည်။

အိမ်တိုင်းအိမ်တိုင်း တံခါးများကို အလုံပိတ်ကာ တိတ်ဆိတ်စွာနေကြလေသည်။

ထိုကဲ့သို့ ရာသီဥတုဆိုးဝါးနေသောအချိန်တွင် ချန္ဒရာဘို့(စ်)လမ်းတစ်နေရာသို့ လူနှစ်ယောက်ဝင်လာကြသည်။

၎င်းတို့သည် အမှောင်ရိပ်များခိုကာ အိမ်ကြီးအနောက်ဘက်သို့ လျှောက်သွားကြသည်။

နှစ်ယောက်စလုံး မိုးကာအင်္ကျီအရှည် တို့ကိုဝတ်ဆင်ထားပြီး ဦးထုပ်အဝိုင်းကို ဆောင်းထားကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်ပင် ဖြစ်ကြလေသည်။

၎င်းတို့သည် ပုလိပ်အစောင့်အချို့ ရှိနေသေးသော ရှေ့ဘက်မှမဝင်ပဲ အနောက်ဘက်မှ အုတ်တံတိုင်းမှ ကျော်ဝင်ရန် ထိုနေရာသို့ ရောက်လာကြခြင်းဖြစ်သည်။

အုတ်တံတိုင်းမှာ အတော်ကြီးမြင့်သည့်အပြင် အပေါ်မှာ သံဆူးကြိုးတပ်ထားသော သံချိတ်ကို ခြံထဲမှာ ကိုင်းနေသည့်





သစ်ပင်ပေါ်သို့ ရောက်အောင် လွှဲပစ်တင်လိုက်သည်။

သံချိတ်မိသွားသောအခါမှ ကြိုးကိုအားပြုပြီး အုတ်တံတိုင်းပေါ်မှ ကျော်ဝင်ကြခြင်း ဖြစ်သည်။ အခက်အခဲသိပ်မရှိလှပဲ အထဲသို့ ရောက်သွားကြသည်။ အတွင်းရောက်တော့ သစ်ပင်အောက်မှာ ရပ်ပြီး အခြေအနေကို အကဲခတ်သည်။

ထိုအချိန်မှာ စုံထောက်ကျော်စွာက လေသံတိုးတိုးဖြင့် စပ်ပြောသည်။

"ဆရာအပေါ်ဆုံးထပ်မှာ မီးရောင်တစ်ချက် လှမ်းမြင်လိုက်ရတယ်"

"အခန်းထဲမှာ ထွန်းထားတဲ့ မီးရောင်များလား. ."

"မဟုတ်နိုင်ဘူး၊ လက်နှိပ်မီးရောင်လို လက်ခနဲ မြင်လိုက်ရပြီး ပြန်ပျောက်သွားတာ"

ဒေါက်တာမင်းထင်ကျော်က ညဘက်ကြည့်၍ရသော မှန်ပြောင်းကို ယူပြီး အပေါ်ထပ်အခန်းသို့ ကြည့်သည်။

"အခန်းထဲမှာ လူရိပ်လိုလို မြင်ရတယ်၊ ဒါပေမယ့် သိပ်တော့မသဲကွဲဘူး၊ နာနာဘာဝတွေများလား. . ."

"နာနာဘာဝတော့ မဖြစ်နိုင်ပါဘူး၊ တစ်ယောက်ယောက်က အတွင်းရောက်နေတာ ဖြစ်မှာပေါ့"

"လူဆိုရင်တော့ သံပချိုင့်ကလွဲပြီး တခြားသူမဖြစ်နိုင်ဘူး"

"လူသတ်သတ်သွားတဲ့ မျောက်ဝံကော မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ဘင်ခုက်မော့ကြည့်သည်။

"မျောက်ဝံက လက်နှိပ်မီးသုံးတတ်ပါမလား"

"သင်တုန်းခေါတိုတောင် ဘယ်လိုသုံးရမယ်ဆိုတာ နေတဲ့ မျောက်ဝံတစ်ကောင်အတွက် ခလုတ်နှိပ်ရုံနဲ့ မီးလင်း တဲ့ လက်နှိပ်မီးကို သုံးတာ ဒီလောက်ခက်မယ် မထင်ပါဘူး"

ထိုသို့ပြောပြီး ကြည့်နေကြစဉ် အပေါ်ဆုံးအထပ် ခန်း(လူသတ်မှုဖြစ်သောအခန်း)ထဲမှ လက်နှိပ်မီးရောင်ကဲ့ လက်ခနဲ မီးရောင်တစ်ခုနှင့်အတူ ရိပ်ခနဲ ဖြတ်သွားသော မည်း မည်းသဏ္ဌာန်ကို လှမ်းမြင်လိုက်ကြရသည်။

"သေချာပြီ အခန်းထဲမှာ ကျွန်တော်တို့အပြင် တခြား တစ်ယောက် ရောက်နှင့်နေပြီ. . ."

"သတိထားပြီး ဝင်ရမှာပေါ့"

ထို့နောက် သေနတ်နှင့် လက်နှိပ်မီးကို အဆင်သင့်ကိုင် ထားပြီး အိမ်ကြီး၏ အနောက်ဘက်တံခါးပေါက်ရှိရာသို့ သွားကြ သည်။

ထိုနေရာသို့ရောက်တော့ တံခါးချပ်ကို နားကပ်ပြီး အသံနားစွင့်ကြည့်တော့ ဘာသံမှ မကြားရပေ။

ထိုအခါမှ တံခါးချပ်ကို အသံမကြားအောင် ခပ်ဖြည်း ဖြည်း တွန်းဖွင့်လိုက်သည်။

တစ်နေ့က ရောက်ခဲ့စဉ်ကပင် အတွင်းတံခါးချက် ကြိုတင်ဖြုတ်ထားခဲ့သဖြင့် အလွယ်တကူပင် ပွင့်သွားလေတော့ သည်။





နှစ်ယောက်သား အမှောင်ထဲဝင်ပြီး တံခါးချပ်ကို ပြန်စေ့ ထားလိုက်သည်။

အောက်ဘက်အခန်းမှာတော့ တိတ်ဆိတ်ငြိမ်သက်နေ သည်။ ထို့ကြောင့် ထိုအခန်းမှ ဖြတ်ပြီး. . အပေါ်ထပ်သို့ တက် သည်။ အောက်ထပ်များမှာတော့ ဘာမှထူးခြားမှုတော့မရှိပေ၊ အပေါ်ဆုံးထပ် တက်ကာနီးတော့ ခဏရပ်ပြီး အခြေအနေကို နားစွင့်ကြည့်သည်။

ပထမတော့ ခြေသံလိုလိုကြား ရသည်။

နောက်တော့ ပျောက်သွားလေသည်။

သို့ကြောင့် သေနတ်နှင့် လက်နှိပ်မီးကို အဆင်သင့်ပြင် အပေါ်သို့ ဆက်တက်ရန်ပြင်သည်။

"အကြောင်းရှိရင် လက်မနှေးစေနဲ့နော်"

ဒေါက်တာမင်းထင်ကျော်က တိုးတိုးကပ်ပြောလိုက် သောအခါ ကျော်စွာက ခေါင်းညိတ်ပြသည်။

နှစ်ယောက်သား ခြေသံလုံလုံဖြင့် အပေါ်ဆုံးထပ်သို့ ဆက်တက်လာကြသည်။

ထိုသို့တက်လာစဉ်မှာပင် အပေါ်ထပ်မှ လှုပ်ရှားနေ သည့် အသံအချို့ကို ကြားနေရသေးသည်။

သေချာပေပြီ. . . .။

အပေါ်ဆုံး ထပ်မှာရှိသော အခန်းတစ်ခန်းထဲမှာ သူတို့အရင် တစ်စုံတစ်ယောက် ကြိုတင်ရောက်နေတာ

တဖြည်းဖြည်းနှင့် တက်လာရာ သူတို့အပေါ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ကြားနေရသောအသံက ပျောက်နေ..သည်။

ရှေ့သို့ဆက်တိုးလာပြီးနောက် ပိတ်ထားသော အခန်းရှေ့သို့ ရောက်လာသောအခါ ရပ်ပြီး နားစွင့်လိုက်သည်။

ဘာမှ ထပ်မကြားရတော့ပေ. . .။

ထိုအခန်းမှာ လူသတ်မှုဖြစ်ခဲ့သော ဒေါ်မာရီယာနေသွားသည့် အခန်းဖြစ်သည်။

ထို့နောက် တစ်ယောက်နှင့် တစ်ယောက်အချက်ပြပြီး တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။

မီးရောင်ဖြင့်ထိုးကြည့်လိုက်တော့ အထဲမှာဘာမှမရှိပေ၊ အခန်းထဲဝင်ပြီး အသေအချာကြည့်တော့လည်း ဘာမှမတွေ့ရပေ. . .။

ထို့နောက် အခန်းချင်းကူးသော တံခါးချပ်ကိုဖွင့် ကြည့်သည်။ စကြံလမ်းတစ်လျှောက်မှာလည်း ရှင်းနေသည်။

ထို့ကြောင့် နောက်တစ်ခန်းကူးပြီး တံခါးဖွင့်ကြည့်သည်။ ထိုအခန်းမှာ မေရီနေသွားသော အခန်းဖြစ်သည်။

ထိုအခန်းထဲရောက်တော့လည်း ထူးထူးခြားခြားဘာမှ မတွေ့ရပေ. . .။

စိတ်မကျေနပ်သဖြင့် နှံ့နှံ့စပ်စပ်လိုက်ကြည့်တော့လည်း မျောက်ဝံ (သို့မဟုတ်) လူမဆိုထားနှင့် ကြောင်တစ်ကောင်ပင် မရှိပေ. . .။

"စောစောက ဒီအခန်းထဲက အရိပ်တွေ့လိုက်ရတာပဲ၊ အခုဘယ်ရောက်သွားပြီလဲ"





"ပြန်ထွက်သွားလို့ ဖြစ်မှာပေါ့"

"ကျွန်တော်တို့ရှေ့က ဝင်လာတာ သူဘယ်ကထွက်သွားလဲ"

"လူသတ်သမား ထွက်တဲ့နေရာတော့ ရှာတွေ့မှာပေါ့၊ အဲဒီတစ်နေရာပဲ ထွက်စရာလမ်းရှိတယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က တံခါးပေါက် အနီးသို့ သွားပြီး တွန်းဖွင့်လိုက်သောအခါ ထိုတံခါးချပ်များအား အလွယ်တကူ ပွင့်သွားလေသည်။

ထိုတံခါးပေါက်မှ ကြိုးတစ်ချောင်းဖြင့် ချိတ်ကူးသွားလျှင် မိုးကြိုးလွှဲတပ်ဆင်ထားသော သံချောင်းရှိရာသို့ ရောက်သွားနိုင်ပေမည်။

ထိုသို့ဖွင့်ပြီး အခြေအနေကြည့်တော့လည်း ဘာမှ ထူးထူးခြားခြားမတွေ့ရသဖြင့် တံခါးချပ်ကို ပြန်ပိတ်ထားလိုက်ပြီးနောက် ဒေါ်မာရီယာနေသောအခန်းဘက်သို့ ပြန်လာကြသည်။

"ဒေါ်မာရီယာဆီမှာရှိတဲ့ ပင်လယ်ဓားပြကြီး ပက်ထရစ် ပေးထားခဲ့တဲ့ မြေပုံစာရွက်ကို သံပချိုင့်တို့ မရသေးဘူး၊ တွေ့လို့ တွေ့ငြား ရှာကြည့်ကြရအောင်"

ဟုပြောပြီး နှစ်ယောက်သား နေရာအနှံ့ လိုက်ရှာကြည့်ကြလေသည်။

ထိုအခန်းထဲမှာရှိသောပရိဘောဂ ပစ္စည်းများသည် အခင်းဖြစ်သောနေ့က မြင်ရသည့်အတိုင်း အလဲလဲအပြိုပြို



www.burmeseclassic.com

www.burmeseclassic.com



ဝန္ဒာခဲ့ဖြစ်နေဆဲဝင် ရှိသေး၏။

အခြားသက်သေခံ ပစ္စည်းများဖြစ်သော သင်တုန်းဓား ဆွေးသိမ်းထည့်ထားသော အိတ်များကတော့ ပုလိပ်များယူသွားကြသဖြင့် မရှိတော့ပေ. . . ။

ဒေါက်တာမင်းထင်ကျော်က သာမန်နေရာများထက် အရေးကြီးသော ပစ္စည်းထားနိုင်သည့် နေရာများကို လိုက်လံရှာဖွေနေလေသည်။

မီးခံသေတ္တာနှင့် အခြားလျှို့ဝှက်ထားသော အံဝှက်များအတွင်းသို့ ဦးစားပေးရှာဖွေလေရာ အခန်းထောင့်တစ်နေရာတွင် အမှိုက်ထည့်သောပုံးတစ်ခုကို တွေ့ရသောကြောင့် ကြမ်းပြင်ပေါ်သို့ မှောက်ချလိုက်သည်။

အသုံးမလိုတော့သဖြင့် စွန့်ပစ်ထားသော. . . ပစ္စည်းဟောင်းများကိုသာ တွေ့ရပြီး ထိုအထဲတွင် လုံးချေထားသော စက္ကူလုံးအချို့ကို တွေ့ရသဖြင့် တစ်ခုချင်းဖြန့်ကြည့်ရာ တစ်ခုသော စာရွက်ပေါ်မှာတော့ အချို့တွေ့ရသည်။

“မြေပုံစာရွက်ကို ပေးပါ။
အထိုးအမြတ်ရလျှင် တစ်ဝက်ပေးမည်။
မပေးလျှင်တော့ အသက်ပေးရမည်။
ပိုးရွှေထောင်”

ဟုရေးထားသည်ကို တွေ့ရသဖြင့် စုံထောက်ကျော်စွာ





ကိုပြလိုက်သည်။

ကျော်စွာက ဖတ်ပြီး မှတ်ချက်ချလေသည်။

“သံပချိုင့်ဆိုတဲ့လူ ရေးပို့တဲ့စာထဲမှာပေါ့၊ ဒီအတိုင်းဆိုရင် မြေပုံစာရွက်က ဒီမှာပဲ ရှိနေလိမ့်ဦးမယ်”

ဒေါက်တာမင်းထင်ကျော်က ထိုစာရွက်ကိုသိမ်းထားလိုက်ပြီးနောက် အခြားစာရွက်များကို ရှာဖွေသော်လည်း မတွေ့ရပေ။

ထိုအကြောင်းများကို ဦးဝန်ကောင်းကို ပြောသောအခါ အတန်ကြာအောင် စဉ်းစားနေသည်။

ပြီးမှ ပြောသည်။

“တစ်စုံတစ်ယောက်က လျှို့ဝှက်ထားခဲ့တဲ့ကိစ္စကို. . နောက်လူတွေက ဖော်ထုတ်ရတဲ့အခါ ဘယ်လွယ်ပါ့မလဲ၊ စကားဝှက်ထားရင်တောင် အဖြေဖော်ဖို့ ခက်သေးတာ အရေးကြီးတဲ့ ပစ္စည်းဝှက်ထားမှတော့ လွယ်လွယ်နဲ့ ဘယ်မှာတွေ့နိုင်ပါတော့မလဲ. . .”

“ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ”

“ဝှက်ထားခဲ့တဲ့သူကို ခေါ်ပြီး မေးမယ်ဆိုရင်တော့ ဒီဖြေမြန်မှာပေါ့”

ကျန်နှစ်ယောက်က သူပြောသည့် အဓိပ္ပာယ်ကို နားလည်သဖြင့် ကြည့်နေသည်။

“ကာယကံရှင်က ဒေါ်မာရီယာဆိုတဲ့ မိန်းမကြီးမဟုတ်လား၊ သူက သေသွားပြီဆိုတော့ ဘယ်သူ့ကို မေးရမှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီညာဉ်ကို ခေါ်မေးမှာပေါ့ မောင်ကျော်စွာရဲ့"

"ဝိညာဉ်က ခေါ်တိုင်းလာပါမလား"

"မြန်မာတွေရဲ့ အယူအဆအတိုင်းဆိုရင်တော့ သေပြီး ခုနစ်ရက်မပြည့်မချင်း သေသူရဲ့ ဝိညာဉ်က အဲဒီအိမ်၊ အဲဒီနေရာမှာပဲ ရှိနေတတ်တယ်၊ ဟုတ်မဟုတ်သိရအောင် လက်တွေ့လုပ်ကြည့်မှပဲ သိရတော့မှာပဲ"

ဟုပြောသဖြင့် နောက်တစ်ညသွားသောအခါ ဦးဗန်ကောင်းကိုပါ ခေါ်သွားလေသည်။

ထိုရက်များအတွင်းမှာ တရားခံပေါ်သွားပြီး ဖြစ်သဖြင့် အစောင့်ချထားသည့် ပုလိပ်များကိုပြန်သိမ်းပြီး သော့ခတ်ထားသောကြောင့် ၎င်းတို့အတွက် လွတ်လပ်မှုပိုရလေသည်။

ထုံးစံအတိုင်း နောက်ဘက်တံခါးပေါက်မှပင် ဝင်ကြပြီး အပေါ်ထပ်သို့ တက်သွားကြလေသည်။

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အပေါ်ထပ်အခန်းသို့ ရောက်သောအခါ ဦးဗန်ကောင်းက အခန်းတစ်နေရာမှာရှိသော ခုတင်( ဒေါ်မာရီယာ အသုံးပြုသွားသောခုတင်ပင်ဖြစ်၏) တစ်လုံးပေါ်မှာ ၎င်းယူလာသော ပစ္စည်းတို့ကို တင်လျက် အစီအရင်ပြုလုပ်လေသည်။

ထိုသို့ကဲ့သို့သော အစီအရင်များကတော့ ကျန်နှစ်ယောက်က မကျွမ်းကျင်ပဲ ဦးဗန်ကောင်းတစ်ယောက်သာ ပြုလုပ်တတ်သဖြင့် နံဘေးမှ ကြည့်နေရုံသာကြည့်နေရသည်။

ဦးဗန်ကောင်းက အခန်းထဲမှာ အဆင်သင့်ရှိနေသေးသည့် ဒေါ်မာရီယာ၏ အဝတ်အစား အသုံးအဆောင်ပစ္စည်းစသည်တို့ကို ယူပြီး ခုတင်ပေါ်တင်သည်။

ပြီးမှ အဝတ်တစ်ထည်ဖြင့် အပေါ်မှ ခြုံလိုက်သောအခါ လူတစ်ယောက် ရှိနေသကဲ့သို့ ပုံသဏ္ဌာန်ထွက်သွားလေတော့သည်။

ထိုသို့ပြုလုပ်ပြီး အခန်းထဲမှာ အမှောင်ချထားပြီး ပြတင်းပေါက်တံခါး တစ်ချပ်ကို ဟထားလိုက်သည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ကို အခန်းထောင့် တစ်နေရာမှာ ငြိမ်သက်စွာနေရန် မှာကြားပြီး ခေါင်းရင်းဘက်မှာ အမွှေးတိုင်ထွန်းလိုက်သည်။

ကျန်နှစ်ယောက်ကလည်း သူပြောသည့်အတိုင်း အခန်းထောင့်မှာ ငြိမ်သက်စွာ နေကြလေသည်။

ဦးဗန်ကောင်းက ဂါထာမန္တန်တို့ကို ရွတ်ဖတ်နေလေသည်။

၎င်း၏ ရွတ်ဆိုသံများက တိတ်ဆိတ်နေသောအခန်းထဲမှာ လေးလေးမှန်မှန် ပေါ်ထွက်နေလေသည်။

အတန်ကြာသောအခါ ပြတင်းပေါက်မှ မီးခိုးငွေ့များကဲ့သို့ အဖြူရောင်ပုံရိပ်တစ်ခု ဝင်လာလေသည်။

ထိုမီးခိုးငွေ့ကဲ့သို့ တွန့်လိပ်ကာ ဝင်ရောက်လာခြင်းဖြစ်၏။ ထိုအခိုးအငွေ့တို့က အခန်းထဲမှာ လူးလွန့်ပြေးလွှားနေကာ ပုံပန်းသဏ္ဌာန် မပေါ်ပဲရှိနေသည်။

တစ်ခါတစ်ရံ လူမျက်နှာပုံသဏ္ဌာန်၊ လူတစ်ယောက်၏





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပုံပန်းသဏ္ဌာန်မျိုး ဖြစ်လိုက်၊ မီးခိုးများကို လေတိုက်သောအခါ လွင့်သွားသကဲ့သို့ တွန့်လိပ်ကွေးကောက်ကာ ပျက်ပြယ်သွားလိုက် ဖြစ်နေသည်။

ဦးဗန်ကောင်းကတော့ မျက်စိမှိတ်ကာ ရွတ်နေသည်။ အတန်တော့ သနပ်ခါး ရေခဲတုံးကဲ့သို့ အေးစက်နေသောအရာတစ်ခု ရောက်လာပြီကို သတိပြုမိလိုက်သည်။ သို့သော် မျက်စိတော့ ဖွင့်မကြည့်ပေ. . .။

"ရောက်လာပြီလား"

" . . . . . . . . "

"ကျုပ်တို့က ဧည့်သည်တွေပါ၊ ခင်ဗျားကို ဒုက္ခပေးဖို့ မဟုတ်ပါဘူး၊အကူအညီပေးဖို့ လာတာပါ"

". . . . . ."

"ခင်ဗျားကအခု တမလွန်ဘဝရောက်နေပြီ၊ ဝိညာဉ်ဘဝရောက်နေပြီ၊ ဝိညာဉ်ဘဝရောက်နေပြီး မကြာခင် ဒီနေရာက အဝေးကိုသွားရတော့မယ်၊ ဒါပေမယ့် ခင်ဗျားမသေခင်က စွဲလမ်းတဲ့အရာတစ်ခုရှိနေလို့ သွားလို့မရသေးဘူး"

". . . . . ."

"မငိုပါနဲ့ ဒီပစ္စည်းကို ကျုပ်တို့ကိုပေးခဲ့ပါ၊ ခင်ဗျားအတွက် အကျိုးရှိအောင် ဆောင်ရွက်ပေးပါမယ်၊ ခင်ဗျားရဲ့ဝိညာဉ် လွတ်မြောက်ခွင့်ရအောင် ကျုပ်တို့အကူပေးပါ့မယ်. . ."

နောက်ထပ် ဘာအသံမှ မကြားရတော့ပေ. . .။

အတန်ကြာမှ ဦးဗန်ကောင်းက မေးလိုက်သည်။





"ခင်ဗျား ဒီနေရာမှာ ရှိနေသေးသလား. . ."

". . . . . ."

"ကျုပ်ပြောတာကို သဘောတူရင် ထွေးထားတဲ့နေရာကိုပြောပြပါ. . ."

ထိုသို့ပြောပြီး နောက်အခန်းထဲမှ မီးခိုးငွေ့များပြန်ထွက်သွားသကဲ့သို့ ဖြူဖြူသဏ္ဌာန်တစ်ခုတည်း အပြင်ဘက်သို့ထွက်သွားသည်ကို ကျန်နှစ်ယောက်ပါလှမ်းမြင်လိုက်ကြရသည်။

ခဏကြာတော့ ဦးဗန်ကောင်းက လှမ်းခေါ်လေသည်။

"အဆင်ပြေလား အဘ. . ."

"ခေါင်းရင်းဘက် ခုတင်တိုင်ရဲ့ အံ့ဝှက်ထဲမှာ ရှိတယ်လို့ပြောသွားတယ်"

ထိုစကားကြားသောအခါ ကျန်နှစ်ယောက်က ဝမ်းသာအားတက်အမူအရာဖြင့် ခေါင်းရင်းဘက်မှာတပ်ဆင်ထားသော ခုတင်တိုင်နှစ်လုံးကို တစ်ယောက်တစ်လုံးစီ ချွတ်ပြီး ရှာကြရာ ဒေါက်တာမင်းထင်ကျော် ရှာဖွေနေသော ယာဘက်ခုတင်တိုင်တွင် အံ့ဝှက်ပြုလုပ်ကာ ဝှက်ထားသောပစ္စည်းတစ်ခုကို တွေ့ကြရသည်။

ခုတင်တိုင်မှာ ကျွန်းသားဖြင့် ပြုလုပ်ထားသောကြောင့် အတွင်း၌ အံ့ဝှက်ရှိနေသည်ကို မပြောပဲနှင့် မသိနိုင်ပေ၊ ထိုအံ့ဝှက်အတွင်းမှ ထွက်လာသောအရာမှာ. . .

စက္ကူတစ်ရွက်ဖြင့် ပတ်ထုတ်ထားသော ပိုးရွှေတောင်ပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးရွှေတောင်မှာ ကွမ်းသီးလုံးအရွယ်ခန့်ရှိပြီး တစ်ကောင်လုံး ရွှေသားအတိဖြစ်ကာ ဝင်းအိနေသည်။

ရွှေပိုးကောင်၊ ချေးပိုးထိုးကောင်တို့နှင့် ပုံသဏ္ဌာန်ဆင်သော်လည်း ၄င်းပုံသဏ္ဌာန်က ကြောက်စရာကောင်းသည်။

ကျောဘက်တွင် အမဲစက်သုံးလေးခုပါကာ အရိုးခေါင်းမျက်နှာအတိုင်းဖြစ်နေတော့သည်။

နံဘေးဘက်သို့ ကျနေသည့် ခြေချောင်းလက်ချောင်းတို့မှာ ရွှေရောင်တောက်နေသော်လည်း ဆံပင်ဖားလျားချထားသည်နှင့် ပုံသဏ္ဌာန်တူနေ၏။

သုံးယောက်သား တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသော ပိုးရွှေတောင်ကို တအံ့တသြကြည့်ကြသည်။

"သူတို့ ပြောနေတဲ့ ပိုးရွှေတောင်ဆိုတာ တကယ်ရှိနေတာပါလား"

"ဟုတ်ပါရဲ့ ပိုးကောင်သာဆိုရတယ် ရွှေသားအစစ်ဖြစ်နေတဲ့ပုံပဲ လေးနင့်နေတာပဲ"

"တကယ်တယ် သာမန်ပိုးကောင်ဆိုရင် ဒီလောက်အလေးချိန်မရှိဘူး ရွှေအစစ်မို့သာ ဒီလောက်လေးတာဖြစ်မယ်၊ စာရွက်ပေါ်မှာ ဘာတွေပါသေးလဲ ဆရာ"

ဒေါက်တာမင်းထင်ကျော်က လက်ထဲမှ ကိုင်ထားသော စာရွက်ကို အသာဖြန့်ကြည့်လိုက်သည်။

စာရွက်မှာ ဟောင်းနွမ်းလှပြီဖြစ်သောကြောင့် အဝါရောင်သမ်းနေချေပြီ. . .။





ဒေါက်တာမင်းထင်ကျော်တာ မျက်ခွတ်စေရန် သတိထားတိုင်ရင်းမှ ဟိုဘက်ဒီဘက်ကြည့်တော့လည်း စာရွက်ပေါ်မှာ ညီသည့် အမှတ်အသား မှမတွေ့ရပေ. . .।

"မြေပုံပါသလား"

"ဘာမှ မတွေ့ရသေးဘူး"

"ဒီလိုဆိုရင် မြေပုံစာရွက်ကျန်ဦးမယ်ထင်တယ်၊ ဒီစာရွက်လွှတ်က ပိုးရွှေတောင် ထုပ်ထားတဲ့ စာရွက်ပဲ ဖြစ်မယ်"

နောက်တစ်ကြိမ် ခုတင်တိုင်များကို ထပ်မံရှာဖွေသောအခါ ဘာမှမတွေ့ကြရပေ. . .။

"အိမ်ပြန်ပြီး သေသေချာချာ စဉ်းစားကြည့်ရင်တော့ အဖြေတစ်ခု ရလာမှာပါ"

ဟုပြောဆိုတိုင်ပင်ပြီး နောက်သုံးယောက်သား အိမ်ကြီးပေါ်မှ ပြန်ဆင်းလာကြလေသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ ဖုံးအုပ်ထားနေဆဲဝင်ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com





(အခန်း - ၁၁)

# သစ်ပင်ပေါ်မှ ဦးခေါင်းတစ်လုံး

နောက်တစ်ရက်မှ စပြီး ဒေါက်တာမင်းထင်ကျော်မှာ တစ်ယောက်တည်း အလုပ်ရှုပ်နေလေတော့သည်။

အခန်းထဲမှာ တစ်ယောက်တည်း လေးလေးနက်နက် စဉ်းစားနေခြင်း၊ ရလာသော ပိုးရွှေတောင်ကို ရှုထောင့်အမျိုးမျိုးမှ ကြည့်ပြီး စဉ်းစားနေခြင်း၊ တစ်ညလုံးမအိပ်ပဲ အဖြေထုတ်ခုရရန် ကြိုးစားနေသည့်အပြင် သူနှင့် မိတ်ဆွေဖြစ်လာသော တောင်လုံးကျော်အမည်ခံ မောင်ဘသော်ထံသို့ယောင်း မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခကာသွားရောက်ကာ သိချင်တာများကို မေးမြန်းနေသည်။

မောင်ဘသော်နေအိမ်မှာ ညအိပ်ပြီး စာကြည့်တိုက်ထဲ မှာ ငှင်းသိလိုသော အချက်အလက်၊ အကြောင်းအရာတို့ကို ကြိုးစားပြီး ရှာဖွေနေတော့သည်။

စုံထောက်ကျော်စွာနှင့် ဦးဗန်ကောင်းတို့ နှစ်ယောက် ကလည်း တစ်ယောက်အကြောင်း တစ်ယောက်သိနေကြသူများ ဖြစ်သဖြင့် ထွေထွေထူးထူးဝင်ရောက် မစွက်ဖက်ပဲ စိတ်အေး အေးနှင့်သာ စောင့်နေကြသည်။

သုံးရက်မြောက်သောနေ့၏ ညနေပိုင်းအချိန်မှာတော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက် မြင်းလှည်းတစ်စီးဖြင့် ပြန် ရောက်လာလေသည်။

သူ့အမူအရာမှာ ရွှင်လန်းတက်ကြွနေလေသည်။

"အလို့ မောင်ထင်ကျော် ပြန်ရောက်လာပြီးလား၊ မျက် နှာကြည့်ရတာလည်း မှိုရလာတဲ့မျက်နှာမျိုးနဲ့ပါလား၊ ဟန်ကျ လာပြီနဲ့ တူတယ်"

ဦးဗန်ကောင်းက ပြောသောအခါ ခေါင်းညိတ်ပြသည်။

"အဆင်ပြေခဲ့ပြီး အဘ၊ ကျွန်တော်သိချင်တဲ့ အချက် တွေရလာခဲ့ပြီ ကျွန်တော်တို့ ခရီးထွက်ကြရမယ်"

"ဟင်. . ဆိုင်းမဆင့် ဗုံအဆင့်ပါလား၊ ဒီအချိန်ကျမှ ဘယ်နေရာသွားကြမှာလဲ"

"ကျွန်တော်တို့ သံလက္ခတ်ကျွန်းကို တစ်ခေါက်ပြန်သွား ကြရမယ်၊ မသွားခင် လိုတဲ့ပစ္စည်းတွေပါ တစ်ခါတည်း ယူသွား





ကြရမယ်. . ."

ဟုပြောဆိုပြီး ဦးဗန်ကောင်းကို လိုသော ပစ္စည်းစာရင်း ရေးပေးရာ ဦးဗန်ကောင်းက ချက်ချင်းအပြင်ထွက်သွားလေ သည်။

ထို့နောက် စုံထောက်ကျော်စွာကို ပြုလုပ်ရမည့် အစီ အစဉ်အချို့ကို ပြောပြပြီး လက်နက်များကို ပြင်ဆင်ကြသည်။

ဦးဗန်ကောင်း ပစ္စည်းများဝယ်ပြီး ပြန်လာသောအခါ မှိုးချုပ်စပြုနေလေပြီ. . .။

ဝယ်ယူလာသော ပစ္စည်းတို့မှာလည်း ထွေထွေထူးထူး တော့တ်ပဲ ပေါက်တူး၊ ဂေါ်ပြားနှင့် ကြိုးရှည်တစ်ချောင်းနှင့် ဓာတ် မီး မီးအိမ်၊ မီးခြစ်စသည်တို့ ဖြစ်သည်။

ထို့နောက် အိမ်ရှင်ဦးကျော်ဇံအား အသိပေးတန်သ လောက်ပေးပြီးနောက် မြင်းလှည်းတစ်စီးခေါ်ကာ လှေသမား ရာဂျစ်ပင်နေသော ဆိပ်ကမ်းဘက်သို့ ထွက်လာကြလေသည်။

ထိုနေရာရောက်အောင် အတော်ကြာအောင် သွားရ သေရာ မှောင်ရီသမ်းစ အချိန်ရောက်မှ ကိုင်းတောများရှိသော နေရာအစပ်သို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ မြင်းလှည်းသမားကို ပြန်လွှတ် လိုက်ပြီး ကိုင်းတောအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

"ရာဂျစ်ကိုခေါ်သွားမှာလား"

"ဒီတစ်ခါတော့ သူ့ကိုမခေါ်တော့ဘူး သူမသိအောင် သူ့လှေကို ခဏယူသွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား ဗော်ကြာ. . ."

"မသိပါဘူး၊ ဒီအချိန်ဆိုရင် ရာဂျစ်တဲအတွင်းမှာ သူ့အ
လုပ်နဲ့သူ ရှုပ်နေလောက်ပါပြီ. . ."

ဟုပြောကာ ရာဂျစ်တို့ တဲစုများရှိရာသို့ မသွားတော့ဘဲ
ကမ်းစပ်ဘက်သို့ ဆင်းလာကြသည်။

ကိုင်းတောထဲမှ မထွက်ခင် သောင်ပြင်ဘက်သို့ လှမ်း
ကြည့်လိုက်တော့ လူရှင်းနေသည်။

ရေစပ်နှင့် မနီးမဝေးမှာတော့ သောင်ပြင်ပေါ်သို့ ဆွဲ
တင်ထားသည့် လှေတစ်စင်းနှစ်စင်းကို လှမ်းမြင်ရသည်။

ထို့ကြောင့် ထိုလှေများရှိရာသို့ လျှောက်လာကြသည်။

ထိုနေရာရောက်သည်အထိတော့ အနှောင့်အယှက်
မတွေ့ကြရသေးပေ။

ရေစပ်နားရောက်တော့ လှေပေါ်သို့ပစ္စည်းများတင်ပြီး
လှေကိုရေထဲသို့ တွန်းချကြသည်။

သုံးယောက်အားနှင့် သံလက္ခတ်ကျွန်းဘက်သို့ ကူးလာ
ကြသည်။ ရေလက်ကြားအတွင်းမှာ ပင်လယ်လှိုင်း အနည်းငယ်
ရှိသော်လည်း ဆိုးဆိုးဝါးဝါး အခြေအနေမျိုးတော့ မဟုတ်ပေ။

ကျွန်းဘက်ကမ်းသို့ ရောက်သောအခါ လှေကို စိတ်ချ
လုံခြုံသောနေရာ၌ ဝှက်ထားခဲ့ပြီး ကျွန်းပေါ်သို့ တက်ကြသည်။

ကမ်းခြေမှတစ်ဆင့် . . သောင်ပြင်များကိုဖြတ်ကာ
ကျောက်ဆောင်ကျောက်တုံးများကြားမှ အပေါ်ရောက်အောင်
တက်ကြလေသည်။





မိုးချုပ်သွားပြီဖြစ်သော်လည်း အလင်းရောင်အနည်း
ငယ်ရှိနေသေးသဖြင့် အတန်အသင့်မြင်နိုင်သေး၏။

အပေါ်သို့ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်
က စာရွက်တစ်ရွက်ပေါ်မှာ အကြမ်းဖျင်းရေးဆွဲထားသောလမ်း
ညွှန်အချက်အလက်တို့ကိုကြည့်ပြီး ရှေ့မှသွားသေးသည့် ကျန်နှစ်
ယောက်ကလည်း ထွေထွေထူးထူးဘာမှမမေးပဲ နောက်မှလိုက်
ကြလေသည်။

နောက်ဆုံးမှာတော့ သစ်ပင်နှင့်ချုံနွယ်ပိတ်ပေါင်းတို့
များစွာတို့ဖုံးအုပ်နေသော တောင်ကုန်းတစ်ခုကို ကျော်ဖြတ်သွား
ရလေသည်။

ထိုနေရာမှလွန်သောအခါ မတ်စောက်သည့်ကျောက်
နံရံရှိပြီး ကျောက်သားများကကွဲအက်နေသည်။

အချို့ကျောက်တုံးများမှာ သစ်ပင်အမြစ်တို့ဖြင့် ခံနေ၍
သာ အောက်သို့ပြုတ်ကျမလာသေးသော်လည်း အချိန်မရွေးလိမ့်
ဆင်းကျလာနိုင်သည့် အခြေအနေမျိုးရှိသည်။

ဟိုဘက်မှာတော့ အတန်အသင့်နက်သောလျှိုကြီးများ
ရှိသည်။ သူတို့တက်ခဲ့သော ကုန်းမြေမှာ ဆူးရစ်ချုံများအပါအဝင်
ချုံနွယ်ပိတ်ပေါင်းများ ထူးထပ်လှသောကြောင့် မြေအနေအထား
စုံးရိမ်ရသော အခြေအနေမျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စိတ်အားထက်သန်
နေသောအမူအရာဖြင့် ဓားတစ်လက်နှင့် လက်နှိပ်ဓာတ်မီး
တစ်လက်ကိုကိုင်ကာ ရှေ့မှတစိုက်မတ်မတ် သွားနေသော



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ထိုတဲ့သို့သွားကြရာ နောက်ဆုံးမှာတော့ ဝက်သစ်ချပင်ကြီးများ ပေါက်နေသော နေရာသို့ရောက်ကြလေသည်။

"ဒီနေရာပဲ"

"ဘယ်နေရာလဲ မောင်ထင်ကျော်ရဲ့. . .၊ နည်းနည်းလောက် ပြောပြပါဦး"

"ဝက်သစ်ချပင်တွေကြားထဲမှာ ထင်းရှူးပင်ကြီးတစ်ပင်ကို တွေ့အောင်ရှာကြရမယ်"

ထိုသို့ပြောပြီး လိုက်ရှာကြရာ ဝက်သစ်ချပင်ဆယ်ပင်ခန့် ဝန်းရံနေသောအလယ်တွင် များစွာကြီးမားသော ထင်းရှူးပင်ကြီးတစ်ပင်ကို တွေ့ကြလေသည်။

ထင်းရှူးပင်ကြီးမှာ နှစ်ပေါင်းများစွာကတည်းက ရှိနေဟန်ဖြင့် အခြားသစ်ပင်များထက် ပိုမိုမြင့်မားလေသည်။

အကိုင်းအခက်များဝေဆာလျက် ခံ့ညားသောနှစ်ချို့ပင်ကြီးလည်း ဖြစ်ဟန်ရှိသည်။

သစ်ပင်ခြေရင်းမှာပင် လူနှစ်ဖက်သုံးဖက်လောက်ကြီးမြီး အပုအထစ်များတော့ရှိသည်။

အနိမ့်ဆုံးသစ်ကိုင်းအထိ ရောက်ဖို့ပင်ပေ(၅၀)ခန့်ရှိပေလိမ့်မည်။

ထိုနေရာရောက်တော့ ဒေါက်တာမင်းထင်ကျော်က ပစ္စည်းထုပ်များကိုချပြီး ခဏအမောဖြေနေသည်။

"ပိုးရွှေတောင်ရဲ့ အဖြေမှန်မယ်ဆိုရင်တော့ ကျွန်တော်တို့လိုက်ရှာနေတဲ့ ရွှေဒင်္ဂါးတွေ ဒီနေရာမှာပြန်တွေ့နိုင်တယ်"





ထိုစကားကြားတော့ နှစ်ယောက်စလုံး အံ့သြဝမ်းသာဖြစ်သွားကြလေသည်။

"ကျွန်တော်တို့လည်း ပြောပါဦးဆရာရဲ့"

"နောက်တော့မှ ပြည့်ပြည့်စုံစုံပြောပြမယ် အခုလောလောဆယ်တော့ လုပ်စရာရှိတာ အရင်လုပ်ကြရအောင် မောင်ကျော်စွာ သစ်ပင်ပေါ်တက်နိုင်ပါ့မလား"

ဟုမေးသည်။

စုံထောက်ကျော်စွာက သစ်ပင်အနားကပ်ကာ အခြေအနေကို လှည့်ကြည့်လေသည်။

"မဖြစ်နိုင်စရာတော့မရှိပါဘူး၊ တက်နိုင်ပါတယ်"

"နည်းနည်းတော့ စွန့်စားရလိမ့်မယ်"

"လူဆိုးလူမိုက်တွေနဲ့ အသက်လုနေရတဲ့ စုံထောက်ပဲဆရာရယ်၊ ဒီလောက်စွန့်စားရတာ မခက်ပါဘူး"

"ကဲ. . ဒါဖြင့် ပြင်ကြရအောင်"

ဟုပြောပြီး အပင်ပေါ်တက်မည့် စုံထောက်ကျော်စွာလက်သို့ ပိုးရွှေတောင်ကိုပေးသည်။

ပိုးရွှေတောင် ကိုယ်ကိုခိုင်ခန့်သော ပိုးကြိုးတစ်ချောင်းဖြင့် ပတ်ချည်ထားသည်။

ပတ်ထားသောကြိုးမှာ အတော်ရှည်သည်၊

ထို့နောက် ကြိုးငယ်တစ်ချောင်းထိပ်တွင် အလေးအတွက် ကျောက်ခဲတစ်လုံးကို ချည်ပြီးအနိမ့်ဆုံးသစ်ကိုင်းပေါ်သို့ ကျော်၍ပစ်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်နှစ်ကြိမ်ပစ်တင်တော့မှ ကျောက်ခဲက တစ်ဖက်သို့ ကျော်ကျသွားသည်။

ထိုနောက်မှာတော့ ကြိုးကြီးကြီးတစ်ချောင်းကို လက်ကိုင်မြဲစေရန် အထုံးများထုံးသည်။

ထိုသို့ ထုံးပြီးမှ ကြိုးငယ်ထိပ်စဖြင့် ဆက်ပြီးသစ်ကိုင်းပေါ်သို့ ကျော်ပြီးတင်သည်။

အထုံးများထုံးသောကြောင့် သစ်ပင်ခွကြား၌ မကြာခဏ ထစ်နေပြီးမှ တစ်ဖက်သို့ကျော်ပြီးကျလာသည်။

တစ်စကို ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းက ဆွဲထားပြီး ကျန်တစ်စကိုကိုင်ကာ ကျော်စွာက သစ်ပင်ပေါ်တက်သည်။

အထုံးများထုံးထားသောကြောင့် လက်ကိုင်စရာရနေပြီး သစ်ပင်ကိုခြေဖြင့် ကန်တက်သွားသောအခါ ပထမကိုင်းသို့ရောက်သွားသည်။

"အပေါ်ကိုင်းရောက်သွားပြီ ဆရာ"

ကျော်စွာကလှမ်းပြောသည်။

"ရောက်ရင် ကြိုးစကို အပေါ်ဆွဲယူလိုက်၊ အဲဒီကြိုးစနဲ့ ထိန်းပြီး အပေါ်ဆက်တက်ပေဦး"

ကျော်စွာကကြိုးစကို ဆွဲယူပြီး သူကိုယ်မှာတစ်စပတ်သည်။ ကျန်တစ်စကို သစ်ပင်ဖြင့် ထိမ်းချည်ထားရင်း အပေါ်သို့ဆက်တက်သွားသည်။

"မောင်ကျော်စွာ အပေါ်ဘယ်လောက်ရောက်သွားပြီလဲ"





"အတော်တော့မြင့်နေပြီ တွန်းသောင်ကွန်းလုံးကိုတောင် အပေါ်စီးက မြင်နေရပြီ"

"ဟုတ်ပြီ အောက်ဘက်မှာ သစ်ကိုင်းဘယ်နှကိုင်းကျော်ခဲ့ပြီလဲ"

အတန်ကြာအောင်အသံတိတ်သွားပြီးမှ

"အောက်ဘက်မှာ ငါးကိုင်းကျော်လာခဲ့ပြီး အခုကျွန်တော်ရောက်နေတာ ခြောက်ကိုင်းမြောက်ပဲ"

"ဒါဖြင့် နောက်ထပ်တစ်ကိုင်းရောက်အောင် ဆက်တက်လိုက်ပေဦး မောင်ကျော်စွာရေ"

ကျော်စွာကကြိုးဖြင့် ချိတ်ဆွဲပြီး အပေါ်ကိုင်းသို့တက်ပြန်လေသည်။

လောလောဆယ် သူရောက်နေသောနေရာအထိဆိုပါက ပေ(၈၀)၊ ပေ(၉၀)ခန့် ရှိနေပြီဖြစ်ရာ အသည်းအေးဖွယ်ရာဖြစ်တော့သည်။

ကျော်စွာက သစ်ပင်တက်သမားမဟုတ်သော်လည်း ကြောက်ရွံ့တတ်သူမဟုတ်သောကြောင့် ထိုမျှမြင့်သော သစ်ပင်ပေါ်ရောက်နေသည့်တိုင် အခြေအနေမပျက်ရှိနေနိုင်ခြင်းဖြစ်၏။

"ကျွန်တော် သတ္တမမြောက်သစ်ကိုင်းပေါ်ကို ရောက်သွားပြီဆရာ"

အပေါ်မှလှမ်းပြောနေသောအသံကို ခပ်သဲ့သဲ့သာကြားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာ ဒီထက်ပိုပြီး စွန့်စားဝံ့ပါ့မလား"

"ရပါတယ်ဆရာ ဘယ်လိုလုပ်ရမလဲဆိုတာသာပြောပါ။ နောက်ပြီး ဆရာပေးလိုက်တဲ့ ပိုးရွှေတောင်ကိုလည်း ဘယ်နေရာမှာအသုံးချရမလဲ"

"နောက်တော့ပြောပါ့မယ်၊ လောလောဆယ်ကြိုးတစ်စကိုတော့ ခါးမှာပတ်ထားပါ၊ ကျန်တဲ့တစ်စကို ပင်စည်မှာချည်ထားခဲ့ပြီး အဲဒီသစ်ကိုင်းရဲ့အဖျားဘက်ကို တဖြည်းဖြည်းချင်းတိုးသွားပေးပါ၊ တကယ်လို့သစ်ကိုင်းပေါ်မှာ ထူးခြားတာ တစ်ခုခုတွေ့ရင် ကျွန်တော့်ကို လှမ်းပြောပေးပါ"

အချိန်က မှောင်ရီသမ်းစအချိန်ရောက်နေပြီ ဖြစ်သော်လည်း သစ်ပင်ပေါ်မှာတော့ ကောင်းကင်ပေါ်မှ အလင်းရောင်အချို့ကြောင့် မြင်နိုင်သေးသည်။

သစ်ပင်ကိုင်းက အလုံးအရွယ်အစား ဒဲတော်ကလေးကြီးသည် အရင်းပိုင်းမှာ ပေါင်လုံးအရွယ်ခန့်ရှိသည်။

ကျော်စွာကြိုးတစ်စကို ခါးမှာပတ်၊ ကျန်တစ်စကို သစ်ပင် ပင်စည်မှချည်ထားခဲ့ပြီး ရှေ့သို့ဖြည်းဖြည်းချင်းတိုးသည်။ လူ၏ကိုယ်အလေးချိန်ကြောင့် သစ်ကိုင်းက လှုပ်လာသည်။

အနည်းငယ် တုန်လာသည်။

ထို့ကြောင့် သစ်ကိုင်းပြန်ငြိမ်အောင် စောင့်စောင့်ပြီးမှ ရှေ့တိုးသွားရသည်။

တစ်နေရာရောက်တော့ သူ့အတွက်အခက်အခဲတစ်ခု တွေ့ရတော့သည်။





သစ်ကိုင်းတစ်နေရာမှာ အဆွေးကွက်ကြီးပေါ်နေလေသည်။ ဆွေးနေသော နေရာမှသွားလျှင် မခံ့ကျိုးကျမည်မှာ အမှန်ဖြစ်သည်။

"ကိုကျော်စွာ ထူးခြားတာတစ်ခုခု တွေ့နေပြီလား"

"တွေ့တယ်ဆရာ သစ်ကိုင်းကတစ်ဝက်လောက်ဆွေးနေပြီး ရှေ့ဆက်သွားရင်တော့ လူကိုယ်အလေးချိန်ကြောင့် ခုနကျိုးကျမယ်ထင်တယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ အကြံရခက်သွားလေတော့သည်။

ဆင်တစ်ကောင်လုံး အမြီးကျမှတစ်ဆိုသလို ခံလေသမျှသဲရေကျအဖြစ်မျိုး ရောက်ချေတော့သည်။

"ဘယ်လိုလုပ်ရမလဲဆရာ"

"သစ်ကိုင်းပေါ်မှာ ထူးခြားတာတစ်ခုခု မတွေ့မချင်းရှာရမှာဗျ၊ အခုပုံအတိုင်းဆိုရင်တော့ အခက်ပါပဲ"

ဟု ညည်းညည်းညူညူ လှမ်းပြောလိုက်သည်။

"စိတ်မပူပါနဲ့ဆရာ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှေ့ရောက်အောင် ကျွန်တော်ကြိုးစားကြည့်ပါ့မယ်"

"သတိတော့ထားနော်"

ထိုသို့ပြောပြီး ကျော်စွာက မူလရောက်နေသည့်နေရာမှသစ်ကိုင်းအရင်းဘက်သို့ ပြန်သွားလေသည်။

ပင်စည်မှာ ချည်ထားသောကြိုးကိုဖြုတ်ပြီး အပေါ်ဘက်မှာရှိသော သစ်ကိုင်းပေါ်သို့ ကျော်ပြီးပတ်တင်သည်။ ပြီးမှ ပြန်ရ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကွင်းလျှောချည်ထားလိုက်သည်။

ထိုကြိုးစရသောအခါ အားပြုပြီး ရှေ့သို့တိုးသည်။ အဆွေးထွက်ပေါ်နေသော နေရာရောက်တော့ အပေါ်မှဆွဲထားသောကြိုးကို အားပြုပြီးရှေ့တိုးသည်။

အခြေအနေက အသည်းယားစရာဖြစ်သည်။

အပေါ်မှကြိုးဆွဲထားသော သစ်ကိုင်းကျိုးလျှင်သော်လည်းကောင်း၊ ဆွဲထားသောကြိုး ပြတ်လျှင်သော်လည်းကောင်း ဆွေးနေသည့် သူနင်းထားသော သစ်ကိုင်းကလူကိုယ်အလေးချိန်မခံနိုင်ပဲ ကျိုးကျမည်မှာ အမှန်ပင်ဖြစ်သည်။

အကယ်၍ သစ်ကိုင်းကျိုးပြီး အောက်သို့ပြုတ်ကျလျှင်တော့ အသက်ရှင်စရာအကြောင်းမရှိပေ၊

တဖြည်းဖြည်းနှင့် ရှေ့တိုးသွားရာသစ်ကိုင်းအဖျားပိုင်းရောက်သောအခါ အံ့သြဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကို လှမ်းမြင်ရလေတော့သည်။

အခြားမဟုတ်ပေ။

လူဦးခေါင်းခွံအရိုးတစ်ခုက သစ်ကိုင်းပေါ်မှာတင်နေခြင်းပင် ဖြစ်တော့သည်။

"တိုကျော်စွာ ငြိမ်ချက်သားကောင်းလှချည်လား၊ ဘာတွေ့နေပြီလဲ ဘာထူးခြားမှုရှိသလဲ"

"ထူးတယ်ဆရာရေ သစ်ကိုင်းပေါ်မှာ အရိုးကျနေတဲ့ ဦးခေါင်းခွံတစ်လုံးတွေ့ရပြီ၊ ဒါပေမယ့် ဒီဦးခေါင်းခွံ့ အောက်ကိုပြုတ်မကျပဲ ဘာကြောင့်ငြိမ်နေတယ် မပြောတတ်တော့ဘူး





ကျွန်တော်ကို တစ္ဆေခြောက်နေတာများလား မသိဘူး"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် မျက်နှာပေါ်မှာ ကြိုးစားရကျိုးနပ်ပြီဟူသော အပြုံးအရာမျိုးဖြင့် ပြုံးလာလေသည်။

"သရဲခြောက်နေတာမဟုတ်ပါဘူး၊ ဘာကြောင့်ပြုတ်မကျသလဲဆိုတာ အနားကပ်ကြည့်ပါဦး"

ဟုပြောသဖြင့် အနီးသို့ရောက်အောင်တိုးသွားချိန် ကြည့်ရာ ဦးခေါင်းခွံထိပ်မှ သံရှည်တစ်ချောင်းဖြင့် ဖောက်ရိုက်ထားသည်ကိုတွေ့ရသည်။

ထိုသံချောင်းရှည်က သစ်ကိုင်းကိုပါ စွဲနေသောကြောင့် အောက်သို့ပြုတ်မကျခြင်းဖြစ်သည်။

"တွေ့ပြီဆရာရေ သံချောင်းနဲ့ရိုက်ထားတာဗျ"

"အရိုးခေါင်းက ဘယ်ဘက်ကိုမျက်နှာမူနေသလဲ"

"ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ဖြစ်နေတာဆိုတော့ အနောက်ဘက်ဖြစ်မှာပေါ့"

"ဟုတ်ပြီ အရိုးခေါင်းရဲ့ ဘယ်ဘက်မျက်လုံးပေါက်ကနေ ပိုးရွှေတောင်ကိုထည့်ပြီးတော့ ကြိုးကို တဖြည်းဖြည်းချင်း ချပြီး လျှော့ချပေးလိုက်ပါ"

ဟု ပြောသဖြင့် အရိုးခေါင်းမှ ဝဲဘက်မျက်လုံးပေါက်ကို ချိန်ရှာပြီး မှတ်သားထားလိုက်သည်။

ပြီးမှ အိတ်ထဲ၌ အသင့်ပါလာသော ပိုးရွှေတောင်ကို ထုတ်ပြီး မျက်လုံးပေါက်ထဲသို့ ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထားသော ပိုးကြိုးကို တဖြည်းဖြည်းလျှော့ပေးသောအခါ အပေါ်မှအောက်သို့ လျောကျသွားလေသည်။

"ကြိုးစကို မြဲမြဲကိုင်ထား ကိုကျော်စွာ အောက်ကိုပြုတ်ကျလို့ မဖြစ်ဘူး"

ထိုသို့ အပြန်အလှန်ပြောရင်း ကြိုးကို တဖြည်းဖြည်းလျှော့ချပေးနေရာ ပိုးရွှေတောင်က လေထဲမှာတန်းလန်းဖြစ်နေသည်။ ပင့်ကူမျှင်ကို အသုံးပြုပြီး ပင့်ကူတစ်ကောင် အပေါ်မှ ဆင်းလာသည်နှင့်ပင် တူနေတော့သည်။

ပိုးရွှေတောင်က ရွှေသားဖြစ်နေသဖြင့် အလေးချိန် အတော်လေးသည်။

ပိုးကြိုးမဟုတ်ပဲ အခြားကြိုးဆိုပါက ပြတ်ကျသွားလောက်ပေသည်။

ပတ်ဝန်းကျင်မှ အလင်းရောင်အနည်းငယ် ရှိနေရာ ထိုအလင်းရောင်တို့ကြောင့် ပိုးရွှေတောင်မှ အရောင်တလက်လက် တောက်ပနေသည်။

တဖြည်းဖြည်းအောက်ရောက်လာပြီး မြေပြင်နှင့်ထိသောအခါ ဒေါက်တာမင်းထင်ကျော်က ထိုနေရာကို စက်ဝိုင်းသဏ္ဍာန် အမှတ်အသားပြုလုပ်ပြီး ငုတ်တစ်ချောင်းပါ ရိုက်ထားလိုက်သည်။ ကျော်စွာကိုလည်း အောက်သို့ပြန်ဆင်းလာရန် လှမ်းပြောသဖြင့် ပြန်ဆင်းလာသည်။

"ဘာထူးပြီလဲ ဆရာ"

"ကျွန်တော်တို့ ရှာနေတဲ့ ရတနာတွေ ဒီမှာရှိနေတယ်





ကျော်မဟုတ် တူးကြည့်ရအောင်. . ."

ဟုပြောပြီး သုံးယောက်သားပါလာသော တူရွင်း၊ ပေါက်ပြား ဂေါ်ပြားတို့ဖြင့် တူးကြလေသည်။

အချိန်အတော်ကြာအောင် တူးသောအခါ တွင်းမှာ အတော်နက်သွားသော်လည်း ရတနာသေတ္တာ မဆိုထားနှင့် အုတ်ခဲတစ်လုံးတောင် မတွေ့ကြရပေ. . .။

ထိုအခါ သုံးယောက်သား စိတ်ပျက်လက်ပျက်နှင့် အပေါ်ပြန်တက်ကာ နားကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ခဲလေသမျှ သဲရေကျ အဖြစ်မျိုးကြုံနေရသောကြောင့် မကျေမနပ်ဖြစ်နေတန်ရှိသည်။ သူသည် စီးကရက် သောက်နေရင်း တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေသည်။

"မမှားနိုင်ပါဘူး. . . ."

ဟု တစ်ယောက်တည်း ရေရွတ်နေပြီးမှ. . . .။

"ကဲ. . . ပင်ပန်းတယ်လို့လည်း သဘောမထားနဲ့ ကိုကျော်စွာရေ သစ်ပေါ်ကို တစ်ကျော့ပြန်တက်ရဦးမယ်၊ ခင်ဗျားကြိုးထည့်တာ ဘယ်ဘက်နဲ့ ညာဘက်လွဲနေပုံရတယ်၊ ဒီတစ်ခါတော့ ပိုးရွှေတောင်ကို တခြားမျက်လုံးပေါက်က ချပေးကြည့်ပါ"

ဟုပြောသဖြင့် ကျော်စွာက သစ်ပင်ပေါ်ပြန်တက်သွားပြီး အခြားမျက်လုံးပေါက်မှ ပြောင်း၍ချပေးလိုက်သည်။

နောက်တစ်ကြိမ်မှာတော့ ပိုးရွှေတောင်က မူလနေရာနှင့်တော်တော်ဝေးသော နေရာသို့ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ထိုနေရာကိုမှတ်သားထား လိုက်ပြီး လှော်စွာကို ပြန်ဆင်းခိုင်းသည်။

ရောက်လာသောအခါ သုံးယောက်သားတူးကြပြန်လေ သည်။ တစ်နာရီခန့်တူးသောအခါ တွင်းကလည်း လေးပေကျော် ကျော်ခန့်နက်သွားလေသည်။

သုံးယောက်စလုံးမှာလည်း ညအချိန်ပင်ဖြစ်လင့်ကစား ချွေးဒီးဒီးကျသည်အထိ မောဟိုက်ပင်ပန်းနေကြလေပြီ. . ။

တူးလိုက်၊ နားလိုက်နှင့် နောက်ထပ်တစ်ပေကျော်ကျော် ခန့်တူးသောအခါ လူအရိုးစုအချို့ ပေါ်လာတော့သည်။

အသေအချာကြည့်သောအခါ လူနှစ်ယောက်၏ အရိုး စုများဖြစ်သည်။

ထိုအရိုးစုများနှင့်အတူ တူရွင်း၊ ဂေါ်ပြားတို့လည်း တွေ့ ရသည်။ ထိုအောက်မှာတော့ ကြေးသေတ္တာတစ်လုံး ရှိနေသည်။

အရိုးစုများကို ဖယ်ရှားပြီး ထိုသေတ္တာကိုထုတ်ယူကာ ကြိုးဖြင့်ဆိုင်းလျက် အပေါ်သို့ ဆွဲတင်ယူလေသည်။

ဒီအချိန်မှာတော့ စိတ်ဝင်စားမှုကြောင့် သုံးယောက်စ လုံးပင်ပန်းမှုများ ပျောက်သွားကြလေပြီ. . . ။

ထို့နောက်. . . .

သော့ခလောက်များ၊ သံကြိုးများဖြင့် အထပ်ထပ်ပိတ် ထားသော အဖုံးကိုဖွင့်ကြည့်လိုက်ရာ ပြောက်များလှသော ရွှေ ဒင်္ဂါးများနှင့် အခြားရတနာပစ္စည်းမျိုးစုံတို့ကို သေတ္တာနှင့်တစ်လုံး အပြည့်ရှိနေသည်ကို တွေ့ကြရလေသည်။





“ဒီရွှေဒင်္ဂါးတွေက ငြိတ်သူတွေဆီ ပို့လိုက်တာကို ဝင်လယ်စားပြုကြီး ပက်ထရစ်တ တိုက်ခိုက်လုယူသွားခဲ့တဲ့ ဒင်္ဂါး တွေပါပဲ. . . .”

ဟုပြောလိုက်ရာ မောင်ကျော်စွာမှာ ဝမ်းမြောက်ဝမ်း သာ ဖြစ်သွားလေတော့သည်။

ထိုသို့ ဝမ်းမြောက်ဝမ်းသာဖြင့် ရွှေငွေရတနာများကို ကြည့်နေကြစဉ်မှာပင်. . . . ။



www.burmeseclassic.com

www.burmeseclassic.com





## (အခန်း - ၁၂)

# တောနက်တွင်းမှ အသက်လုပွဲ

သုံးယောက်သား တူးဖော်ရရှိသော ရတနာသေတ္တာအား ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြည့်နေကြစဉ်မှာ အန္တရာယ်က သူတို့နှင့် မနီးမဝေးသောနေရာသို့ ရောက်လာပြီ...။

ထိုအခြေအနေကိုတော့ သူတို့သုံးယောက် [illegible]

ကြေးသေတ္တာမှာ အရွယ်အစား အတော်[illegible]

သေတ္တာအဖုံးကို ပတ်ထားသော သံ[illegible]

သော့ခလောက်တို့သာ သံချေးတက်နေသော်လည်း [illegible]သေတ္တာက



www.burmeseclassic.com

www.burmeseclassic.com



တော့ အရောင်ပြောင်းရုံသာရှိပြီး အခြေအနေမပျက် လှသေး သေး . . . ။ အဖုံးဖွင့်လိုက်သောအခါ မူလကြေးသားအရောင်အတိုင်းပင် ရှိနေသည်။

ရွှေဒင်္ဂါးနှင့် ရတနာပစ္စည်းတို့မှာ သေတ္တာအတွင်းမှာ သုံးပုံနှစ်ပုံခန့် ပြည့်နေလေသည်။

အပေါ်ပိုင်းမှာ လက်ဝတ်ရတနာများအပါအဝင် အခြား ရတနာပစ္စည်းများ ထည့်ထားပြီး . . ၊ အောက်ဘက်မှာတော့ ရွှေဒင်္ဂါးများချည်း ထည့်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ရွှေဒင်္ဂါးတစ်ပြားနှစ်ပြားကို ယူပြီး ကြည့်လိုက်တော့ မြန်မာနိုင်ငံမှ သွန်းလုပ်ထားသော ရွှေဒင်္ဂါးများဖြစ်ကြောင်း တွေ့ရလေသည်။

“ဒီရွှေဒင်္ဂါးတွေက အင်္ဂလိပ်တွေ မြန်မာပြည်က မတရား သိမ်းယူထားတာတွေပဲ၊ လူသိမခံချင်လို့ အိန္ဒိယဘုရင်ခံဆီကို သင်္ဘောနဲ့ လျှို့ဝှက်ပို့ရင်းကနေ ပင်လယ်ဓားပြတွေလက်ထဲ ပါသွားတာပဲ”

“ဒီနေရာကို ဘယ်လိုရောက်နေတာလဲ ဆရာ. . .”

“ပင်လယ်ဓားပြခေါင်းဆောင်က အခြားသူတွေ မသိ အောင် ဒီနေရာမှာလာပြီး ဝှက်ထားတာဖြစ်မှာပေါ့၊ ရတနာ သေတ္တာဖော်တော့ တွင်းထဲမှာ အရိုးစုနှစ်ခု တွေ့ခဲ့တယ်မဟုတ် လား”

“ဟုတ်တယ်”

“အဲဒါ သူခေါ်လာတဲ့ အဖော်နှစ်ယောက်ဖြစ်မှာပေါ့





ရတနာသေတ္တာကို တွင်းထဲချပြီးတာနဲ့ တွင်းထဲရောက်နေတဲ့ နှစ်ယောက်စလုံး သတ်ပြီး အပေါ်က မြေဖို့ခဲ့တာဖြစ်မှာပေါ့၊ ဒါကြောင့် မြေကျင်းထဲမှာ တူရွင်းနဲ့ ဂေါ်ပြားတွေ တွေ့ရတာပေါ့၊

ဒါကလျှို့ဝှက်ချက်ကို ဘယ်သူမှ မသိအောင် လက်စ ဖျောက်တဲ့နည်းပဲပေါ့”

“ဒီရတနာတွေက ကျွန်တော်တို့တိုင်းပြည်က မတရား ယူထားမှန်းသိနေရက်နဲ့ သူတို့လက်ထဲ အပ်လို့သင့်ပါ့မလား”

“ဒါပေမယ့် မောင်ကျော်စွာက သူတို့ပေးတဲ့ လစာရိက္ခာ စားနေတဲ့ ဝန်ထမ်းတစ်ယောက်မဟုတ်လား၊ အခုလောလော ဆယ်လည်း ဒီတာဝန်ကို ထမ်းဆောင်နေတဲ့သူတစ်ယောက်ပဲ၊ အင်္ဂလိပ်က ခိုးတာပဲဖြစ်ဖြစ် မြန်မာအချင်းချင်း ခိုးတာပဲဖြစ် ဖြစ်၊ ကိုယ်လုပ်နေတဲ့အလုပ် ကိုယ်ယူထားတဲ့ တာဝန်ဝတ္တရား အပေါ်မှာတော့ သစ္စာစောင့်သိရမယ်”

“မှန်ပါတယ် ဆရာ”

ကျော်စွာက သက်ပြင်းတစ်ချက်ချလိုက်သည်။

“ကျန်တဲ့ ရတနာပစ္စည်းတွေကို ချန်ထားပြီး သူတို့နဲ့ သက်ဆိုင်တဲ့ ရွှေဒင်္ဂါးတွေကိုတော့ ပြန်အပ်ပေးလိုက်ပါ၊ မြန်မာ လူမျိုးတစ်ယောက်ဖြစ်တဲ့ မောင်ကျော်စွာအတွက် ရွှေဒင်္ဂါးတွေ ထက် နာမည်ကောင်းရတာက ပိုပြီးတန်ဖိုးရှိပါတယ်. . .”

ဟုပြောပြီး ရတနာသေတ္တာကို အဖုံးပြန်အုပ်လိုက် သည်။ ထိုအခိုက်မှာပင် တောစပ်မှ လူတစ်ယောက်ထွက်လာ သည်။ သူက သေနတ်ဖြင့် ချိန်ထားရင်း အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သုံးယောက်စလုံး တစ်ယောက်မှ မလှုပ်ကြနဲ့ ငြိမ်ငြိမ် နေပါ ခါးထဲမှာထိုးထားတဲ့ သေနတ်တွေကို ဖြည်းဖြည်းချင်းဆွဲ သူပြီး အောက်ကိုပစ်ချလိုက်ပါ။

မျက်စိနောက်အောင် လုပ်ရင်တော့ ကိုယ်ထိုက်နဲ့ ကိုယ့် ကံပဲ. . ."

အသံကြားနေရသော နေရာမှာ သူတို့နှင့် မဝေးလှပေ လောလောဆယ်တော့ ရန်သူကလက်ဦးနေပြီမို့ သူအမိန့်ပေး သည့်အတိုင်းသာ လုပ်နေရသည်။

သေနတ်များကို ဆွဲထုတ်ပြီး မနီးမဝေးသို့ ပစ်ချပေး လိုက်သည်။

"မင်းတို့ကို ငါမသတ်ချင်ဘူး၊ ဒါကြောင့် ငါပြောတဲ့ စကားကိုသာ နားထောင်ပါ၊ ဒီရတနာတွေက မင်းတို့နဲ့ မသက်ဆိုင်ဘူး. . အဓိကသက်ဆိုင်တဲ့သူက ငါပဲ. . ."

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပဲ အသံ ကို နားစွင့်ကြည့်နေသည်။

"ဒီရတနာသေတ္တာကို ငါယူသွားမယ်၊ ဒီရတနာသေတ္တာ ပြန်ရဖို့ နှစ်အတော်ကြာအောင် စိတ်ရှည်လက်ရှည်နဲ့ စောင့်နေရတာ အခုမှပဲ ဆန္ဒပြည့်တော့တယ်၊ ကိုင်း. . သုံးယောက်စလုံး သစ်ပင်ဘက်ကို မျက်နှာလှည့်ပြီး ငြိမ်ငြိမ်လေးရပ်နေကြပါ တကယ်လို့ လှုပ်ရင်တော့ ငါ့အနေနဲ့ ကျည်ဆံသုံးပြီး သတ်ရုံ အပြင် ပိုမထူးဘူး"

ဟုပြောပြီး ၄င်းကရှေ့ထွက်လာသည်။





တစ်ကိုယ်လုံး အမည်းရောင်အင်္ကျီရှည်ကြီး ဝတ်ထားသည်။ မျက်နှာပေါ်မှာ မျက်နှာဖုံးစွပ်ထားပြီး သက္ကလတ်ဦးထုပ် အဝိုင်းကြီးကို ဆောင်းထားသောကြောင့် မျက်နှာကို မမြင်ရပေ။

သူကသေနတ်ကိုပြပြီး သစ်ပင်အောက်သို့ လှည့်ပြီးမျက်နှာလှည့်ခိုင်းထားသဖြင့် အခြေအနေအရ သူပြောသည့်အတိုင်း ပြုလုပ်ရတော့သည်။

သူတို့ သစ်ပင်ဘက်လှည့်ပြီး ရပ်နေပြီးသောအခါ ထိုလူက ရတနာသေတ္တာရှိရာသို့ လျှောက်လာသည်။

ထိုအခြေအနေမှာပင် နောက်ထပ်အန္တရာယ် တစ်ခုက မမျှော်လင့်ပဲ ရောက်လာပြန်တော့သည်။

ထိုလူက ရတနာသေတ္တာရှိရာဘက်သို့ လျှောက်လာစဉ်မှာမနီးမဝေးနေရာမှ မျောက်ဝံကြီးက ပြေးထွက်လာပြီး ခေါင်းပေါ်မှ ခုန်အုပ်လိုက်လေတော့သည်။

"ဂရား. . . ဂရား"

"ဒိုင်း. . ဒိုင်း. . . "

ပစ်လိုက်သော ကျည်ဆံက မျောက်ဝံကြီးကိုထိမှန်သော်လည်း ကိုယ်ပေါ်သို့ ရောက်လာပြီး လက်သည်းများဖြင့် ကုတ်ခြစ် တိုက်ခိုက်ရုံမကပဲ လည်ပင်းကိုပါ မလွတ်တမ်း ညှစ်ထားလေ တော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

ထိုသူကလည်း သေနတ်ကျည်ဆံရှိသမျှ ပစ်ခဲ့သော်လည်း မလွတ်တော့ပဲ မျောက်ဝံရောလူပါ လဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေမှာပင် ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့က ချထားသောသေနတ်ရှိရာသို့ ပြေးသွားကြလေသည်၊ သို့သော်လည်း အခွင့်မသာတော့ပေ. . .။

နောက်ထပ် သေနတ်သံကြားရပြီး ကျော်စွာပုခုံးကို သေနတ်ကျည်ဆံ ထိမှန်ပြီးဘေးသို့ လဲကျသွားလေတော့သည်။

သေနတ်ရှိသောနေရာသို့ မရောက်တော့ပေ။

ဒေါက်တာမင်းထင်ကျော်လည်း ရှေ့မတိုးသာတော့ပဲ နေရာမှာ ရပ်လိုက်ရသည်။

"မလှုပ်ပဲ ငြိမ်ငြိမ်နေပါ၊ ဒီတစ်ခါတော့ နောက်ဆုံးအခြေအနေရောက်နေပြီမို့ ညာတော့မှာ မဟုတ်ဘူး"

တောစပ်မှာ ထွက်လာသူမှာ သံပချိုင့်ပင်ဖြစ်သည်။

သံပချိုင့်က သေနတ်ဖြင့် ချိန်ထားရင် ရှေ့သို့လျှောက်လာသည်။

"ဒီရတနာတွေက ခင်ဗျားတို့နဲ့ ဘာမှ မသက်ဆိုင်ဘူး ဒီရတနာတွေရဖို့ အသက်စွန့်ပြီး တိုက်ခိုက်လုယက်ခဲ့ကြတာ ကျုပ်တို့ဆိုတော့ ရတနာတွေကိုလည်း ကျုပ်တို့ပဲ ရသင့်တယ် ဝေးဝေးနေပါ. . ."

ဟုပြောပြီး မျောက်ဝံကြီး ရှိသောနေရာသို့ သွားကြည့်သည်။ မျောက်ဝံကြီးမှာ သေနတ်ကျည်ဆံ ထိမှန်ထားသော ဒဏ်ရာများဖြင့် အသက်ငင်နေသည်။

"ငါမင်းအတွက် စိတ်မကောင်းပါဘူးကွာ ငါအတွက် လူတစ်ယောက်မက အားကိုးရတဲ့ မင်းကို ဒီလိုဝင်ရှုခံနေတာတော့





မကြည့်ရက်ပါဘူး"

ဟုရေရွတ်ပြီး မျောက်ဝံကြီး ဦးခေါင်းကို သေနတ်ဖြင့် နှစ်ချက်သုံးချက်ပစ်လိုက်ရာ လဲကျသွားလေတော့သည်။

"ဒိုင်း. . ဒိုင်း. ."

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်ရပ်နေသောနေရာသို့ လျှောက်လာပြီး ဒေါသသံဖြင့် ပြောလိုက်သည်။

"ငါအားကိုးရတဲ့ မျောက်ဝံကြီးသေရတာ မင်းတို့ကြောင့်ပဲ၊ ငါလာပြီး ကမ်းလှမ်းတုန်းကသာ လက်ခံရင် ဒီလိုအဖြစ်မျိုး ကြုံရမှာ မဟုတ်ဘူး၊

အခုတော့ ငါ့ရဲ့မျောက်ဝံကြီး သေရပြီ. . . ဒီအတွက် မင်းလည်း သေသင့်တာပေါ့"

ဟုပြောပြီး သေနတ်ဖြင့် ချိန်လိုက်သည်။

"ဒိုင်း. . ဒိုင်း. ."

နောက်ထပ် သေနတ်သံနှစ်ချက် ထွက်လာပြီးနောက် သံပချိုင်မှာ ဘေးသို့လဲကျသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က သံပချိုင်လက်ထဲမှာ သေနတ်ကို အဝေးသို့ရောက်အောင် ကန်ထုတ်လိုက်သည်၊

တအံ့တသြဖြင့် သေနတ်သံကြားသောနေရာသို့ လှမ်းကြည့်လိုက်သောအခါ လက်ထဲမှာ သေနတ်တစ်လက်ကိုင်ထားပြီးထွက်လာသော တောင်လုံးကျော်ကို တွေ့ရသည်။

"အချိန်မီကလေးပါလား နည်းနည်းနောက်ကျသွားရင်တောင် ခင်ဗျားသေလောက်ပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



တောင်လုံးကျော်က ဦးခေါင်းပေါ်မှ ဆောင်းထားသော ဦးဆုပ်ကို သေနတ်ဖြင့် အပေါ်ပင့်တင်လိုက်ကာ ပြောလိုက်သည်။

"အခုလိုဝင်ပြီး အကူညီပေးတာ ကျေးဇူးတင်ပါတယ် မောင်ဘသော်ရယ်၊ ဒါထက် ဒီနေရာရောက်အောင် ဘယ်လို လိုက်လာတာလဲ"

"ခင်ဗျားဘာတွေလုပ်နေတယ်ဆိုတာ ကျွန်တော်မသိဘူးမျှား ထင်နေသလား၊ ခင်ဗျားတို့ ဟူဂလီကို ဘာကြောင့် ရောက်လာတယ်ဆိုတာကအစ သိတယ်၊ ဒါကြောင့် ခင်ဗျားမိတ်ဖွဲ့တော့ အလွယ်တကူ လက်ခံခဲ့တာပေါ့"

"ဒါဖြင့် ဒီရတနာတွေက မောင်ဘသော်ရဲ့အဘိုး ပက်ထရစ် မြှုပ်နှံထားခဲ့တာတွေဆိုတော့ ခင်ဗျားနဲ့လည်း သက်ဆိုင်တယ်၊ သံပချိုင်ကလည်း ပက်ထရစ်နဲ့ အတူလုပ်ခဲ့တာဆိုတော့ ဘားပါတော့၊ ဟိုတစ်ယောက်က ဘယ်သူလဲ"

"ကြည့်မှ သိမှာပေါ့"

ဟုပြောသဖြင့် အသက်သေဆုံးနေသော မျက်ဝံကြီး အောက်မှ ဒဏ်ရာများဖြင့်သေဆုံးနေသူ၏ မျက်နှာပေါ်မှ မျက်နှာဖုံးကို ဖယ်ကြည့်လိုက်သည်။

အခြားသူ မဟုတ်ပေ. . .။

မောင်ဘသော်ထံမှာနေသော လူယုံတော်ကြီး ဇမုန်းထန်ပင် ဖြစ်ပေတော့သည်။

"သူက ကျွန်တော်ဆီမှာလာနေပြီး ဒီအကြောင်းတွေ





ကို မသိမသာစုံစမ်းနေတာကို ကျွန်တော်သိပါတယ်၊ အခုတော့ သူ့ကံကြမ္မာ သူကိုယ်တိုင် ဖန်တီးသွားတာပဲ ဘယ်တတ်နိုင်ပါ့မလဲ"

ဟုပြောလေသည်။

"ဒါထက် ခင်ဗျားအဘိုးဝှက်ထားခဲ့တဲ့ ရတနာတွေပြန်တွေ့ပြီဆိုတော့ ခင်ဗျားဘယ်လိုလုပ်မလဲ"

"ဘယ်လို လုပ်ရမှန်း မသိသေးဘူးဗျာ. . ."

"ကျွန်တော်သဘောပြောရရင်တော့ ရွှေဒင်္ဂါးတွေကတော့ အစိုးရပိုင်တဲ့ ပစ္စည်းတွေဆိုတော့ သူတို့ကို ပြန်အပ်ရမယ်၊ ကျန်တဲ့ ရတနာပစ္စည်းတွေကတော့ ခင်ဗျားပိုင်ဆိုင်ခွင့် ရှိတာဆိုတော့ ယူနိုင်ပါတယ်"

"ခင်ဗျားတို့ကရော ဘာယူမှာလဲ"

"ကျွန်တော်တို့ကတော့ ရွှေဒင်္ဂါးတွေပြန်ရဖို့ တာဝန်နဲ့လာပြီး ဆောင်ရွက်ကြတာပါ၊ အခုပြန်ရပြီဆိုတော့ ဘာမှ မလိုချင်တော့ပါဘူး"

ထိုစကားကြောင့် တအံ့တသြဖြစ်သွားဟန်ရှိသည်။

"ကျွန်တော်လည်း ဘာမှမစဉ်းစားရသေးဘူး၊ တကယ် ပြောရရင် မသန့်ရှင်းတဲ့ ရတနာတွေလည်း မလိုချင်ပါဘူး"

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒီရတနာတွေက ပိုင်ရှင်မရှိတော့တဲ့ ပစ္စည်းတွေဖြစ်နေပြီ အင်္ဂလိပ်အစိုးရလက်ထဲ အပ်ရင်လည်း အကျိုးမရှိဖြစ်မှာပဲ၊ ဒီတော့ တစ်ခုခုတော့ ဆုံးဖြတ်ပါ"

ဟုပြောတော့မှ သင့်တော်သလိုသာ စီမံပေးပါတော့



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောလေသည်။

သို့ကြောင့် သေတ္တာအတွင်းမှာရှိသော ရွှေဒင်္ဂါးများမှ လွဲပြီး အခြားရတနာပစ္စည်းတို့ကို အိတ်တစ်လုံးဖြင့်ထည့်ပြီး နောက် မောင်ဘသော်လက်ထဲ ထည့်ပေးလိုက်သည်။

ထိုအခိုက်မှာပင် ကမ်းစပ်ဘက်မှတက်လာသော ဆူဆူ ညံညံအသံအချို့ကို ကြားရလေသည်။

"မကြာခင် ကျွန်တော်မှာခဲ့တဲ့ပုလိပ်တွေ ဒီနေရာ ရောက်လာကြတော့မယ်၊ ခင်ဗျားသူတို့နဲ့တွေ့လို့ မဖြစ်ဘူး. . သွားပေတော့၊ အိမ်ပြန်ရောက်ရင်လည်း အခုလောလောဆယ် တော့ အိမ်မှာမနေပဲ တခြားဝေးဝေးမှာသာ ခြေရာဖျောက်ပြီး သွားနေပေတော့"

"ကျေးဇူးပါပဲဗျာ. . ."

ဟုပြောပြီး မောင်ဘသော်က ရတနာပစ္စည်းများထည့် ထားသော အိတ်ကိုလွယ်ပြီး တောထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားလေသည်။

အတန်ကြာတော့ ထိုနေရာသို့ ဟူဂလီဂါတ်တဲမှ ရာဇ ဝတ်အုပ်ကြီးခင့် ခေါင်းဆောင်သော ပုလိပ်အဖွဲ့များရောက်လာ ကြလေတော့သည်။

"တောဟိုမှာ သေနေတဲ့ မျောက်ဝံကြီးက ဒေါ်မာရီယာ နဲ့မေရီတို့ သားမိနှစ်ယောက်ကို သတ်သွားတဲ့ တရားခံပါပဲ အခု လည်း သူလက်ချက်ကြောင့် လူတစ်ယောက် သေရပြန်ပြီ"

"သူကဘယ်သလဲ"





"အရင်က ပင်လယ်ဓားပြလုပ်ခဲ့ဖူးတဲ့ လူဆိုးတစ် ယောက်ပါပဲ၊ ဟိုမှာ ဒဏ်ရာနဲ့ သတိမေ့နေတဲ့ သံပချိုင်ဆိုတဲ့ လူလည်း လူဆိုးတစ်ယောက်ပါပဲ"

"တရားခံတွေ ဖမ်းမိတော့ ကျွန်တော်အတွက်တော့ ကောင်းတာပေါ့ ဆရာရယ်၊ နာမည်ကောင်းထွက်မှာပြီး. . ရာထူးတိုးတော့မှာ သေချာတယ်"

"ဟိုသေတ္တာထဲမှာတော့ ဗြိတိသျှအစိုးရပိုင်တဲ့ ပစ္စည်း တွေပါပဲ၊ ပင်လယ်ဓားပြတွေ တိုက်ခိုက်လုယက်သွားတဲ့ ရွှေအင်း တွေပါပဲ"

ဟုပြောလေရာ အံ့ဩသွားလေတော့သည်။

"ကျွန်တော်တို့သာ ဆိုရင်တော့. . ရွှေဒင်္ဂါးတွေ ပြန်ရဖို့ တော့ဝေးရော၊ တရားခံတွေမိဖို့တောင် မလွယ်ပါဘူး၊ ဆရာတို့ အဖွဲ့ကို အများကြီးကျေးဇူးတင်ပါတယ်"

ဟုပြောပြီး အရိုအသေပေးလေသည်။

ထို့နောက်မှာတော့ ဒဏ်ရာရနေသူနှင့် သေဆုံးနေသူ တို့ကို သယ်ဆောင်ပြီး ကမ်းစပ်သို့ ပြန်ဆင်းကြလေသည်။

ထိုအချိန်တွင် အရှေ့ဘက်မှ အရုဏ်ဦးအလင်းရောင်၊ များ ပေါ်ထွက်စပြုလာခဲ့လေပြီ. . .။





www.burmeseclassic.com

www.burmeseclassic.com





## (အခန်း - ၁၃)

# လျှို့ဝှက်ပုစ္ဆာ အဖြေရှာကြည့်ခြင်း

ဒေါက်တာမင်းထင်ကျော်တို့အတွက် တာဝန်ယူဆောင်ရွက်ပေးရသော ကိစ္စအားလုံး အောင်မြင်ပြီးစီးသွားခဲ့ပေပြီ. . ။

ပြန်လည်ရရှိလာသော ရွှေဒင်္ဂါးများကို အိန္ဒိယဘုရင်ချုပ်ထံ သွားရောက်အပ်နှံပေးရာ စုံထောက်ကျော်စွာကို ချီးကျူးမှုပြုလေသည်။

နာမည်ကောင်းလက်မှတ်ချီးမြှင့်ပေးရာ ကျော်စွာမှာ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မလွဲသာမရှောင်သာ လက်ခံရလေသည်။

"မြန်မာလူမျိုးထဲမှာ မောင်မင်းလို ထက်မြက်တဲ့ လူငယ် လူရွယ်တွေရှိနေတာ အများကြီးကောင်းတယ်၊ ပုလိပ်အဖွဲ့အတွက်လည်း နာမည်ကောင်းရတာပေါ့၊

မောင်မင်းအနေနဲ့ ဒီကနေ မြန်မာပြည်ကို ပြန်ရောက်သွားရင် ရာထူးတိုးပေးဖို့ ပုလိပ်မင်းကြီးကို အကြောင်းကြားပေးလိုက်မယ်"

ဟုပြောဆိုလေသည်။

ထို့နောက်မှာတော့ နယူးဒေလီ ကာလကတ္တားစသောမြို့များသို့ လှည့်လည်ကြည့်ရှုပြီး ဟူဂလီသို့ ပြန်လာသည်။

ထိုမြို့သို့ ပြန်ရောက်သောအခါ သုံးယောက်အတွက် သင်္ဘောလက်မှတ်ယူထားပြီး သင်္ဘောထွက်ရန်ရက်ကို စောင့်ဆိုင်းနေကြစဉ် ဦးကျော်ဇံအိမ်မှာပင် ဆက်လက်တည်းခိုနေကြလေသည်။

ထိုအိမ်မှာ နားနားနေနေရှိနေကြစဉ် စုံထောက်ကျော်စွာက မေးသည်။

"ကျွန်တော်တို့လည်း ဗဟုသုတရအောင် ပိုးရွှေတောင်နဲ့ ပတ်သက်ပြီး ဆရာဘယ်ပုံဘယ်နည်းနဲ့ သဲလွန်စကောက်ယူတယ်ဆိုတာ သိပါရစေ. . ."

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ကော်ဖီသောက်ရင်း၊ စီကရက်ဖွာရင်းနှင့်သဲလွန်စကောက်ပုံကို ပြောပြလေသည်။

"ခင်ဗျားတို့ မှတ်မိကြဦးမှာပေါ့ ဒေါ်မာရီယာအခန်းထဲက ပိုးရွှေတောင်ရလာပြီးတဲ့နောက်ပိုင်း အဲဒါကိုပဲ သဲလွန်စကြည့်တာပါပဲ၊ စက္ကူကိုကြည့်တဲ့အခါမှာ စက္ကူက သာမန်စက္ကူတစ်ရွက်မဟုတ်တာ သတိပြုမိတယ်"

"ဘယ်လို စာရွက်မျိုးလဲ. . ."

"အဝတ်စတွေနဲ့ လုပ်ထားတဲ့ စက္ကူတစ်မျိုးပဲ ရှေးကလူတွေက စက္ကူကို ရေစိုတဲ့အခါ မပျက်စီးအောင် အဝတ်စတွေကို စက္ကူလိုဖြစ်အောင်လုပ်ပြီး အသုံးပြုကြတယ်၊ ဒါပေမယ့် ပိုးရွှေတောင် ထုပ်ထားတဲ့စက္ကူကို အမျိုးမျိုးကြည့်တော့ ဘာမှ ထူးခြားမှု မတွေ့ရဘူး"

"ဟုတ်ကဲ့"

"ဒီတော့ လျှို့ဝှက်ချက်ဟာ ပိုးရွှေတောင်မှာပဲရှိမယ် ထင်လို့ သေသေချာချာ ကြည့်တော့လည်း ကျောဘက်မှာ အရိုးခေါင်းပုံ အကွက်သုံးကွက်ကလွဲပြီး တခြားထူးခြားမှု မတွေ့ရဘူး ဒါပေမယ့် အရိုးခေါင်းနဲ့ သက်ဆိုင်ရာ လျှို့ဝှက်ချက်တစ်ခုတော့ ရှိရမယ်လို့ ခန့်မှန်းမိတယ်. . ."

"ဟုတ်ကဲ့"

"ဒီတော့ လျှို့ဝှက်ချက်က စက္ကူမှာပဲရှိရမယ်လို့ တွေးပြီး စက္ကူကို ပြန်စစ်ကြည့်တော့ ဒီအတိုင်းကြည့်တာတော့ ဘာမှ မတွေ့ရဘူး၊ ဒါကြောင့် ရေစိမ်ကြည့်တယ်၊ ဒါလည်း မထူးခြားဘူး၊ နောက်တော့ မီးကင်ကြည့်တယ်၊ ဒီတော့မှ လျှို့ဝှက်ချက် ပေါ်လာတော့တယ်"

"ဘယ်လို ပေါ်လာသလဲ ဆရာ. . ."







www.burmeseclassic.com

www.burmeseclassic.com



"မီးအပူရှိန်ပေးလိုက်တော့ မီးရောင်နဲ့ စက္ကူပေါ်မှာ အနည်းခေါင်းပုံတစ်ခု ပေါ်လာတယ် ဒါကတော့ ရှေးကလူတွေ အသုံးပြုတဲ့ လျှို့ဝှက်စာရေးနည်းတွေထဲမှာပါတဲ့ ရေစာရေးနည်း မီးစာရေးနည်းပါပဲ၊

ရေစာရေးနည်းက စာရွက်ပေါ်မှာရေးထားတဲ့ စာကို ဒီအတိုင်းကြည့်လို့ မမြင်ရဘူး၊ စာရွက်ကိုရေထဲမှာ စိမ်ကြည့်မှ မြင်တယ်၊

မီးစာရေးနည်းကလည်း ဒီအတိုင်းကြည့်ရုံနဲ့ မမြင်ရဘူး မီးအပူပေးပြီး မီးရောင်နဲ့ ထောင်ကြည့်မှ မြင်ရတယ်"

"ရှေးကစပိုင်တွေ အသုံးပြုတဲ့ လျှို့ဝှက်စာရေးနည်းတွေထဲမှာပါတယ်"

"မှန်ပါတယ်ဒါနဲ့စာရွက်ကို မီးရောင်နဲ့ ပြတော့ ပိုးရွှေတောင်ပုံပေါ်လာတယ်၊ အဲ့ဒီနေရာနဲ့ မနီးမဝေးနေရာမှာလည်း နောက်ထပ် အမှတ်အသား ပေါ်လာပြန်တယ်. . ၊ တခြားတော့ မဟုတ်ဘူး (P.T.C)ဆိုတဲ့ စာလုံးကို လက်မှတ်ထိုးသလို ထိုးထားတဲ့ အမှတ်အသားပဲ"

"ပီတီစီ ဆိုတဲ့ အဓိပ္ပာယ်အပြည့်အစုံက ဘယ်လိုတဲ့လဲ"

"ပင်လယ်ဓားပြကြီး ပက်ထရစ်(Patric)ရဲ့ အတိုကောက်ပဲပေါ့ဗျာ. . . ."

"ဒါဖြင့် ပိုးရွှေတောင် ထုပ်ထားတဲ့ စက္ကူလေးဟာ ပင်လယ်ဓားပြကြီး ပက်ထရစ်ကိုယ်တိုင် ရေးထားတဲ့ စာပဲပေါ့. . .





ဘုတ်လား"

"ဟုတ်ပါတယ်. . ပင်လယ်ဓားပြကြီး ပက်ထရစ်ဟာ အင်္ဂလိပ်တွေ လျှို့ဝှက်ပြီး ပို့လိုက်တဲ့ ရွှေဒင်္ဂါးတွေကို တိုက်ခိုက်လုယူလိုက်တယ်၊ နောက်ပိုင်း အခြေအနေမကောင်းတော့. . ယုံကြည်ရတဲ့ တပည့်အချို့ကိုပါခေါ်ပြီး. . ရွှေဒင်္ဂါးတွေနဲ့ အခြားရတနာပစ္စည်းတွေထည့်ထားတဲ့ သေတ္တာကို သံလုံသေတ္တာတွေနဲ့ ပေါ်မှာ မြှုပ်ထားပြီးနောက် ခေါ်သွားတဲ့လူတွေကိုပါ အဆုံးစီရင်လိုက်တယ်၊ ပြီးတော့ သူလည်းခြေရာဖျောက်သွားတော့ ကျန်တဲ့လူတွေက မကျေမနပ်ဖြစ်ပြီး လိုက်ရှာကြပုံရတယ်"

"သံပချိုင်တို့ ဇမုန်းထန်တို့က သူနဲ့အတူတူ လက်တွဲခဲ့ကြတဲ့သူတွေ ဖြစ်မှာပေါ့နော်"

"ဟုတ်ပါတယ် သူတို့က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရတနာတွေကို စုံစမ်းနေတဲ့ သူတွေပေါ့၊ ပက်ထရစ်ဟာ လူတွေမြင်ကွင်းက ခြေရာဖျောက်နေတဲ့အချိန်မှာ ဒေါ်မာရီယာတို့နဲ့အတူ နေခဲ့တာဖြစ်နိုင်တယ်"

"သူတို့နေတဲ့ လေးထပ်တိုက်ကြီးကို နေ့ရောညပါ တံခါးတွေ အမြဲပိတ်ထားတာ ဒါကြောင့်ဖြစ်မှာပဲ"

"ဖြစ်နိုင်ပါတယ် အမြဲတမ်းတံခါးတွေပိတ်ပြီး အပြင်လူတွေနဲ့ အဆက်အသွယ်ဖြတ်ထားတော့ အထဲမှာ ဘယ်သူတွေနေမှန်း မသိကြရဘူးပေါ့၊ ပက်ထရစ်ဟာ သူသေကာနီးမှာ ပိုးရွှေတောင်နဲ့ မြေပုံကို ဒေါ်မာရီယာကို ပေးထားခဲ့တဲ့ပုံပဲ"

"ဒီအကြောင်းကို သံပချိုင်က ရိပ်မိတော့ နည်းမျိုးစုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ရအောင် ကြိုးစားရင်းက မမျှော်လင့်ပဲ လူသတ်မှုတွေ ဖြစ်ကုန်တော့တာပဲ. . . ”

“ဒါကတော့ ဖြစ်ချိန်တန်လို့ ဖြစ်ကြတယ်လို့ပဲ ဆိုရမယ်။ ဟဲ စောစောက သဲလွန်စကောက်ပုံကို ပြန်စကြရအောင်. . . အဝတ်စနဲ့ လုပ်ထားတဲ့ စက္ကူကို မီးအပူပေးပြီး ကြည့်တော့ ဗိုးမွေထောင်ပုံတွေရတယ်၊ အောက်ဘက်မှာ ပက်ထရစ်နာမည်နဲ့ အတိုကောက်တွေ့ရတယ်၊ အဲဒီနှစ်ခုကြားမှာတော့ သင်္ကေတနဲ့ ရေးထားတဲ့စာအချို့ တွေ့ရပြန်တယ်. . ”

“အတော်လေး ရှုပ်ထွေးတာပဲကိုး”

“ထင်သလောက်တော့ မခက်ပါဘူး၊ ပုံသဏ္ဌာန်တွေကတော့ ဒူးဂဏန်း ကြေးဂဏန်းရေးတဲ့ စာမျိုးတွေပါပဲ၊ ကျွန်တော် စဉ်းစားမိတာက ပက်ထရစ်ဟာ ပညာရှင်တစ်ယောက် မဟုတ်ဘူး၊ ပင်လယ်ဓားပြတစ်ယောက်ဆိုတော့ ခက်ခဲတဲ့ လျှို့ဝှက်စာမျိုးတွေတော့ ရေးမယ်မထင်ဘူးလို့ တွေးမိတယ်”

“ဒါဖြင့် မောင်ကျော်စွာ ဒီလျှို့ဝှက်သင်္ကေတနဲ့ ရေးထားတဲ့စာတွေရဲ့ အဓိပ္ပာယ်ကို ဖော်နိုင်ခဲ့တယ်ပေါ့”

“မှန်ပါတယ် သိချင်တာတွေရှိရင်၊ ဒါမှမဟုတ် မသေချာတဲ့ အချက်တွေရှိရင် မောင်ဘသော်ရဲ့ စာအုပ်ခန်းသွားပြီး ရှာရတာတွေလည်း ရှိပါတယ်”

“ဒါကြောင့် ဟိုတစ်လောက တစ်ယောက်တည်း အလုပ်တွေရှုပ်နေတာကိုး”

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြရင်း စားပွဲ





ပေါ်မှာချထားသော ကော်ဖီပန်းကန်ကိုယူပြီး မော့သောက်လိုက်သည်။ ပြီးမှ စကားပြန်ဆက်လေသည်။

“ပက်ထရစ်ဟာ အင်္ဂလိပ်လူမျိုးတစ်ယောက်ဆိုတော့ တကယ်လို့ သူရေးချင်တဲ့စာကိုလည်း အင်္ဂလိပ်ဘာသာနဲ့ ရေးမှာပဲလို့ ခန့်မှန်းမိတယ်”

“ဒါကတော့ ဖြစ်နိုင်တာပေါ့”

“ဒူးဂဏန်း ကြေးဂဏန်းလိုမျိုးရေးထားတဲ့ လျှို့ဝှက်စာတွေက အပိုဒ်ခွဲရေးထားတာမဟုတ်ပဲ အတန်းလိုက်ဆွဲရေးထားတာကိုလည်း တွေ့ရတယ်၊ တကယ်လို့သာ စာပိုဒ်တွေကို ခွဲရေးထားမယ်၊ ပုဒ်ဖြတ်တွေ ပုဒ်မတွေ ခြားထားရင်တော့ အဖြေရှာရတာ ဒီထက်လွယ်မှာပေါ့”

ကျန်နှစ်ယောက်က ဘာမှ ဝင်ပြီးမှတ်ချက်မပေးပဲ နားထောင်ရုံသာ နားထောင်နေကြသည်။

“တကယ်လို့ စာပိုဒ်တွေခွဲထားမယ်ဆိုရင် ဥပမာ အက္ခရာတစ်လုံးထဲနဲ့ စကားလုံးတစ်လုံးဖြစ်တဲ့ အေ(A) သို့မဟုတ် အိုင်(I)ဆိုတဲ့ စာလုံးတွေကနေ အစကောက်ပြီး တဖြည်းဖြည်းချင်း အဖြေရှာသွားလို့ ရနိုင်တာပေါ့၊ ဒါပေမယ့် ပက်ထရစ်ရဲ့ လျှို့ဝှက်စာတွေက ဒီလိုမဟုတ်ဘူး၊ အားလုံး တန်းစီပြီး ရေးထားတာဆိုတော့. . . ”

“ဒီတော့ မောင်ထင်ကျော်ဘယ်လို အဖြေကောက်ပြီး အဖြေရှာသလဲ ပြောပါဦး”

“အများဆုံးပါတဲ့ ဂဏန်းကနေ. . အရင်ဆုံးပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းတွေကို စာရွက်ပေါ်မှာ ချရေးကြည့်ရတာပေါ့၊ အင်္ဂလိပ် အက္ခရာမှာ အများဆုံးအသုံးများတဲ့ အက္ခရာက အီး(E)အက္ခရာ ဖြစ်ပြီး ဒုတိယအများဆုံးသုံးတဲ့ အက္ခရာက အေ(A)အက္ခရာပဲ ကျွန်တော်တို့ မြန်မာအက္ခရာတွေမှာလည်း အများဆုံးသုံးတဲ့ အက္ခရာနဲ့ အနည်းဆုံးအသုံးပြုတဲ့ အက္ခရာတွေ ရှိတယ်. . ”

“ငယ်ငယ်ကတည်းက ကကြီးခခွေး သင်လာခဲ့တာ နှစ်ပေါင်း(၅၀)ကျော်လာပြီ၊ တစ်ခါမှ မတွေးမိခဲ့လို့ ဘယ်ဟာများတယ် ဘယ်ဟာနည်းတယ် ဆိုတာတောင် မသိတော့ပါဘူး ပြောပါဦး မောင်ထင်ကျော်ရဲ့”

“မြန်မာဗျည်း အက္ခရာ(၃၃)လုံးမှာ အသုံးအများဆုံး အက္ခရာက မ,အက္ခရာပဲ၊ မ,အက္ခရာကို (၁၃၇၀)ထိ သုံးစွဲလို့ ရတယ်၊ နောက်အများဆုံးကတော့ က,ကြီးအက္ခရာပဲ (၁၇၈) ကြိမ် သုံးလို့ရတယ်၊ နောက်ထပ် ဒုတိယ အသုံးအများဆုံးက အ.အက္ခရာဖြစ်ပြီး အကြိမ်အရေအတွက် (၁၀၄၀)အထိ အသုံးပြုနိုင်ရတယ်”

အသုံးပြုခွင့် အနည်းဆုံး အက္ခရာကတော့ ဠ,ကြီး အက္ခရာပဲ ဖြစ်တယ်”

“ဝိတ်ဝင်စား စရာပါပဲ”

“ဒီလို အင်္ဂလိပ်အက္ခရာမှာလဲ အသုံးပြုမှုအရေအတွက် အများဆုံးက အီး,အက္ခရာဖြစ်ပြီး၊ ဒုတိယအများဆုံးက အေ, အက္ခရာဖြစ်တယ်၊ သူ့နောက်မှာတော့ အစဉ်လိုက်အတိုင်း အိုင်, ဒီ, အိတ်ချ်, အယ်န် (I .D .H .N)စတဲ့ အက္ခရာတွေက အသုံး





ပြုမှု အများဆုံးဖြစ်တာ တွေ့ရတယ်. . ”

“ပြောပါဦး”

“ဒီအချက်ဟာ သူရဲ့လျှို့ဝှက်စာကို ဖော်ထုတ်တဲ့နေရာမှာ အခြေခံအချက်ဖြစ်လာတာပေါ့၊ သူရဲ့လျှို့ဝှက်စာကို ဖော်ထုတ်ကြည့်တော့ ရှစ်ဂဏန်း(8)ဟာ သုံးဆယ့်သုံးလုံးတောင်ပါတာတွေ့ရတယ်၊ ဒီတော့. . . အများဆုံးအသုံးပြုထားတဲ့ (8) ဂဏန်းကို (E)အက္ခရာလို့ သတ်မှတ်လို့ရတယ်. . . ”

“တယ်လည်း အတွေးကောင်းပါလား. . . ”

“နောက်တစ်ချက်က အီး(E)အက္ခရာဟာ နှစ်လုံးဆင့် အများဆုံး အသုံးပြုတဲ့ အက္ခရာပဲ၊ နောက်ပြီး လျှို့ဝှက်စာမှာ (8)ဂဏန်းနှစ်လုံး သုံးလုံးဆင့်တွေကလည်း မကြာခဏတွေ့ရတော့ (8)ဟာ (E)အက္ခရာဖြစ်တဲ့အချက် သေချာသွားတယ်”

“ဟုတ်ကဲ့”

“နောက်တစ်ခါ အင်္ဂလိပ်ဘာသာမှာ (The)ဆိုတဲ့ စာလုံးကိုလည်း အများဆုံးအသုံးပြုကြတယ် မဟုတ်လား၊ ဒီတော့ လျှို့ဝှက်စာမှာ အများဆုံးပါတဲ့ သုံးလုံးတွဲကို ရှာကြည့်တော့ (48) ဆိုတဲ့ အတွဲကို တွေ့ရတယ်”

“ဒီတော့က (T) အက္ခရာ *4* က*(H)*၊ အက္ခရာ ဖြစ်တာ အက္ခရာရယ်လို့ အဖြေထုတ်ယူလို့ ရလာတယ် ဒီနည်းနဲ့ကြိုးစားပြီး အဖြေထုတ်တဲ့အခါ ဒီလိုဇယားတစ်ခု ထွက်လာတယ်. . . ”

ဒေါက်တာမင်းထင်ကျော်က စာရွက်လွတ်တစ်ရွက်ပေါ်မှာ ဖောင်တိန်ဖြင့် အောက်ပါအတိုင်း ရေးပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



5 = a

8 = e

3 = g

4 = h

6 = j

စသည်တို့ တွေ့ရသည်။

"ဒီဂဏန်းတွေနဲ့ သူတို့ရဲ့ ကိုယ်စားလှယ် အက္ခရာတွေကို အစားထိုးလိုက်တော့ ပင်လယ်ဓားပြကြီး ပက်ထရစ်ရဲ့ ဒူးကဏန်း ကြေးကဏန်းတွေနဲ့ လျှို့ဝှက်ပြီးရေးထားတဲ့ စာတွေကဟောဒီလို အဖြေထွက်လာတော့တာပါပဲ"

ဟုပြောပြီး အင်္ဂလိပ်ဘာသာဖြင့် စာပိုဒ်အချို့ကိုရေးပြလေသည်။

"A good glass in the bishop's hostel in the devils seat forty one degrees and thirteen minutes northeast and by north main branch seventh timb east side shoot from the left eye of the death's head a bee Live from the tree through the shot fifty feet out..."

"ဒီစာလုံးတွေ စာပိုဒ်တွေကို အဓိပ္ပာယ်ပြန်လိုက်ရင် 'သင်းအုပ်ဂေဟာ နတ်ဆိုးကုလားထိုင်တည်း မှန်ကောင်းတစ်ခုလေးဆယ့်တစ်ဒီဂရီ ဆယ့်သုံးမြင့် အရှေ့မြောက်နှင့် မြောက်ယွန်းကိုင်းမကြီး သတ္တမအရှေ့ဘက် ကျီစေ့ခေါင်းခွံ လက်ဝဲမျက်





စေ့ကပစ် သစ်ပင်မှဒဏ်ရာကိုဖြတ် မျဉ်းဖြောင့်ပေ(၅၀)အကွာ' ဆိုတဲ့ အဓိပ္ပာယ်တွေရလာတယ်"

"စာတွေကလည်း ရှုပ်နေတာပဲ ဘယ်လိုအဓိပ္ပာယ်နဲ့များ ဒီလိုအစီအစဉ်မကျ ရေးထားခဲ့တယ် မသိဘူး"

"ဝှက်စာတွေ ရေးထားတာဆိုတော့ တခြားသူ မသိစေချင်လို့ လျှို့ဝှက်ပြီး ရေးထားကြတာဆိုတော့ ကိုယ်သင်္ကေတနဲ့ ကိုယ် ကိုယ်သိတဲ့နည်းနဲ့ကိုယ် ရေးကြတာမျိုးဆိုတော့ တခြားသူဖတ်ရင်လည်း အဓိပ္ပာယ်သိဖို့ခဲ ယဉ်းတယ်"

"ဆက်ပါဦး... ဒီလောက်ခက်တာကို ဘယ်လိုများ အဓိပ္ပာယ်ဖော်ခဲ့တယ်ဆိုတာ..."

"ပထမတော့ ကျွန်တော်လည်း ဘယ်နားလည်ပါ့မလဲ၊ ဒီတော့ လျှို့ဝှက်တဲ့နည်းနဲ့ အတန်းလိုက်ရေးထားတဲ့ စာတန်းကို အရင်ဆုံး ပုဒ်ဖြတ်တွေ လိုက်ဖြတ်ပြီး ခြားကြည့်လိုက်တယ် ဒီလိုခြားကြည့်တော့ စာပိုဒ်တွေကွဲလာတယ်၊

သင်းအုပ်ဂေဟာ နတ်ဆိုးကုလားထိုင်၊ မှန်ကောင်းတစ်ခုလေးဆယ့်တစ်ဒီဂရီ ဆယ့်သုံးမျှင်၊ အရှေ့မြောက်နှင့် မြောက်ယွန်း၊ ကိုင်းမကြီး သတ္တမ အရှေ့ဘက်၊ ကျီစေ့ ခေါင်းခွံ လက်ဝဲမျက်စိကပစ်၊ သစ်ပင်မှ ဒဏ်ရာကိုဖြတ် မျဉ်းဖြောင့် ပေ(၅၀) အကွာ...

စတဲ့ စာပိုဒ်တွေ ပေါ်လာတယ်"

"တဖြည်းဖြည်းနဲ့တော့ အဓိပ္ပာယ်ပေါ်လာသပေါ့"

"ဒီတော့ ဒီနေရာတစ်ဝိုက်မှာ သင်းအုပ်ဂေဟာ ရှိများ



www.burmeseclassic.com

www.burmeseclassic.com



ရှိသလားလို့ အရင်ဆုံး စုံစမ်းကြည့်ရတယ်၊ ဒါပေမယ့် ဘယ်သူမှ မသိဘူး ဒီတော့ မောင်ဘသော်ဆီမှာရှိတဲ့ မှတ်တမ်းတွေထဲမှာ ဒသလတွတ်ကျွန်းနဲ့ ပတ်သတ်ပြီး ရေးထားတဲ့ ရှေးမှတ်တမ်းတွေကို လေ့လာကြည့်ရတယ်"

"ဟုတ်ကဲ့"

"ဒီတော့ ကျွန်းပေါ်မှာ အရင်တုန်းက မစ္စတာဘီးဆော့(ပ်)ဆိုတဲ့ လူချမ်းသာကြီးတစ်ယောက် ရှိခဲ့ဘူးတဲ့အကြောင်းကို တွေ့ရတယ်၊ ဒါကြောင့်. . ဒီအကြောင်းကိုသိမှီတဲ့ အဘွားကြီးတစ်ယောက်နဲ့ တွေ့ပြီး မေးကြည့်ရတယ်"

"ဟုတ်ကဲ့"

"အဘွားကြီး ပြောပြတာက မစ္စတာဘီးဆော့(ပ်) နေသွားခဲ့တဲ့နေရာမှာ ကျောက်တောင်ကြီးတစ်ခုရှိတယ်တဲ့၊ အဲဒီကျောက်တောင်ကြီးကို ဘီးဆော့(ပ်)ဂေဟာလို့ ခေါ်ခဲ့ကြတယ်၊ အဲဒီမှာ စဉ်းစာစရာက ပက်ထရစ်က လျှို့ဝှက်စာရေးတဲ့နေရာမှာ ဘီးဆော့(ပ်)ကို အမှတ်မှားပြီး ရေးနိုင်တယ်ဆိုတာ သဲလွန်စရတယ်"

"တော်ပါပေတယ်. . ."

"နောက်တော့ အဲဒီအဘွားကြီးကိုပဲ ပိုက်ဆံပေးပြီး အဲဒီနေရာကို လိုက်ပြခိုင်းရတယ်၊ တောင်ကုန်းပေါ်ရောက်တော့မှ နတ်ဆိုးကုလားထိုင် ဆိုတာကို ဘယ်လို ရှာရမှန်းမသိအောင်ဖြစ်သွားရတယ်၊ ဒါနဲ့ပဲကြိုးစားလက်စနဲ့ တောင်ကုန်းတစ်ဝိုက်ကို လိုက်ကြည့်တော့ အရှေ့ဘက်မျက်နှာ ကျောက်စွန်းတစ်ခု ထိုး





ထွက်နေတာကို သတိပြုမိလိုက်တယ်"

"ဟုတ်ကဲ့"

"အဲဒီနေရာသွားကြည့်တော့ ကျောက်ဆောင်ရဲ့အထက်က ကျောက်နံရံမှာ ချိုင့်ခွက်တစ်ခုကို တွေ့ရတယ်၊ ခွက်နေတဲ့နေရာနဲ့ ထောင်နေတဲ့ ကျောက်စွန်းကို ပေါင်းစပ်ကြည့်တော့ ကျောက်ကုလားထိုင်ကြီးတစ်လုံးနဲ့ အတော်တူတယ် ဆိုတာကို တွေ့ရတယ်၊ ဒါကြောင့် ပက်ထရစ်ညွှန်းခဲ့တဲ့ နတ်ဆိုးကုလားထိုင်ဟာ ဒါပဲဖြစ်ရမယ်လို့ ကောက်ချက်ချလိုက်တယ်"

"အတော်နီးစပ်လာပြီလို့ ဆိုရမယ်"

"နောက် သူ့စာထဲမှာပါတဲ့ မှန်ကောင်းတစ်ခုဆိုတာက တော့ တခြားမဟုတ်ပါဘူး၊ ရှေးခေတ်က ပင်လယ်ဓားပြတွေဟာ သူတို့သုံးတဲ့ မှန်ပြောင်းကို မှန် ဒါမှမဟုတ် မှန်ကောင်းလို့ ခေါ်ကြတယ်လေ"

"ဟုတ်ကဲ့"

"ဒီတော့ နတ်ဆိုးကုလားထိုင်လို့ခေါ်တဲ့ ကျောက်စွယ်ကုလားထိုင်ထဲကနေ မှန်ပြောင်းတစ်ခုနဲ့ လေးဆယ့်တစ် ဒီဂရီ ဆယ့်သုံးမြှင့်ဖြင့် အရှေ့မြောက်နဲ့ မြောက်ယွန်းယွန်းဘက်ကို ကြည့်လိုက်တော့ အခြားသစ်ပင်တွေအပေါ်မှာ ကျော်ထွက်နေတဲ့ ထင်းရှူးပင်ကြီးကို တွေ့ရတော့တာပါပဲ"

"အင်း. . ဒီလိုကြိုးစားအားထုတ်ခဲ့လို့ [illegible] တာပဲကိုး. . ."

"အညွှန်းစာထဲမှာပါတဲ့အတိုင်း သစ်ပင်ကြီးရဲ့ သတ္တမ



www.burmeseclassic.com

www.burmeseclassic.com



မြောက်ကိုင်း၊ အရှေ့ဘက်ကိုအားကောင်းတဲ့ မှန်ပြောင်းနဲ့ အသေအချာကြည့်တော့ ထူးခြားတဲ့ အဖြူစက်တစ်ခုကို မြင်ရတယ်၊ အမှိုးခေါင်းဖြစ်တယ်တော့ မသိရသေးပေမယ့် သစ်ကိုင်းပေါ်မှာ ထူးခြားတာတစ်ခုခု ရှိနေတာတော့သိလိုက်ရတယ်. . . ”

“ဟုတ်ကဲ့”

“ဒီတော့ စာထဲမှာပါတဲ့ သတ္တမမြောက် အရှေ့ဘက်ဆိုတာ သစ်ပင်ကြီးရဲ့သတ္တမ မြောက်သစ်ကိုင်းရဲ့ အရှေ့ဘက်မှာတင်ထားတဲ့ ဖြူဖြူအရာဝတ္ထုကို ညွှန်းတယ်ဆိုတာ သေချာသွားတာပေါ့၊ အဲဒီနောက်တော့. . မောင်ကျော်စွာကိုယ်တိုင်ဆောင်ရွက်ခဲ့တဲ့ ဦးခေါင်းခွံရဲ့ လက်ဝဲဘက်မျက်လုံးက ပစ်ပါဆိုတဲ့ အညွှန်းအတိုင်း ပိုးရွှေတောင်ကို ချလိုက်တယ်၊ နောက်တစ်ချက်က သစ်ပင်က မျဉ်းဖြောင့်ဒဏ်ရာ ဖြတ်ဆွဲပေ(၅၀)ဆိုတာပါတော့ ဒဏ်ရာဆိုတာ ပိုးရွှေတောင်ကျတဲ့နေရာဟာ ဒဏ်ရာပဲပေါ့၊ အဲဒီနေရာကနေ ပေ(၅၀)အကွာအဝေး မျဉ်းဖြောင့်ဆွဲပြီး ဒဏ်ရာတဲ့အခါမှာ ပင်လယ်ဓားပြကြီး ပက်ထရစ် လျှို့ဝှက်မြှုပ်နှံထားတဲ့ ရတနာသေတ္တာကို ပြန်တွေ့ရတော့တာပါပဲ”

“ဒေါ်ပါပေတယ် မောင်ထင်ကျော်ရယ် ဒါထက် သူက မျက်လုံးပေါက်ထဲက ကျည်ဆံတစ်ခုကို ကြိုးနဲ့ဆွဲပြီး ချခိုင်းတာလည်း မဖြစ်နိုင်ဘူးလား”

“ဒါလည်းဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စတွေမှာ ပိုးရွှေတောင်က အဓိကဖြစ်နေတော့ သူနဲ့လုပ်တာ မမှားဘူးပေါ့. . . နောက်တစ်ချက်က ကျည်ဆံအလေးချိန်ထက် ပိုးရွှေတောင်က ပိုပြီး အလေးချိန်များတယ် မဟုတ်လား ဒီတော့. . အောက်ကိုကျတဲ့နေရာ မလွဲနိုင်တော့ဘူးပေါ့”

“ဒါဖြင့် ကျင်းထဲမှတွေ့တဲ့ လူအရိုးတွေက ရတနာသေတ္တာကို မြှုပ်နေတဲ့လူတွေကို သတ်ထားခဲ့တာ သေချာတာပေါ့နော်”

“ဒါပဲရှိမှာပေါ့၊ ဒါကြောင့် တူရွင်းတွေ ဂေါ်ပြားတွေနဲ့ တွေ့ရတာပေါ့”

ဟုပြောဆိုရှင်းပြပြီး ကော်ဖီပန်းကန်ကိုယူပြီး သောက်လိုက်သည်။

ပြီးမှ စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာနေလေသည်။

ထိုအခါ ဦးဗန်ကောင်းက ပြောသည်။

“ပက်ထရစ်ဆိုတဲ့ ပင်လယ်ဓားပြကြီးဟာ သူလုပ်နေတဲ့ အလုပ်နဲ့ ဆန့်ကျင်ဘက်ဖြစ်အောင် အတွေးအခေါ် တောင်ဆိုရတယ်”

“ဒါကတော့ အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ လေ့လာသင်ယူတာနဲ့က တစ်ထပ်တည်း ကျချင်မှကျမှာပေါ့၊ သူနဲ့ ခေတ်ပြိုင်ရင်းချာတော်စပ်တဲ့ မောင်ဘသော်ကိုပဲ ကြည့်ပါလား သူ့အိမ်မှာစုဆောင်းထားတဲ့ ကျမ်းစာအုပ်တွေ ရှေးဟောင်းစာအုပ်တွေဆိုရင် စာကြည့်တိုက်တစ်လုံးစာလောက်ရှိတယ်၊ သူ့အိမ်မှာ အသုံးအဆောင်ပစ္စည်းတွေကို သိမ်းထားတာတွေလည်း အများကြီးရှိတယ်”

“ဘာတွေများလဲ မောင်ထင်ကျော်ရဲ့”







www.burmeseclassic.com

www.burmeseclassic.com



"ရှေးကအသုံးအဆောင်တွေ များပါတယ်၊ အဲဒီအထဲကမှ မောင်ဘသော်က ကျွန်တော်ကို သူ့အဘိုးရှိစဉ်က အမြဲဆောင်ထားတဲ့ အဆောင်ပစ္စည်းတစ်ခု လက်ဆောင်ပေးလိုက်တယ်"

"ဘာများပါလိမ့်"

ဒေါက်တာမင်းထင်ကျော်က သားရေအိတ်တစ်လုံးဖြင့် ထည့်ထားသော ရွှေဒင်္ဂါးပြားတစ်ချပ်ကို ထုတ်ပြလေသည်။

အခြားမဟုတ်ပေ. . .။

"အဘရာကာဒါဘရာ မန္တရားအင်း (Abracadabra) ချပ်ပင်ဖြစ်တော့သည်။

ထိုအင်းချပ်က ရှေးလူတို့ အဆောင်အဖြစ် အသုံးပြုခဲ့ကြသည်။

ဇီဝတွင်းထွက်နှင့် အဇီဝတွင်းထွက်တို့ အပါအဝင် အမျိုးမျိုးသော ကျောက်မျက်ရတနာတို့မှာ လူသိများသော အဆောင်တို့တွင် ပါဝင်ခဲ့ကြပေသည်။

အချို့သောကျောက်မျက်တို့မှာ ထူးဆန်းထွေပြားသော သင်္ကေတများ အချို့မှာမူ အံ့ဖွယ်ဖြစ်ရပ်တို့ဖြင့် ဝန်းရံလျက်ရှိကြသည်။

ကမ္ဘာအနှံ့တွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များကို သာဓကအဖြစ် လေ့လာနိုင်ပေသည်။

မြောက်အာဖရိကတိုက်ရှိ အလက်ဇန်းဒရီးယားမြို့တော်ကြီးသည် တဲကလေးများသာရှိသော ရွာငယ်လေးတစ်ရွာ





အစပြုခဲ့ပေသည်။

တည်နေရာမှာမူ ကမ္ဘာ့တုန်သွယ်ရေးလမ်းကြောင်း၏ ဆုံချက်ကို ခွလျက်တည်ရှိနေလေသည်။

ထိုမှတစ်စတစ်စဖြင့် အရှေ့အလယ်ပိုင်း၏ ငွေပွားရေးနှင့် ယဉ်ကျေးမှုဗဟိုဌာနကြီး ဖြစ်လာပေတော့သည်။

ပါရှား(ယခု အီရန်)၊ အိန္ဒိယ၊ အာရှမိုင်းနား စသည့်ရောမတို့သိမ်းပိုက်ထားသည့် နိုင်ငံတို့မှ ကုန်သည်ရောင်းဝယ်သည့် ကုန်ပစ္စည်းများကို ဆိမ်းထိန်ထိန်ညီးသော အလယ်ဇန်းဒရီးယားမြို့တော်ကြီးသို့ ယူဆောင်လာကာ ရောင်းဝယ်ဖောက်ကားကြသည်။

ကုန်သည်များသည် သူတို့၏ ယဉ်ကျေးမှု၊ ယုံကြည်မှု၊ ဘာသာအယူဝါဒနှင့် ဓလေ့ထုံးထမ်းများကိုလည်း သယ်ဆောင်လာကြသည်။

## နော့စတစ်ဘာသာရေး [illegible] (The Gnostics)

အလက်ဇန်းဒရီးယားမြို့တော်၏ စည်ကားသောလမ်းများတွင် နေထိုင်ကြသောသူများအနက် သူတို့ကိုယ်သူတို့ "နော့စတစ်"ဟု ခေါ်ကြသည့် ဘာသာရေးဂိုဏ်းတစ်ဂိုဏ်းလည်း ရှိခဲ့သည်။

နော့စတစ်၏အဓိပ္ပါယ်မှာ "အရာရာကို သိမြင်သောသူများ"ဟု အဓိပ္ပာယ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုးနှင့်အကောင်းကြား ပဋိပက္ခရှိသော ထိုအသိ ဉာဏ်ကို ဆိုသူတို့ကသာ ရရှိထားသည်ဟု ဆိုသည်။

အခြားအဆင့်အတန်းနိမ့်သော သူများတွင် မရှိသူ သူတို့က အယူရှိ၏။

ရှေးဟောင်းကိုးကွယ်မှုများမှ အဆိုအမိန့်များ၊ ဓလေ့ထုံး စံများ၊ အဆောင်အယောင်များကိုလည်း ထိုသူများက လက်ခံ ကျင့်သုံးကြသည်။

နော့စတစ်တို့သည် အရေအတွက်အားဖြင့် လျင်မြန်စွာ များပြားလာကြပြီး သူတို့ကို နောက်ဆုံးတွင် ဒိဋ္ဌိအယူရှိသူများအ ဖြစ် ကော့(ပ)တစ်(Coptic) ဘုရားရှိခိုးကျောင်းမှ ဝိုင်းပယ်ခဲ့ကြ သည်။

နော့စတစ်တို့သည် သူတို့၏ဘုရားသခင် "အဘရက် ဆာ" (Abraxas)ကို တစ်ဦးတည်းသော အမြင့်မြတ်ဆုံးပုဂ္ဂိုလ် ဟု ယူဆထားကြသည်။

ဘုရားသခင် "အဘရက်ဆာ"(Abraxas)မှာ ခန္ဓာကိုယ် ဟူ၍ မရှိပေ။ လူသားတို့၏ လက်အစုံနှင့် ကြက်ဖမြီးကောင် ခေါက်၏ ဦးခေါင်းတို့သာ ရှိ၏။

ကြောင်မြင်နိုင်စွမ်းရှိသည် ဟူသောအသွင်ကို ဆောင် သည်။

ခြေထောက်များကမူ မြွေနဂါးများဖြင့် ဖွဲ့စည်းထား သည်။ လက်တစ်ဖက်တွင် အသိပညာတည်းဟူသော ဒိုင်းကြီး ကိုကိုင်ထား၍ ကျန်လက်တစ်ဖက်တွင် တန်ခိုးက္ကဒ္ဒိပါဒ်ဟူသော





ကြာပွတ်ကို ကိုင်ဆောင်ထားသည်၊

"အဘရက်ဆာ"ရုပ်ပုံကို အဆောင်များ လက်ဖွဲ့များ တွင် ရေးထိုး၍ ဆောင်ထားကြ၏။

များသောအားဖြင့် ထိုလက်ဖွဲ့များကို ချာစီဒိုနီ (Chal- cedony) အုပ်စုဝင်ဖြစ်သော ကာနယ်လီယံကျောက် (Carne- lian)၊ အဂိတ်ကျောက်(Agate)၊ ဗလတ်စတုန်း(Blood stone)၊ ဂျက်စပါကျောက်(Jasper)၊ အောနစ်ကျောက်(Onyx) တို့ဖြင့် ပြုလုပ်ထားကြသည်။

နော့စတစ်ဘုန်းတော်ကြီးများ၏ တစ်ခုသောတာဝန်မှာ ထင်းကျောက်များမှ အဆောင်လက်ဖွဲ့များပြုလုပ်ရန် ဒီဇိုင်းပုံများ ရွေးချယ်ပေးရခြင်းဖြစ်သည်။

## အဘရကာဒါဘရာ (Abraca dabra) မန္တရား

အချို့သောအဆောင်လက်ဖွဲ့များတွင် ဂမ္ဘီရတန်ခိုးများ ရှိသည်ဟူသော စကားလုံးများကို ရေးသားထားကြသည်။

ထင်ရှားသောစကားလုံးတစ်ခုမှာ ရှေးဟောင်း စူမာ ဘာဘီလုံနီးယန်း (Sumer BabyLonian) ယဉ်ကျေးမှုမှ ရရှိ သော စကားလုံးဖြစ်ပြီး ယခုအခါ ကွယ်ပျောက်လျက်ရှိနေပြီ။

ယင်းမန္တရားကို ယနေ့တိုင် အသုံးပြုလျက်ရှိပြီး အာရှ နှင့် ဥရောပအလယ်ပိုင်းဒေသတွင် အသုံးများသေးသည်။

ထိုစကားလုံး၏ အရင်းအမြစ်မှာ ရှေးဟောင်း "ရှူဘင်"



www.burmeseclassic.com

www.burmeseclassic.com




(Chaldean)စကားမှ ဆင်းသက်လာခြင်းဖြစ်သည်။

"အဘရာဒိတ် ဒါဘရာ"(Abradake dabra) ဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ စကားလုံးဝေါဟာရအလိုက် ဖျက်ဆီးနိုင်စွမ်း ရှိသည်ဟုဆိုသည်။

ယင်းမှတဖြည်းဖြည်း "အဘရာကာဒါဘရာ" (Abracadabra) ဖြစ်လာသည်ဟုဆိုလေသည်။

ယင်းယန္တရားကို ရေးသားရာတွင် ဖော်ပြထားသည့်အတိုင်း စာလုံးတစ်လုံးစီကိုမြှုပ်၍ နောက်ဆုံးစာလုံး 'အေ'(A) ကျန်သည်အထိ ရေးရမည်ဖြစ်ပါသည်။








ယင်းအဆောင်ကို (၁၆၆၅)ခုနှစ် အင်္ဂလန်တွင် ပလိပ်ရောဂါအကြီးအကျယ် ဖြစ်ပွားရာ၌ အာရုံသမားတော်များက အသုံးပြုခဲ့ကြသည်ဟုဆိုသည်။

## ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်လာချိန်

ဒုတိယမြောက် ရာစုနှစ်တွင် နော့စတစ်ဝါဒ ကျဆုံးပြီးသည်။ ရောမအင်ပါယာကြီးက ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်လာကြပြီး အခြားအယူဝါဒဘာသာများကို တွန်းလှန်ခဲ့ကြသည်။ သို့ရာတွင် ကိုးကွယ်မှုအသစ်သည်လည်း အဆောင်လက်ဖွဲ့များဆောင်ခြင်းဓလေ့ကို ပယ်နိုင်စွမ်းမရှိချေ။

နော့စတစ်ဘုန်းတော်ကြီးများကလည်း အဆောင်လက်ဖွဲ့များကို ဆက်လက်ပြုလုပ်နေလျှက် ရှိကြလေသည်။

ထိုအချိန်မှစ၍ ရောမတို့အုပ်စိုးခဲ့သော အရှေ့အလယ်ပိုင်းနိုင်ငံများတွင် လုပစ္စာထုလုပ်ထားသော 'အဘရက်ဆာ'(Abraxas) ကျောက်မျက်များကို အဆောင်အဖြစ်ဆက်လက်အသုံးပြုခဲ့ကြပေသည်။

## ဂဏန်းဗေဒင် သင်္ကေတများ

အဆောင်လက်ဖွဲ့များတွင် ဂဏန်းဗေဒင် သင်္ကေတများကို ထွင်းထုထားတတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုတိန်းဂဏန်းများတွင်သော်လည်းကောင်း၊ စကားလုံး (သို့မဟုတ်)စကားစုများတွင်သော်လည်းကောင်း ထူးဆန်းသော တန်ခိုးများရှိသည်ဟု ယုံကြည်ကြသည်။

ယင်းယုံကြည်မှုကို နှေ့စတာစ်ဘုန်းတော်ကြီးများနှင့် ရှေးကျသော ခရစ်ယာန်သာသနာဝင်တို့က ကျွမ်းကျင်စွာ အသုံးပြုခဲ့ကြပြီး အောက်ပါအတိုင်း အစီအရင်ပြုလုပ်ခဲ့ကြပေသည်။

ဂရိအက္ခရာတစ်လုံးကို ကိန်းဂဏန်းတစ်ခုဖြင့် တွဲဖက်ထား၏။

ကိန်းဂဏန်းတို့မှာ တစ်ခုချင်း အရေးမပါသော်လည်း အားလုံးစုပေါင်းလိုက်သောအခါ အက္ခရာစုဖြင့် တွဲဖက်၍ အကျိုးသက်ရောက်မှု ရှိလာသည်။

ဥပမာ ဆိုရပါမူ. . .

အမည်နာမတစ်ခုသည် ဖုံးကွယ်ထားသော တန်ခိုးသတ္တိများ ရှိနေသကဲ့သို့ပင် ဖြစ်သည်။

တစ်ခါတစ်ရံ အက္ခရာများကို ဝေဒပညာအားဖြင့် ချာစီဒိုနီ (Chalcedony) အုပ်စုဝင် ကျောက်တစ်မျိုးမျိုးပေါ်တွင် စီရင်ထားသော ပုံသေနည်းတို့ဖြင့် တွဲဖက်ကာ ကောင်းကျိုးကို ဖြစ်ပွားစေသည်ဟူသော ယုံကြည်မှုကို ကျင့်သုံးလာကြပါသည်။

၎င်းသည်မှာ မြန်မာတို့တွင် ကိန်းဂဏန်းများ၊ အက္ခရာစာလုံးများကို "အင်းများ၊ စမများ" ပြုလုပ်၍ အန္တရာယ်အမျိုးမျိုးမှ ကာကွယ်ရန်နှင့် အခြားရည်ရွယ်ချက်အမျိုးမျိုးတို့အတွက် အသုံးပြုသည်နှင့် ဆင်တူပေသည်။





ထိုမန္တရားအင်းချပ်ကို မြင်သောအခါ ကျန်နှစ်ယောက်တို့မှာ များစွာအံ့သြနေကြလေသည်။

"အင်း. . . ဘယ်လူမျိုးမှာပဲဖြစ်ဖြစ် ယုံကြည်မှုအဆောင်ယတြာတွေကတော့ ရှိကြတာပါပဲလား"

"သူက ပင်လယ်ဓားပြအလုပ်နဲ့ အသက်မွေးတဲ့သူဆိုတော့ အသက်အန္တရာယ်ပိုများတယ်လေ၊ ဒါကြောင့်. . ဆောင်ထားတာဖြစ်မှာပေါ့"

"မောင်ဘသော်က အခုမှ ခင်မင်တယ်ဆိုပေမယ့် ဆရာဆိုတော့ ခင်မင်လေးစားတဲ့ပုံပေါ်တယ်၊ ဒါကြောင့် သူ့အဘိုးအဘေးတစ်လက်တနိုးသုံးစွဲခဲ့တဲ့ အဆောင်ပစ္စည်းကို လက်ဆောင်ပေးတာဖြစ်မှာပေါ့"

ဟုပြောဆိုနေကြလေသည်။

ထို့နောက်. . ဦးဗန်ကောင်းက မေးလိုက်သည်။

"အခုတော့ ကျုပ်တို့တာဝန်ယူလာတဲ့ ကိစ္စတွေလည်း ပြီးပြီဆိုတော့ မြန်မာပြည်ပြန်ရောက်ရင် ဒီအကြောင်းတွေကို စာရေးဆရာကို ပြောပြရမယ်မဟုတ်လား"

"သူ့ကိုတော့ ပြောရမှာပေါ့"

"ဒီတစ်ခါတော့ စာရေးဆရာအနေနဲ့ ဝတ္ထုရေးတဲ့အခါ တစ်ခုခုတော့ လိုနေမှာပဲ. ."

"ဘာများလဲအဘရဲ့"

"အချစ်ဇာတ်လမ်းလေ၊ ဒီဇာတ်လမ်းမှာ အချစ်အကြောင်းတွေမပါတော့ တချို့စာဖတ်သူတွေက သဘောကျချင်မှ



www.burmeseclassic.com

www.burmeseclassic.com



ကျမှာပေါ့"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်ကသ ဘောကျစွာ ရယ်နေလေသည်။

"တစ်ခါတလေ ဒါမျိုးလည်း ရှိမှာပေါ့။ ကျွန်တော်က တော့ ဖြစ်ကြောင်းကုန်စင် သူ့ကိုပြောပြမှာပဲ ကျန်တာတော့ သူသဘောကျ ဖြည့်စွက်ပြီး ရေးပါလိမ့်မယ်. . "

ဟုပြောလိုက်လေသည်။

ယခုတော့ အရာအားလုံးပြီး ဆုံးသွားခဲ့ချေပြီတည်း။





## (အခန်း - ၁၄ )

# ရှင်ထဲမှ မျောက်ဝံကြီး

ရာသီဥတုက ကောင်းမွန်နေလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်လျှင် 'ဝါရှင်တန်'အမည်ရှိ ပင်လယ်ကမ်းရိုးတန်းသွား ပင်လယ်ကူးသင်္ဘောကြီးမှာ ဟုကလီမြို့ ဆိပ်ကမ်းမှ မြန်မာပြည်သို့ထွက်ခွာပေတော့သည်။

သင်္ဘောထွက်ချိန် တဖြည်းဖြည်း နီးကပ်လာသော ကြောင့် ဆိပ်ကမ်းတစ်ဝိုက်မှာရော ဝေတံတားပေါ်မှာပါ လူများ အတက်အဆင်း ရှုပ်ထွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



...န့်တင်ကုန်ချအလုပ်သမားများ၏ အော်ဟစ်သံများ၊ ခရီးသည်အချင်းချင်း အော်ဟစ်နှုတ်ဆက်သံတို့မှာ ဆိပ်ကမ်း ...စ်ခုတွင် ဆူညံနေတော့သည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက် ...တော့ သင်္ဘောပေါ် ရောက်နေကြလေသည်။

ခရီးသည်များအတွက် အိပ်ခန်းများမှာ နှစ်ယောက်တွဲ ...ခန်းများဖြစ်သဖြင့် စုံထောက်ကျော်စွာနှင့်ဦးဖန်ကောင်းတို့က ...စ်ခန်းယူကြသည်။

ဒေါက်တာမင်းထင်ကျော်က ဘေးအခန်းမှာနေရာရ ...လေသည်။

သူနှင့်အတူနေရမည့် အခန်းဖော်ကတော့ ယခုအချိန် ...ထိမရောက်လာသေးပေ. . ။

ဒေါက်တာမင်းထင်ကျော်ကတော့ စာအုပ်တစ်အုပ် ...ပြီး အနားယူနေသည်။

...ညနေပိုင်းအချိန်ရောက်တော့ ဥသြဆွဲသံများကြားရပြီး ...ရင်တန်းသွား ဝါရှင်တန်သင်္ဘောကြီးက ဟူဂလီမြို့ ...ဆိပ်ခံ...မှ စတင်ထွက်ခွာလေသည်။

မှန်ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ ဗေတံ ...ားပေါ်၌ရပ်တာ ...က်ပြနှုတ်ဆက်ရင်း ကျန်ခဲ့ကြသူများကို ...လှမ်းမြင်နေရသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ တောင်လုံးကျော် ...အမည်ခံ မောင်ဘသော်ကို သတိရနေမိသည်။





မည်သို့ပင်ရှိစေ. .

ယခုကဲ့သို့ခက်ခဲသော ပုစ္ဆာတို့ကို အဖြေထုတ်နိုင်ခြင်းမှာ မောင်ဘသော်၏ အကူအညီရခြင်းကြောင့်ဆိုပါက မမှားပါချေ. . ။ သို့ကြောင့် စိတ်ထဲမှ ကျေးဇူးတင်နေမိသည်။

ထိုအချိန်မှာ တံခါးခေါက်သံကြားရသည်၊

"ဒေါက်. . ဒေါက်. . "

ဒေါက်တာမင်းထင်ကျော်က ထပြီးတံခါးဖွင့်ပေးလိုက်တော့ အိတ်နှစ်လုံးကို လက်မှာဆွဲထားသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

"ဒါ (A 34) အခန်း မဟုတ်လား"

"ဟုတ်ပါတယ်"

"သင်္ဘောထွက်ခါနီးမှ ရောက်လာလို့ ရတဲ့အခန်းပဲ ယူလိုက်ရတယ်"

ဟုပြောပြီး အခန်းထဲဝင်လာသည်။

သူနှင့်အခန်းဖော်မှာ အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ချောမောသူတစ်ယောက်ဖြစ်သည်။

"ကျွန်တော်နာမည် ဒေါက်တာမင်းထင်ကျော်ပါ၊ တကယ်လို့ ဒီအခန်းထဲမှာ ခင်ဗျားအတွက် စိတ်အနှောင့်အယှက် ဖြစ်နေရင် ကျွန်တော်မိတ်ဆွေတွေနဲ့ သွားနေပေးပါမယ်. . "

"ရပါတယ် အခန်းထဲမှ အဖော်ရှိတော့ စကားပြောဖော်တောင် ရပါသေးတယ်"

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က အိပ်ရာပေါ် ပြန်လှဲပြီး ဘာအုပ်နှင့် မျက်နှာကွယ်ကာ စာဖတ်နေလေသည်။

အမျိုးသမီးကတော့ ပါလာသော အိတ်တစ်လုံးကို ခုတင်အောက်ထည့်ပြီး တစ်လုံးကို အပေါ်မှာတင်ထားသည်။

သင်္ဘောကြီးက စက်သံမှန်မှန်ဖြင့် ခုတ်မောင်းနေရာ ဟာဂလီမြို့ကိုပင် ကျော်လာလေပြီ. . ။

"မြန်မာပြည်ရောက်ဖို့ လမ်းမှာဘယ်နှည အိပ်ရမလဲ ဟင်"

"နှစ်ညအိပ်ပြီး ရောက်ပါတယ် မြန်မာပြည်သွားမှာ လား"

"ဟုတ်တယ် တစ်ခေါက်မှ မရောက်ဖူးလို့ မေးတာပါ"

"ကျွန်တော်က မြန်မာပြည်မှာနေပါတယ် အကူအညီ လိုရင်ပြောပါ"

"ကျေးဇူးတင်ပါတယ်ရှင် ကျွန်မနာမည်က ကေသရီလို့ ခေါ်ပါတယ်"

"ဘေ့ရတာ ဝမ်းသာပါတယ် ဒါထက်မြန်မာပြည်ကို အလည်သွားမှာလား"

"မဟုတ်ပါဘူး အလုပ်ကိစ္စနဲ့ သွားမှာပါ၊ ကျွန်မက သုတေသနသမားပါ မှက်လှည့်ပညာတွေနဲ့ ပတ်သတ်ပြီး သုတေသနပြုချင်လို့ သွားမှာပါ"

"ဟာဂလီမှာလည်း မှက်လှည့်ဝိုင်းတွေ အတော်များသား ပဲ"





"များတော့ များပါတယ်၊ ဒါပေမယ့် တစ်နေရာနဲ့ တစ်နေရာ အသုံးပြုတဲ့ နည်းတွေက မတူကြဘူး ကျွန်မက အနောက် နိုင်ငံအတော်များများကို သွားခဲ့ပြီး အဲဒီက မှက်လှည့်ပညာရှင် တွေကိုပါ လေ့လာခဲ့ဘူးပါတယ်"

"ကောင်းပါတယ် ဒီပညာက အတတ်ပညာတစ်ခု အနေနဲ့ စိတ်ဝင်စားဖို့ကောင်းပါတယ်၊ ခင်ဗျားက မှက်လှည့်ပညာ ကို သုတေသနလုပ်နေတာဆိုတော့ ဒီပညာတွေကိုလည်း တတ် မှာပေါ့နော်"

"တတ်သင့်သလောက်တတ်ပါတယ်"

"ခင်ဗျားနဲ့ အခန်းဖော်ဖြစ်ရတာ ဟန်ကျသွားပြီ၊ မဟုတ် ရင် ခရီးရှည်သွားရမှာဆိုတော့ အတော်ပျင်းစရာကောင်းမှာ"

ဟုပြောတော့ ကေသရီပြုံးနေသည်။

"ရှင်စိတ်ဝင်စားရင်တော့ တစ်ခုလောက်လက်တွေ့ ပြ ပါမယ်"

"ကောင်းတာပေါ့ ဘယ်လိုပြမှာလဲ"

"(၅)မိနစ်လောက် မျက်စိမှိတ်ထားပေးပါ"

"ကောင်းပါပြီ"

ဒေါက်တာမင်းထင်ကျော်က မျက်စိမှိတ်ထားလိုက် သည်။ အတော်ကြာတော့မှ ရှေ့မှအသံကြားရသည်။

"မျက်စိပြန်ဖွင့်ကြည့်လို့ ရပါပြီ. . . "

ထို့ကြောင့် မျက်စိဖွင့်ကြည့်လိုက်သည်။

သူ့ရှေ့ခုတင်ပေါ်မှာ ထိုင်နေသူက ကေသရီဆိုသော



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး မဟုတ်တော့ပေ။

တောင်လုံးကျော် အမည်ခံ မောင်ဘသော်ပင် ဖြစ်နေလေရာ များစွာအံ့သြသွားလေသည်။

“ဟင်. . မောင်ဘသော်. . .”

မောင်ဘသော်က ပြုံးပြသည်။

“တယ်လည်း ရုပ်ပြောင်း ရုပ်လွှဲကောင်းလှပါလား၊ စောစောက အမျိုးသမီးကို တကယ့်အမျိုးသမီးလို့ ထင်နေမိတာ”

ထိုစကားကြောင့် တောင်လုံးကျော်က ပြုံးနေသည်။

“ဒီတစ်ခါတော့ ခင်ဗျားက ကျွန်တော်ထက် သာသွားပြီ၊ ကျွန်တော်တောင် လုံးဝမမှတ်မိလောက်အောင် ရုပ်ပြောင်းရုပ်လွှဲ အတော်ကောင်းပါလား၊ ဒါထက် ဘယ်သွားမလို့လဲ”

“မြန်မာပြည်သွားမလို့လေ၊ ဒီမှာက ကျွန်တော်တစ်ယောက်တည်းပဲ ကျန်တော့တာဆိုတော့ မနေချင်တော့ဘူး၊ ဒါကြောင့် ခင်ဗျားတို့နဲ့ လိုက်ခဲ့မလို့ သင်္ဘောအမီဆင်းလာတာ”

“ကောင်းတာပေါ့ မောင်ဘသော်ရယ် ဟိုရောက်ရင်တော့ ကျွန်တော်ဆီမှာပဲ လွတ်လွတ်လပ်လပ်နေလို့ရပါတယ်”

“ဟင်. . ခင်ဗျားမှာအိမ်သားတွေ မရှိကြဘူးလား”

“ကျွန်တော်က တပည့်တွေနဲ့ပဲ နေတာပါ”

“ကောင်းတာပေါ့ဗျာ၊ မြန်မာပြည်မှာက တစ်ယောက်မှ အသိအကျွမ်းရှိတာ မဟုတ်တော့ ခင်ဗျားတို့ကိုပဲ အားကိုးရမှာပဲ”

“ရပါတယ် မောင်ဘသော်ရယ်၊ ဟူဂလီမြို့ရောက်တုန်း





က မောင်ဘသော် အကူအညီပေးခဲ့တာတွေ အများကြီး ရှိခဲ့တာပဲ၊ မြန်မာပြည်ရောက်ရင်တော့ ကျွန်တော်က တစ်လှည့်ပြန်ပြီး အကူအညီပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ ခင်ဗျားတို့ မျက်လှည့်ပြပြီးပြီဆိုတော့ ဒါတွေမလိုတော့ပါဘူး”

ဟုပြောပြီး သူ့ကိုယ်ပေါ်မှာ ဆံပင်တု မျက်နှာဖုံးအတု အဝတ်အစား အသုံးအဆောင်များကို ဖယ်လိုက်သောအခါ ကေသရီဆိုသော မိန်းကလေးဘဝ ပြန်ရောက်သွားတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ မယုံနိုင်စရာ မြင်ကွင်းကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

“ဟင်. . မင်း. . မင်း. . မောင်ဘသော်လား၊ ကေသရီလား. .”

“ကျွန်မက ကေသရီပါပဲ၊ မိန်းကလေးတစ်ယောက်တည်းနေရင် အန္တရာယ်များလို့ မောင်ဘသော်အသွင်ပြောင်းပြီးနေခဲ့ တာပါ. . . .”

“ဖြစ်ရလေ မောင်ဘသော်. . အဲ. . ကေသရီရယ်၊ ကျွန်တော်လည်း နေရာအနှံ့ သွားနေတာပါပဲ၊ အတွေ့အကြုံတွေလည်း ရှိသင့်သလောက်ရှိပါတယ်၊ ဒီလောက်ပိရိတာတော့ ဒီတစ်ခါပဲ တွေ့ရပါသေးတယ်”

မောင်ဘသော် တဖြစ်လဲ ကေသရီက သဘောကျစွာ ပြုံးနေသည်။

“ခင်ဗျားက ကျွန်မနဲ့တွေ့စတုန်းက မျက်လှည့်ဆရာတို့



www.burmeseclassic.com

www.burmeseclassic.com



အတော်ဟားဟား ကျွမ်းကျင်တယ်လို့ ပြောခဲ့တယ် မဟုတ်လား ဒါကြောင့် ဘယ်လောက် လူကဲခတ်ကောင်းသလဲဆိုပြီး စမ်းကြည့်လိုက်တာပါ"

"တော်ပါပေတယ်၊ ဒီတစ်ခါမှပဲ အခံတြိုးခံရပေတော့တယ်၊ ဒါထက် မြန်မာပြည်သွားမှာကရော ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ သွားမှာလဲ စောစောက ပြောသလို မျက်လှည့်ပြဖို့ သွားမှာလား"

"မပြပါဘူး. . ဒီမှာက ကျွန်မအတွက် အားကိုးမရှိဘူး၊ တခြားသူတွေက အခြေအနေမှန်ကိုသိသွားလို့ အနှောင့်အယှက်တွေပေးလာရင် ဘာမှမတတ်နိုင်ဘူး၊ ဒါကြောင့် အားကိုးရမယ်သူရှိတဲ့ဆီမှာ သွားနေမလို့ပါ. . ."

ဟုပြောရင်း ရှက်ပြုံးကလေးဖြင့် ပြုံးနေသည်။

ထိုစကားကြားတော့မှ ဒေါက်တာမင်းထင်ကျော်လည်း သဘောပေါက်သွားပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့သည်၊

"ဒီစကားကြားရတာ ဝမ်းသာမိပါတယ်၊ ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ တစ်သက်လုံး အန္တရာယ်မရှိအောင် စောင့်ရှောက်ပေးသွားမှာပါ"

ဟုပြောရင်း ကေသရီထိုင်နေသောဘက်သို့ ပြောင်းထိုင်ရန် ဟန်ပြင်လိုက်စဉ် တံခါးခေါက်သံကြားသဖြင့် ဖွင့်ပေးလိုက်ရသည်။

တံခါးပေါက်ဝမှာတော့ ဦးဇန်ကောင်းနှင့် စုံထောက်





ကျော်စွာတို့ ရောက်လာပြီး ကေသရီကိုမြင်တော့ အံ့သြနေကြသည်။

"တစ်ယောက်တည်း နေတဲ့အခန်းက ရှင်းရှင်းနှီးနှီး စကားပြောသံတွေကြားမိလို့ လာကြည့်တာ၊ အခန်းဖော်တစ်ယောက်ရောက်နေပါလား. . သူက ဘယ်သူလဲ ဘယ်တာလဲ. . ."

ဟုမေးသဖြင့် ဒေါက်တာမင်းထင်ကျော်က အဖြစ်မှန်ကို ပြောလိုက်ရာ နှစ်ယောက်စလုံး ထပ်မံအံ့သြကြရပြန်သည်။

"ကျုပ်တို့က ဒီပုံနဲ့ ဇာတ်သိမ်းရတော့မယ်လို့ ထင်နေတာ. . အခုတော့ မဟုတ်တော့ဘူး၊ စာရေးဆရာနဲ့တွေ့ရင်. . ဇာတ်သိမ်းပိုင်း ပြောင်းရေးခိုင်းရတော့မယ်"

"ဘယ်လိုရေးခိုင်းမှာလဲ အဘရဲ့"

"အော်. . ခါတိုင်းဝတ္ထုတွေလိုပဲ ပျော်ရွှင်စွာဖြင့် နိဂုံးချုပ် အဆုံးသတ်ခိုင်းရမှာပေါ့"

ဟုပြောလိုက်ရာ ဒေါက်တာမင်းထင်ကျော်က ရယ်နေသည်။

"ကျွန်တော်တို့ အပေါ်ဘက်မှာရှိတဲ့ စားသောက်ဆိုင် သွားမလို့ ဆရာကိုလာခေါ်တာ လိုက်ဦးမလား"

"ပြီးမှပဲ လိုက်ခဲ့တော့မယ် မောင်ကျော်စွာရေ့ ဒီမှာ အရေးကြီးတာတွေ တိုင်ပင်လိုက်ဦးမယ်"

"ကောင်းပါပြီ ကောင်းပါပြီ"

ဟုပြောဆိုကာ နှစ်ယောက်သားရယ်ရယ်မောမောဖြင့် ထွက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တံခါးပြန်ပိတ်လိုက်ပြီး ကေသရီဘေးသို့ ဝင်ထိုင်လိုက်သည်။

"ကိုယ့်အတွက်တော့ မမျှော်လင့်ပဲ ဆုလာဘ်တစ်ခု ရလိုက်သလို သိပ်ပြီးပျော်တာပဲ"

"ကျွန်မလည်း ဆရာတို့နဲ့ ဆုံတွေ့ရတာပျော်ပါတယ်၊ တစ်သက်လုံး တစ်ယောက်တည်းရပ်တည်ခဲ့ရတာ အခုမှပဲ အားကိုး တွေ့ရတယ်လို့ ထင်မိပါတယ်"

"ဒါထက် ကိုယ်ကတော့ အခုမှ ပျော်ရတာဆိုတော့ ကေသရီက ကိုယ့်အပေါ် ဘယ်အချိန်ကတည်းက စိတ်ဝင်စားခဲ့တာလဲဟင်"

"စတွေ့ကတည်းက အားကိုးထိုက်တဲ့ လူတစ်ယောက်ဆိုတာ ခန့်မှန်းမိခဲ့ပါတယ်၊ ဒါကြောင့် တစ်သက်လုံး ဘယ်သူ့ကိုမှ မခေါ်ခဲ့တဲ့အိမ်ကို ခေါ်ပြီးအကဲခတ်တာပေါ့"

"တတ်နိုင်ပါပေ ကေသရီရယ်. . ."

"ကျွန်မအဘိုး မသေခင်က ရတနာတွေ မြှုပ်ထားခဲ့တဲ့အကြောင်းကို ကျွန်မသိတယ်၊ ဒေါ်မာရီယာဆီမှာ မြေပုံစာရွက်ရှိတယ်ဆိုတာလည်း သိတယ်၊ ဒါပေမယ့် ကျွန်မတစ်ယောက်တည်း ဘယ်လိုမှ မတတ်နိုင်ဘူး"

"မှန်ပါတယ်"

"အဲဒီမှာ ဆရာနဲ့ တွေ့ရတော့ ဝမ်းသာသွားတယ်၊ နောက်တော့ ဆရာတို့ ပိုးရွှေတောင်ကိစ္စနဲ့ ရတနာရှာဖွေဖို့ ရောက်လာကြတာသိရတော့ ပိုပြီးအဆင်ပြေသွားတယ်၊ ဒါကြောင့် တတ်နိုင်သမျှ အကူအညီပေးခဲ့တာပါ. ."





"ကျေးဇူးတင်ပါတယ် ကေသရီရယ်၊ ဒီလောက်ခက်ခဲရှုပ်ထွေးတဲ့ ကိစ္စမှာ မင်းသာအကူအညီမပေးရင် အောင်မြင်ဖို့ အတော်ခက်မှာပါ၊ ကျွန်းပေါ်မှာ အသက်ဘေးက လွတ်အောင် ဝင်ပြီးအကူအညီပေးတာလည်း ကျေးဇူးတင်ရမှာပါပဲ၊ ဒါထက် အဲဒီနေရာကို ဘယ်လိုရောက်လာတာလဲဟင်"

"ကျွန်မက နောက်ယောင်ခံပြီး လိုက်နေတာဆိုတော့ အချိန်မီ ကယ်တင်ပေးနိုင်ခဲ့တာပါ၊ ဟိုတစ်ညကလည်း လူသတ်မှုဖြစ်တဲ့ အိမ်ပေါ်မှာ ဆရာတို့တက်လာတော့မှ ကျွန်မပြန်ဆင်းသွားခဲ့တာလေ. ."

"ကိုယ်တို့က သံပချိုင်လို့ပဲ ထင်နေတာ၊ အခုမှ အဖြေသိရတော့တယ်၊ တတ်လည်းတတ်နိုင်ပါပေ ကေသရီရယ်၊ ဘာပဲဖြစ်ဖြစ်ပါလေ ကိုယ့်အတွက်ကတော့ ပိုးရွှေတောင်ကိုပဲ ကျေးဇူးတင်ရမှာပါပဲ"

"ဘာဖြစ်လို့လဲဟင်"

"အခုလို မင်းနဲ့ဆုံးစည်းခွင့် ရလို့လေ. . ."

"ကျွန်မအပေါ်မှာရော တကယ်ချစ်နိုင်မှာမို့လား"

"ချစ်ပါတယ် မင်းဟာ ကိုယ့်ရင်ထဲကို မမျှော်လင့်ပဲ တိုးဝင်ရောက်ရှိခဲ့တဲ့ မှော်ဝင်ကြိုးတစ်ချောင်းပါပဲ၊ တစ်နည်းပြောရရင်တော့ ဘယ်လိုမှ ရုန်းဖယ်လို့မရနိုင်တဲ့ အချစ်တွေနဲ့ မှော်ဝင်ကြိုးတစ်ချောင်းပါပဲ"

ဟုပြောပြီး ကေသရီကိုယ်လေးကို ဆွဲဖက်လိုက်ရာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း အလိုက်သင့် တိုးဝင်လာတော့သည်။

ယခုအချိန်မှာတော့ သူတို့နှစ်ယောက်အတွက် အချစ်နှင့် ပတ်သတ်သော စကားများမှလွဲပြီး အခြားပြောဆိုစရာ အကြောင်းအရာ မရှိတော့ပါချေ. . .။

ဝါရှင်တန်သင်္ဘောကြီးကတော့ ပင်လယ်ရေပြင်ကို ဖြတ်သန်းကာ စက်သံမှန်မှန်ဖြင့် မြန်မာနိုင်ငံဘက်သို့ ဦးတည် ခုတ်မောင်းလျက် ရှိနေလေသည်။

အချိန်ကလည်း ညဉ့်ဦးပိုင်းကျော်လာပြီးမို့ အအေးဓာတ်များ တိုးဝင်စပြုလာချေပြီ. . .။


သူတို့နှစ်ဦးအတွက်တော့ နွေးထွေးသော အချစ်အကြောင်းများဖြင့်သာ ပြည့်စုံနေပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ပိုးရွှေတောင် ဘောင်လုံးကျော်၊ မော်ဝင်ကြိုး) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သည်။ ။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု




အောင်မြင်စာပေ




BURMESE CLASSIC .com
www.burmeseclassic.com